# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၂)ရက် ၊ စနေနေ့ ၊ (25-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၇၀)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စွမ်းအင်ဝန်ကြီးဌာနက ပြည်တွင်းထုတ်ဓာတ်ဆီ(RON 68)ကို အသုံးပြုရန်သင့်လျော်သည့် မော်တော်ယာဉ်များသို့ ရောင်းချပေးသွားမည်

**၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်၊ နေပြည်တော်**

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းထုတ်ဓာတ်ဆီဖြန့်ဖြူးရောင်းချနေမှု၊ သုံးစွဲမှုနှင့်ပတ်သက်ပြီး ပြည်သူများလေ့လာသိရှိနိုင်ရေးအတွက် **“ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့”** ဆောင်းပါးအပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင်လည်းကောင်း၊အပိုင်း(၂)ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တို့တွင်လည်းကောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူများထံသို့ အသိပေးဖော်ပြထားပြီးဖြစ်ပါသည်။ ပြည်တွင်းထုတ်ဓာတ်ဆီကို ပထမအဆင့်အနေဖြင့် နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်များဖြစ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တစ်ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်ဆိုင် စုစုပေါင်းသုံးဆိုင်တို့ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်မှစတင်၍ တစ်လီတာလျှင် ငွေကျပ် ၂၂၀၀ နှုန်းဖြင့် မော်တော်ဆိုင်ကယ်နှင့်သုံးဘီးယာဉ်များကို သာဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁**

## စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ရှိမ္မကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၃၂၇ ဧက တည်ထောင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ၃၂၇ ဧကကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အတွက် “ရှိမ္မကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော”အဖြစ်

**စာမျက်နှာ ၁၆ ကော်လံ ၁**

**တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ- ၂၀

**၅၃ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ပဉ္စမနေ့နှင့် ဆုပေးပွဲကျင်းပ**

စာမျက်နှာ- ၁၈

သွားဆရာဝန်များ၏ ထောက်ခံချက်ရရှိထားပြီး သွားနာ၊ သွားကိုက်ခြင်းမှ ကင်းဝေးစေပါသည်၊



ထာဝရလှပသောအပြုံးအတွက် DENTOMEC

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၅၀၉၆၉၄၃၊ ၀၉ ၇၉၀၉၀၃၄၃၁

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

FDA အမှတ်-2212 PCE 0013

DENTIST RECOMMENDED

ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# မီးဘေးအန္တရာယ်သတိပြု ကြိုတင်ကာကွယ်

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာမှုနှင့်အတူ နိုင်ငံတစ်ဝန်း၌ မီးဘေးအန္တရာယ်များ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ မီးဘေးအန္တရာယ်သည် မြန်မာနိုင်ငံတွင် နှစ်စဉ်ဖြစ်ပွားလေ့ရှိသော သဘာဝဘေး အန္တရာယ်များအနက် အကြိမ်အရေအတွက် အများဆုံး၊ ဆုံးရှုံးမှုပမာဏ အမြင့်မားဆုံးဖြစ်ပါသည်။ မီးလောင်မှုများကြောင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးစေသည့်အပြင် လူအများ၏အဖိုးတန် ပိုင်ဆိုင်မှုများ၊ အိုးအိမ်တိုက်တာများကို ဆိုးရွားစွာပျက်စီးဆုံးရှုံးစေပါသည်။ မြန်မာနိုင်ငံတွင် မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းများစွာအနက် အများစုသည် လျှပ်စစ်မီး၊ ပေါ့ဆမီး၊ မီးဖိုမီး၊ စက်ရုံအလုပ်ရုံများမီးလောင်မှု၊ ယာဉ်များမီးလောင်မှုတို့ကြောင့်ဖြစ်သည်။

နိုင်ငံအတွင်း၌ မီးလောင်မှုများနှစ်စဉ်ဖြစ်ပွားလျက်ရှိရာ မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း မီးလောင်မှုပေါင်း ၁၈၃၃၆ ကြိမ်ဖြစ်ပွားခဲ့သည်။ နိုင်ငံတစ်ဝန်းလုံး နှစ်စဉ်မီးလောင်မှုအကြိမ်ရေ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် အကြိမ်ရေ ၁၈၀၀ ခန့် ဖြစ်ပွားပြီး ဆုံးရှုံးမှုအနေဖြင့် နှစ်စဉ်ကျပ် ၁၅ ဘီလီယံခန့်ဆုံးရှုံးလျက်ရှိနေသည်။ ၂၀၂၄ ခုနှစ် နှစ်စမှ စက်တင်ဘာလထိ ကိုးလအတွင်း မီးလောင်မှု ၉၅၃ ကြိမ်ဖြစ်ပွားခဲ့သည်။ လတ်တလောကာလအတွင်း ကမ္ဘာကြီးတွင် ထင်ရှားသောမီးလောင်မှုအဖြစ် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်ကောင်တီ၌ တောမီးလောင်ကျွမ်းမှုမှ လူနေအိမ်များပါ ကူးစက်ပျံ့နှံ့မီးလောင်မှုသည် ဇန်နဝါရီ ၇ ရက်မှစ၍ ရက်သတ္တပတ် နှစ်ပတ်အတွင်း အမေရိကန်ဒေါ်လာဘီလီယံ ၃၀၀ခန့်အထိ ပျက်စီးဆုံးရှုံးမှုများ ဆိုးဆိုးရွားရွားဖြစ်ပေါ်နေသည်မှာ မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြရန် မီးမောင်းထိုးပြသနေခြင်းပင်ဖြစ်ပေသည်။

နိုင်ငံတွင်း၌ ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များအနက် မီးဘေးအန္တရာယ်ဖြစ်ပွားမှုသည် ၇၀ ရာခိုင်နှုန်းရှိပြီး မီးလောင်မှုများအနက် ပေါ့ဆမှုကြောင့် လောင်ကျွမ်းသည့်မီးသည် အများဆုံးဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်သူများမီးဘေးအန္တရာယ်ကို ဂရုပြုမိလာရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လာစေရန် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတွင် အဓိကကျသည့်အချက်မှာ မီးသုံးစွဲတိုင်း မီးဘေးအန္တရာယ်ကို အမြဲသတိထားသုံးစွဲခြင်းပင်ဖြစ်သည်။ ထို့ပြင် အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ထင်းမီးဖို၊ မီးသွေးမီးဖိုများကို အကာအရံဖြင့် အသုံးပြုခြင်း၊ မီးဖိုဘေးတွင် မီးအလွယ်တကူလောင်ကျွမ်းစေသောပစ္စည်းများမထားခြင်း၊ ဂတ်စ်မီးဖိုများ လုံခြုံမှုရှိ၊ မရှိ ပုံမှန်စစ်ဆေးခြင်း၊ လျှပ်စစ်ဝိုင်ယာကြိုးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်ခြင်း၊ အိမ်စောင့်မရှိလျှင် လျှပ်စစ်မိန်းခလုတ်ချပြီးမှ ပြင်ပသို့ထွက်ခွာခြင်း၊ မီးဖိုအသုံးပြုလျှင် လူစောင့်အမြဲထားခြင်း၊ မီးကြွင်းမီးကျန်များကို ရေဖြင့်သေချာအောင် ငြိမ်းသတ်ခြင်းတို့သည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာပြုမူသင့်သော အချက်များပင်ဖြစ်ပါသည်။

မီးသည် သုံးတတ်လျှင် မိတ်ဆွေဖြစ်သော်လည်း မသုံးတတ်ပါက ရန်သူဖြစ်သည်။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူဟူသော ရန်သူမျိုးငါးပါးတွင် မီးဘေးအန္တရာယ်သည် လူတို့အတွက် ရန်သူအဖြစ်ထည့်သွင်းသတ်မှတ်ထားသည်မှာလည်း သတိပြုဖွယ်ဖြစ်ပါသည်။ နှစ်စဉ်လူ့အသက်များသာမက အဖိုးတန်ပစ္စည်းများစွာ ဆုံးရှုံးကာ မဟာဒုက္ခရောက်ရသည်ထိဖြစ်စေသော မီးဘေးအန္တရာယ်သည် ပေါ့ဆသူ၊ သတိမမူဘဲ သုံးစွဲသူမှန်သမျှကို ဘေးဒုက္ခဆင်းရဲအပေါင်းနှင့်ကြုံတွေ့ရနိုင်ပါသည်။ လူခိုးလျှင် အစုတ်ကျန် မီးခိုးလျှင်အပြာတ်နှံဆိုသည့်အတိုင်း အသက်၊ အိုးအိမ် စည်းစိမ်အလုံးစုံပျက်စီးဆုံးရှုံးမှုမှ လွတ်မြောက်စေရန်အတွက် နေ့စဉ်လူမှုဘဝတွင် မီးဘေးအန္တရာယ်ကို ကြိုတင်သတိပြု၊ သတိရှိရှိ အလေးထားဆင်ခြင်သုံးစွဲကြရမည်ဖြစ်ပါသည်။ မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းသည် မိမိ မိသားစု၊ မိမိရပ်ရွာ၊ မိမိနိုင်ငံတော်အတွက် အကောင်းဆုံးဆောင်ရွက်ချက်တစ်ခုပင်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**



# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၃၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၃၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၃၇၇၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၃၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မြေပဲဧက ၁၃၇၇၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၃၃၈၁ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှုနှင့်ဈေးကွက် လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် မြေပဲများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းနေ

**ကျုံပျော် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဒေသထွက် ဖူးစားပြောင်းများ အရောင်းအဝယ် ကောင်းနေကြောင်း ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဒေသထွက် ဖူးစားပြောင်းများ ဇန်နဝါရီလ ဒုတိယပတ်မှစတင်၍ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါဖူးစားပြောင်း တစ်ရက်လျှင် အဖူးရေ ၅၅၀၀ မှ ၁၁၀၀၀ ထိ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"အရင်ထက် တော်တော်လေး အရောင်းအဝယ် ကောင်းလာတာပါ။ လက်ရှိအချိန် ကျုံပျော်ဒေသမှာ ဖူးစားပြောင်းတွေ စတင်ပေါ်နေချိန်ဖြစ်ပါတယ်။ အခုလို ဖူးစားပြောင်းတွေ အရောင်းအဝယ်ကောင်းလာတော့ စိုက်ပျိုးထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာတာတွေ့ရတယ်။ ဒေသထွက်ဖူးစားပြောင်းတွေကို လက်ရှိ ဒေသဝယ်လက်တွေဆီ ရောင်းချနေရတဲ့အပြင် ရန်ကုန်ဘက်ကိုလဲ တင်ပို့ရောင်းချနေပါတယ်"ဟု ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဒေသထွက်ဖူးစားပြောင်းများကို ပွဲရုံပိုင်ရှင်များက စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသတွင် ဖူးစားပြောင်းအဖူးရေ ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀ မှ ငွေကျပ် ၆၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ် မင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၆ ဦးကို ငွေကျပ် ၄၆ သိန်း ၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး သီလရှင်ဆောင်ကြီးကြပ်ရေး အမျိုးသမီးဆပ်ကော်မတီ အလှူရှင်အဖွဲ့မှ လစဉ် ဆွမ်းအလှူငွေကျပ် ၇၀၀၀၀၀၊ ကျောက်ကပ်ဆေးနေသော သံဃာတော်နှင့် သီလရှင်များအတွက် ငွေကျပ် ၃၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၅၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်းနှင့်တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မုံရွာမြို့နယ်တွင် ပဲစင်းငုံ ၅၀၁၂ ဧက ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၅ ဒသမ ၂၈ တင်း ထွက်ရှိ



**မုံရွာ ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ပဲစင်းငုံ ၅၀၁၂ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၂၃၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၀၁၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲစင်းငုံ ၁၂၃၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၅၀၁၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီးတော့ မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့တောင်သူတွေကိုအသိပညာပေးလုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း ထုတ်လုပ်မှုနှင့် ဈေးကွက် လိုအပ်ချက်ဖြစ်သော ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေးဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မြဝတီမြို့နယ် နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်သူရက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နဒီရန်လင်းမြိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၇ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၃၂ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၁ ဒသမ ၄ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၁ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# ဝါးခယ်မမြို့နယ်တွင် စားဖိုဆောင်သီးနှံ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

**မြောင်းမြ ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။


ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ လျာထား ၃၀၂၁ ဧကကို ၂၀၂၄ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံလျာထား ၃၀၂၁ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ပူးပေါင်းအဖွဲ့များက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ၃၀၂၁ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့က စားဖိုဆောင်သီးနှံကိုတော့ ဒေသနဲ့ ကိုက်ညီတဲ့ သီးနှံအမျိုးအစားတွေကို အဓိက စိုက်ပျိုးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အဆိုပါစိုက်ပျိုးထားသော စားဖိုဆောင် သီးနှံများတွင် ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံပင် စသည့် သီးနှံများကို အများဆုံး စိုက်ပျိုးထားကြောင်း သိရသည်။

စားဖိုဆောင်သီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရွှေဖရုံသီး၏ ကျန်းမာရေးအကျိုးကျေးဇူးများ အပိုင်း(၂)

ဒေါက်တာလပြည့်ခင်

**အမျှင်ဓာတ်များပြီး အစာစားချင်စိတ်ကို ထိန်းပေးသော ရွှေဖရုံသီး**

ရွှေဖရုံသီးသည် ကစီဓာတ်ကြွယ်ဝသော ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်အတွက် လိုအပ်သောစွမ်းအင်ကို ပေးစွမ်းသည်။ ရွှေဖရုံသီးတွင် အမျှင်ဓာတ်ကြွယ်ဝသောကြောင့် အချိန်ကြာကြာဗိုက်ပြည့်စေပြီး အစာစားချင်စိတ်ကို လျော့နည်းစေသည့်အပြင် ဝမ်းမှန်စေပြီး ကိုယ်ခန္ဓာအလေးချိန် ကျဆင်းမှုကို အထောက်အကူပြုသည်။ ရွှေဖရုံသီးတွင် ဖိုက်ဘာမျှင်များစွာပါဝင်သည့်အတွက် အစာခံခြင်းကြောင့် မကြာခဏစားသောက်နေမိခြင်းမှ ကင်းဝေးစေသည့်အပြင် အစာလမ်းကြောင်းမှ အဆိပ်အတောက်များကိုလည်း ဖယ်ရှားပေးသောကြောင့် ဟင်းအဖြစ်သာမက အချိုတည်းစရာအဖြစ်ပါ အသုံးပြုနိုင်သည်။ ဖရုံသီးတစ်အောင်စလျှင် အမျှင်ဓာတ် ၁ ဒသမ ၇ ဂရမ်ပါဝင်ပြီး ကယ်လိုရီနည်းသောကြောင့် အစာစားချင်စိတ်ကို ထိန်းပေးနိုင်သည်ဟု အစာအာဟာရဆိုင်ရာသုတေသီများက ဆိုကြသည်။

**ကျန်းမာရေးအတွက် အသုံးပြုခြင်း**

ရွှေဖရုံသီး၏ အစေ့နှင့် အဆီတို့ကို ဆေးဝါးပြုလုပ်ရန် အသုံးပြုကြသည်။ ရွှေဖရုံသီးကို ဆီးလမ်းကြောင်းယားယံခြင်း၊ ကျောက်ကပ်ပိုးဝင်ခြင်း၊ အူလမ်းကြောင်းပိုးမွှားများနှင့် ဆီးကျိတ်ရောဂါအပျော့စားကြောင့် ဆီးသွားခြင်းကို ကုသရာတွင် အသုံးပြုသည်။

**သွေးတိုးနှင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးသော ရွှေဖရုံသီး**

ရွှေဖရုံသီးသည် အစာခြေလမ်းကြောင်းကျန်းမာရေးကို ပံ့ပိုးပေးနိုင်ပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးကာ နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ အမျှင်ဓာတ်သည် ခန္ဓာကိုယ်တွင်းမှ ကိုလက်စထရောများကို ဖယ်ရှားပေးကာ သွေးတွင်းသကြားဓာတ်များကျုံ့မသွားစေရန်နှင့် ဝမ်းသွားသည့်အလေ့အထများကိုထိန်းညှိပေးရာတွင် အကျိုးပြုသည်။ ရွှေဖရုံသီးတွင်ပါဝင်သည့် အင်တီအောက်ဆီးဒင့်များက ခန္ဓာကိုယ်အတွက် အကျိုးမပြုသည့် ကိုလက်စထရောကို ဓာတ်တိုးခြင်းမှတားဆီးပေးနိုင်သည်။ ထို့ကြောင့် ရွှေဖရုံသီးအသားကို စားသုံးခြင်းသည် ကိုလက်စထရောအဆင့်ကိုကန့်သတ်ရန် ကူညီပေးနိုင်သည်။

**အသည်းလုပ်ဆောင်ချက်ကို မှန်ကန်စေခြင်း**

ရွှေဖရုံသီးတွင် အင်တီအောက်ဆီးဒင့်ကြွယ်ဝစွာပါဝင်သောကြောင့် အသည်းလုပ်ဆောင်ချက်ကို ပံ့ပိုးပေးနိုင်သည်။ အဆိုပါ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် အသည်းမှအဆီများ၊ ပရိုတင်းများနှင့် ကာဘိုဟိုက်ဒရိတ်များကို ချေဖျက်ရန်ကူညီပေးပြီး သွေးလမ်းကြောင်းမှ အန္တရာယ်ရှိသောအရာများကို စစ်ထုတ်ပေးသည်။ ရွှေဖရုံသီးတွင် အမျှင်ဓာတ်ကြွယ်ဝပြီး အစာခြေစနစ်ကိုကောင်းမွန်စေကာ အူလမ်းကြောင်းလှုပ်ရှားမှုကို ကောင်းမွန်အောင် ကူညီပေးနိုင်သည့် Prebiotics ပါဝင်သောကြောင့် အချို့လူများတွင်ဖြစ်ပွားတတ်သော ဝမ်းချုပ်ခြင်းနှင့် ဝမ်းလျှောခြင်းကို သက်သာစေနိုင်သည်။

**ကိုယ်အလေးချိန်ကျစေခြင်း**

ရွှေဖရုံသီးသည် ရေဓာတ်များစွာဖြင့် ဖွဲ့စည်းထားသောကြောင့် ကိုယ်အလေးချိန်လျှော့ချရန် အကျိုးကျေးဇူးရှိပြီး ကယ်လိုရီပါဝင်မှုနည်းပါးကာ အာဟာရဓာတ်များစွာ ပါဝင်နေသည်။ ရွှေဖရုံသီးဟင်းချို၊ ရွှေဖရုံသီး Oatmeal၊ ရွှေဖရုံသီးကင် သို့မဟုတ် ရွှေဖရုံသီးကို စွမ်းအင်ကိုက်အောင်ပြုလုပ်ခြင်း၊ နေ့စဉ်စားသုံးသောအစားအစာတွင် ရွှေဖရုံသီးကို ထည့်သွင်းစားသုံးခြင်းဖြင့် ကိုယ်အလေးချိန်ကို လျော့ကျစေနိုင်သည်။ ရွှေဖရုံသီးကို ဖျော်ရည်များထဲသို့ပေါင်းထည့်ပြီးပြုတ်၍ ကြိတ်ချေကာ ပီဇာနှင့် ကိတ်မုန့်များအဖြစ်ပြုလုပ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော သရေစာအဖြစ် စားသုံးနိုင်သည်။ ထို့ပြင် ရွှေဖရုံသီးစားသုံးခြင်းက အစာစားချင်စိတ်ကို ထိန်းပေးနိုင်သောကြောင့် ကိုယ်အလေးချိန်လျော့ကျစေနိုင်သော အကျိုးကျေးဇူးများစွာရရှိနိုင်သည်။

**ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေခြင်း**

ရွှေဖရုံသီးတွင် ဗီတာမင်စီ၊ ဗီတာမင်အီး၊ ဘီတာကာရိုတင်း၊ ဖောလိတ်နှင့် သံဓာတ်တို့ ပါဝင်ခြင်းကြောင့် မိမိတို့ နေ့စဉ်စားသုံးနေသည့် အစားအစာများတွင် ရွှေဖရုံသီးကို ထည့်သွင်းစားသုံးခြင်းဖြင့် ရောဂါပိုးမွှားများကိုတိုက်ထုတ်ရာတွင် ကိုယ်ခံအားစနစ်ကို ပိုမိုထိရောက်စေရန် ကူညီပေးနိုင်သည်။



လူ့ခန္ဓာကိုယ် ကြွက်သားတည်ဆောက်မှုအတွက် ထိရောက်ပြီး မရှိမဖြစ်လိုအပ်သော အမိုင်နိုအက်စစ်များပါဝင်သည့် အရည်အသွေးမြင့်ပရိုတင်းများ ပါဝင်သောကြောင့် ရွှေဖရုံသီးကို စားသုံးပေးရန် လိုအပ်ပေသည်။ ရွှေဖရုံသီးအစေ့များတွင် အပင်ပရိုတင်းအရင်းအမြစ်များဖြစ်သည့် Lysine၊ Leucine နှင့် Arginine တို့ အပြည့်အဝပါဝင်သည်။

**မျက်နှာနှင့် အသားအရေကို တောက်ပစေခြင်း**

သန့်စင်ထားသောရွှေဖရုံသီးကို ပျားရည်၊ နွားနို့တို့နှင့်ရောစပ်၍ မျက်နှာပေါင်းတင်ခရင်မ်အဖြစ် အသုံးပြုခြင်းဖြင့် မျက်နှာအသားအရေကို ပြန်လည်နုပျိုစေနိုင်သည်။ ရွှေဖရုံသီးတွင် အင်ဇိုင်းများနှင့် Alpha Hydroxy Acids(AHAs) ကြွယ်ဝစွာပါဝင်သောကြောင့် အသားအရေကိုတောက်ပစေသည်။ ပျားရည်သည် အစိုဓာတ်ကိုဖြည့်တင်းပေးကာ နို့သည် အသားအရေကိုနုပျိုစေပြီး အာဟာရဖြစ်စေသည်။ ရွှေဖရုံသီးသည် အသားအရေကို တောက်ပစေရန်အတွက် အလွန်ထိရောက်သော ပါဝင်ပစ္စည်းတစ်ခုဖြစ်သည်။ ရွှေဖရုံသီးတွင် Alpha Hydroxy အက်စစ်နှင့် သစ်သီးအင်ဇိုင်းများ ကြွယ်ဝစွာပါဝင်ပြီး အရေပြားရှိဆဲလ်သေများကို ဖယ်ရှားပေးကာ နေလောင်ဒဏ်၊ အမည်းစက်များနှင့် ရောင်ရမ်းခြင်းများကို လျှော့ချပေးကာ အသားအရေကိုပိုမိုတောက်ပပြီး နုပျိုစေသည်။ ရွှေဖရုံသီးသည် ဟော်မုန်းပမာဏကိုထိန်းညှိပေးသည်။ ရွှေဖရုံသီးတွင်ပါဝင်သော ဇင့်ဓာတ်သည် ဝက်ခြံများကိုကုသရာတွင် ဟော်မုန်းပမာဏကို ထိန်းညှိပေးပြီး အဆီထုတ်လုပ်မှုကို လျှော့ချပေးနိုင်သည်။ ရွှေဖရုံသီးတွင် အအေးခံနိုင်သည့် ဂုဏ်သတ္တိများရှိသည်။ အစာမကြေခြင်းနှင့် အစာခြေလမ်းကြောင်းမှကပ်ပါးကောင်များကို ဖယ်ရှားပေးရန်အတွက် လည်း အကျိုးပြုသည်။

ရွှေဖရုံသီးစေ့တွင်ပါရှိသော Phytosterol သည် ခန္ဓာကိုယ်တွင်းရှိ Testosterone ထုတ်လုပ်မှုကို တိုးတက်ကောင်းမွန်စေသည်။ Phytosterol သည် သုက်ပိုးအရေအတွက်တိုးလာခြင်းနှင့် မျိုးအောင်နိုင်စေရန်အတွက် ကူညီပေးသည်။ ဖရုံစေ့တွင် အိုမီဂါ-၃ ဖက်တီးအက်စစ်များပါဝင်သဖြင့် သွေးလည်ပတ်မှုကောင်းစေပြီး သုက်ရည်ပမာဏကို တိုးစေသည်။ ထို့ပြင် ရွှေဖရုံသီးသည် သုက်ပိုးအရေအတွက်နှင့် ရွေ့လျားမှုကိုတိုးစေသော သစ်သီးများဖြစ်သည့် လိမ္မော်သီး၊ စပျစ်သီးကဲ့သို့သော အသီးများကဲ့သို့ပင် ဗီတာမင်စီနှင့် အင်တီအောက်ဆီးဒင့်များ ပါဝင်သောကြောင့် သုက်ပိုးဆဲလ်များကို ဖရီးရယ်ဒီကယ်များကြောင့် ပျက်စီးခြင်းမှ ကာကွယ်ပေးပြီး ၎င်းတို့၏ အရည်အသွေးနှင့်လှုပ်ရှားမှုကို မြှင့်တင်ပေးနိုင်သည်။

ရွှေဖရုံသီးသည် လူအများစုအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် ဘေးကင်းသောအစားအစာအဖြစ် သတ်မှတ်ထားသော်လည်း အစားအသောက်ဓာတ်မတည့်မှုရာဇဝင်ရှိသူ၊ ကိုယ်ဝန်ရှိသူ သို့မဟုတ် အချို့သော ပုံမှန်ဆေးဝါးများသောက်သုံးနေရသူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် စစ်ဆေးပြီးမှသာ စားသုံးသင့်ပါသည်။

**ကျန်းမာရေးကောင်းကျိုးများစွာပါဝင်သော ရွှေဖရုံစေ့**

ရွှေဖရုံသီးအစေ့သည် ဗီတာမင်ဘီအုပ်စုဖြစ်သော သိုင်ရာမင်၊ ရီဘိုဖလေဗင်၊ နိုင်ရာစင်၊ ပင်တိုသက်နစ်အက်စစ်၊ ဗီတာမင် B-6 နှင့် ဖော့လိတ်တို့၏ အကောင်းဆုံးအရင်းအမြစ်ဖြစ်သည်။ ရွှေဖရုံသီးစေ့ ၁၀၀ ဂရမ်တွင် ပရိုတင်းဓာတ် ၃၀ ဂရမ်ခန့် ပါဝင်သည်။ ရွှေဖရုံစေ့သည် ဗီတာမင် B12 ၏ အစွမ်းထက်သော အရင်းအမြစ်များအဖြစ်ထင်ရှားပြီး ဤသေးငယ်သောစွမ်းအားသည် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များကြွယ်ဝရုံသာမက အရေးကြီးသောဗီတာမင်ပမာဏများစွာကိုလည်း ပေးစွမ်းနိုင်သည်။ ရွှေဖရုံသီးအစေ့ကို အစားအစာများတွင် ပေါင်းထည့်ခြင်း သို့မဟုတ် သရေစာအဖြစ် စားသုံးခြင်းဖြင့် ဗီတာမင် B12 လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ရွှေဖရုံစေ့တွင် ဗီတာမင်အီးနှင့် အခြားဓာတ်တိုးဆန့်ကျင်ပစ္စည်းများ မြင့်မားစွာပါဝင်သည်။ ဗီတာမင်အီးသည် ကိုယ်ခံအားစနစ်ကို အားကောင်းစေပြီး သွေးကြောများကို ကျန်းမာစေရန် ထိန်းသိမ်းပေးသည်။ ရွှေဖရုံစေ့အပါအဝင် အစေ့အများအပြားသည် ဗီတာမင်အီးမြင့်မားသော အရင်းအမြစ်များဖြစ်သည်။ ရွှေဖရုံသီးသည် ဦးနှောက်လုပ်ဆောင်ချက်များကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်သည့်အပြင် စိတ်ကို ငြိမ်းအေးကြည်နူးစေနိုင်သည့် အစွမ်းသတ္တိလည်း ရရှိနိုင်သည်။ ရွှေဖရုံသီးစေ့တွင် ထရိုင်တိုဖန်နှင့် အမိုင်နိုအက်စစ်အရေအတွက် များစွာပါဝင်ပြီး စိတ်ခံစားမှုငြိမ်းအေးမှုရစေသည့် စီရိုတိုနင်ထုတ်လုပ်ရာတွင် ပူးပေါင်းပါဝင်ကြသည်။ ရွှေဖရုံစေ့တွင် Tryptophan ပါဝင်ပြီး နှစ်ခြိုက်စွာအိပ်ပျော်စေသောကြောင့် အိပ်ရာမဝင်ခင် ရွှေဖရုံစေ့စားသုံးခြင်းဖြင့် ကောင်းစွာအိပ်ပျော်စေနိုင်သည်။

ရွှေဖရုံစေ့သည် ပရိုတင်း၊ မပြည့်ဝဆီများ၊ ဗီတာမင်များနှင့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်ပြီး ကင်ဆာကဲ့သို့သော နာတာရှည်ရောဂါများဖြစ်ပွားနိုင်ခြေကို လျှော့ချပေးသည်။ ဖရုံစေ့တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်မှုကြောင့် ဆဲလ်များကို ရောဂါဖြစ်စေသည့်ထိခိုက်မှုမှကာကွယ်ပေးပြီး ခန္ဓာကိုယ်အတွင်းရောင်ရမ်းမှုကို လျှော့ချပေးနိုင်သည်။

**ရွှေဖရုံစေ့စားသုံးမှုပုံစံ**

ရွှေဖရုံစေ့ကိုလှော်ပြီး စိတ်ချစွာစားသုံးနိုင်ပါသည်။ အစာကြေလွယ်စေရန် အခွံမပါဘဲ စားသုံးခြင်းသည် အကောင်းဆုံးဖြစ်သည်။ ယေဘုယျအားဖြင့် လူများစွာက ရွှေဖရုံစေ့ကို လှော်သည့်ပုံစံနှင့်စားသုံးခြင်းကို နှစ်သက်ကြသည်။ ရွှေဖရုံစေ့၏ အာဟာရတန်ဖိုးကိုထိန်းသိမ်းရန် ဆီနှင့်ဆားမထည့်ဘဲ အပူချိန် ၁၇၀ ဒီဂရီဖယ်ရင်ဟိုက် သို့မဟုတ် ၇၆ ဒီဂရီစင်တီဂရိတ်အောက်နိမ့်သောနေရာ၌ အခြောက်လှန်းနိုင်သည်။ ရွှေဖရုံသီးအစေ့များကို အစိမ်းလိုက်စားလျှင်လည်း လုံးဝဘေးကင်းသည်။

**ရွှေဖရုံစေ့မစားသင့်သောသူများ**

ရွှေဖရုံစေ့ကို ရွှေဖရုံစေ့နှင့်ဓာတ်မတည့်သူများ၊ ထို့ပြင် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ၊ Hypo-glycemia နှင့် Hypotension ရှိသူများသည် ရွှေဖရုံစေ့စားသုံးခြင်းကို ရှောင်ကြဉ်သင့်သည်။ ထို့ပြင် ကယ်လိုရီနည်းသောအစားအစာကို စားသူများသည် ရွှေဖရုံစေ့၌ ကယ်လိုရီများလွန်းသောကြောင့် ဖရုံစေ့စားသုံးမှုကို ကန့်သတ်သင့်သည်။ ဖရုံစေ့များကို အစားအစာထဲသို့ နည်းနည်းချင်းအလေ့အကျင့်လုပ်စားသုံးပြီး အမျှင်ဓာတ်ကို အစာခြေစနစ်တစ်လျှောက် ရွေ့လျားစေရန် ရေများများသောက်ခြင်းသည် အကောင်းဆုံးဖြစ်သည်။

**ဆီးချိုရောဂါသည်များနှင့် ရွှေဖရုံစေ့**

ရွှေဖရုံစေ့တွင် ကာဘိုဟိုက်ဒရိတ်(ကစီဓာတ်) နည်းပါးသောကြောင့် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိရန်လိုအပ်သော ဆီးချိုရောဂါရှိသူများအတွက် သင့်လျော်သောအစားအစာတစ်ခုဖြစ်သည်။ ရွှေဖရုံသီးစေ့တစ်အောင်စတွင် ကာဘိုဟိုက်ဒရိတ် ငါးဂရမ်ခန့်ပါဝင်သည်။ ရွှေဖရုံစေ့က သွေးတွင်းသကြားဓာတ်ကိုလည်း ထိန်းညှိ၊ လျှော့ချပေးနိုင်ပြီး သရေစာအဖြစ် စားသုံးနိုင်သည်။

အနှစ်ချုပ်အနေဖြင့် ရွှေဖရုံသီးစားသုံးခြင်းဖြင့် အရေပြားကျန်းမာရေးကို တိုးတက်စေခြင်း၊ မျက်စိကျန်းမာရေးကိုကောင်းမွန်စေခြင်း၊ နှလုံးကျန်းမာရေးကို အထောက်အကူပြုခြင်း၊ ကိုယ်ခံအားလုပ်ငန်းဆောင်ရွက်ချက်များကို ပံ့ပိုးပေးခြင်း၊ ကျန်းမာသည့် အူလမ်းကြောင်းကိုပံ့ပိုးပေးခြင်း စသည့်အကျိုးကျေးဇူးများကိုရရှိစေသည်။ ရွှေဖရုံသီးစားသုံးခြင်းဖြင့် နှစ်ခြိုက်စွာအိပ်ပျော်စေရုံသာမက သွေးပေါင်ချိန်ကိုလျှော့ကျစေပြီး အမြင်အာရုံကို မြှင့်တင်ပေးကာ နှလုံးကို ကျန်းမာသန်စွမ်းသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်သည်။ ဖရုံသီးတွင် အမျှင်ဓာတ်၊ ဗီတာမင်စီနှင့် Beta-carotene အပါအဝင် ကျောက်ကပ်အတွက် ကောင်းမွန်သည့်အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်သောကြောင့် ကျောက်ကပ်ဝေဒနာရှင်များအတွက်လည်း အထူးကောင်းမွန်သည်။ ရွှေဖရုံသီးသည် ပိုတက်ဆီယမ်မြင့်မားသော အစားအစာဖြစ်သော်လည်း ကျန်းမာရေးအတွက် များစွာအကျိုးပြုနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဟိုင်းကြီးကျွန်းမြို့ရှိ ဒေသတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၆ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ငပုတော ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ဒေသတွင် ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့ရှိဒေသတွင် ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲလျာထား ၁၀၆၆ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မတ်ပဲဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမတ်ပဲများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့ရှိ ဒေသအတွင်းဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၁၀၆၆ ဧက လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မတ်ပဲတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါပြီ။ မတ်ပဲတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဌာနဆိုင်ရာတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဟိုင်းကြီးကျွန်းမြို့မှာ မတ်ပဲအပြင် ဗိုလ်ကိတ်၊ ပဲတီစိမ်း၊ မြေပဲ စတဲ့ သီးနှံတွေကိုလဲ စိုက်ပျိုးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့ဒေသအတွင်း၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေး သွင်းအားစုများနှင့် စိုက်ပျိုးစရိတ်ချေးငွေများကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပံ့ပိုးပေးထားကြောင်း၊ အဆိုပါဆောင်းသီးနှံများ ဖျက်ပိုးမကျရောက်စေရန်နှင့်အထွက်နှုန်းကောင်းမွန်စေရန် တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

ပဲသီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ရာ စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## နတ်တလင်းမြို့နယ် ဘုန်းကြီးရေဆည်ကျေးရွာ၌ မြေနီခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နတ်တလင်း ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဘုန်းကြီးရေဆည်ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် ဝန်ထမ်းများက ဘုန်းကြီးရေဆည်ကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါ ဘုန်းကြီးရေဆည် ကျေးရွာတွင် လမ်းအရှည်ပေ ၁၃၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၈ ဒသမ ၂ သန်းဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်မည်ဖြစ်ပြီး ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မား တိုးတက်လာတော့မည်ဖြစ်ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်ထံမှ သိရသည်။ **သုတ**

## သာယာလှတဲ့သည်ချိန်ခါ

\- မွေးသင်းပျံ့ပန်းစုံစီ
ဖြူနီပြာဥယျာဉ်တွင်း၊
လေပြည်လာ ကြိုင်ကာသင်းလို့
အင်ကြင်းသရဖီ မြတ်လေးနှင့်
မွှေးလှလေခြင်း။

\- ဆောင်းရာသီလှပုံထူး
လေရူးဆော်ပြန်လာ
အေးမြကြိုင်စွာ၊
ပန်းရွှေဝတ်မှုန်မာလာ
ပျော်တော်သာစုံမြိုင်ထဲ၊
တွေးအာရုံတူမြန်းခွင့်
မှန်းသင့်လျက်ပဲ။

\- ဟေဝန်မြိုင် ဖန်ရှိန်မြူး
ထူးအံ့လို့ ငုံဝေဆာ၊
ငှက်ကျေးသံလွန်သာမော
ညှာကြောဖွယ်သာ၊
ဆီးကာဝန်း မြောင်ဖီလာ
ရှုလေရာ သာယာညွန်း၊
တောမြိုင်တခို စိုစိုစိမ်းတယ်
ငြိမ်းဝေဘူစွန်း။

\- ဥတုသုံးလီ
ရာသီတွေ လှည့်ကာပြောင်း၊
စုံတောမြိုင် ဟေဝန်နန်းမှာ
လန်းဆန်းပါကြောင်း။

\- သာယာတဲ့ သည်ချိန်ခါ
နှင်းဖျန်းလာ သိမ့်သိမ့်အေး၊
ကိုယ်စီမှာ စိတ်နှလုံး
ရွှင်ပြုံးတယ်လေး။ ။

**မန္တလာကိုကိုဝင်း**

# နိုင်ငံတကာ သတင်းများ

## မြောက်ကိုရီးယားခေါင်းဆောင်နှင့်ထိတွေ့ဆက်ဆံရန် ထပ်မံကြိုးပမ်းမည်ဟု ဒေါ်နယ်ထရန့်ပြောကြား

**ပြုံယမ်း ဇန်နဝါရီ ၂၄**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ထိတွေ့ဆက်ဆံရေးအတွက် ကြိုးပမ်းရန် စီစဉ်ထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဇန်နဝါရီ ၂၃ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ အခြေစိုက် သည်ဖောက်စ် သတင်းဌာနနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတွင် ဒေါ်နယ်ထရန့်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ထိတွေ့ဆက်ဆံရေးအတွက် ထပ်မံကြိုးပမ်းမည်ဖြစ်ကြောင်း ဒေါ်နယ်ထရန့်က ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ၎င်း၏ သမ္မတရာထူး ပထမသက်တမ်းအတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်ပုဂ္ဂိုလ်ရေးဆက်ဆံမှု တည်ဆောက်ရန် ကြိုးပမ်းခဲ့သည်။

သမ္မတ ဒေါ်နယ်ထရန့်သည် ၎င်း၏သမ္မတရာထူး ပထမသက်တမ်းအတွင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်နှင့်သုံးကြိမ်ထိတွေ့ဆုံခဲ့ဖူးသည်။

ယင်းအပြင် ဒေါ်နယ်ထရန့်သည်တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံစစ်မဲ့ဇုန်နယ်စပ်စည်းကို ကျော်ဖြတ်၍ မြောက်ကိုရီးယားနိုင်ငံဘက်တွင် ခြေချခဲ့ဖူးသော ပထမဆုံးတည်ဆဲ အမေရိကန်သမ္မတလည်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပြည်ပအကြမ်းဖက်အဖွဲ့အဖြစ် ဟူသီကိုသတ်မှတ်မှု အမေရိကန်အစိုးရကို အီရန်အစိုးရ ဝေဖန်ရှုတ်ချ

**တီဟီရန် ဇန်နဝါရီ ၂၄**

ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုအား အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်က နိုင်ငံတကာ အကြမ်းဖက်အုပ်စုအဖြစ် ပြန်လည်သတ်မှတ်ခဲ့မှုကို အီရန်နိုင်ငံက ဇန်နဝါရီ ၂၃ရက်က ဝေဖန်ရှုတ်ချခဲ့သည်။

ဟူသီသူပုန်အုပ်စုကို ပြည်ပအကြမ်းဖက်အုပ်စုအဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြန်လည်သတ်မှတ်ခဲ့မှုမှာ အခြေအမြစ်ကင်းမဲ့နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ယီမင်ပြည်သူများအပေါ် လူမဆန်သည့် အရေးယူပိတ်ဆို့မှုများချမှတ်ရန် အကြောင်းရှာသည့်အနေဖြင့် ဟူသီအုပ်စုကို ပြည်ပအကြမ်းဖက် အုပ်စုအဖြစ် ပြန်လည် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဝေဖန်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဇန်နဝါရီ ၂၃ ရက်တွင် ဟူသီသူပုန်အုပ်စုကို ပြည်ပအကြမ်းဖက်အဖွဲ့အစည်းအဖြစ် ပြန်လည်သတ်မှတ်ခဲ့သည်။

ပြည်ပအကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်းဖြင့် အမေရိကန်အစိုးရအနေဖြင့် ဟူသီသူပုန်အုပ်စုကို ပိုမိုပြင်းထန်သည့်စီးပွားရေးအရေးယူပိတ်ဆို့မှုများချမှတ်နိုင်မည်ဖြစ်သည်။

ယီမင်နိုင်ငံအများစုကို ထိန်းချုပ်ထားသော ဟူသီသူပုန်အုပ်စုသည် အီရန်နိုင်ငံ၏အဓိကအရှေ့အလယ်ပိုင်း မဟာမိတ်စစ်အုပ်စုဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က မျိုးဆက်သစ်ဖရီးဂိတ်စစ်သင်္ဘောသစ်တစ်စီး တပ်တော်ဝင်



**ပေကျင်း ဇန်နဝါရီ ၂၄**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) သည် ဇန်နဝါရီ ၂၂ ရက်တွင် မျိုးဆက်သစ်ဖရီးဂိတ်စစ်သင်္ဘောသစ်တစ်စီးကို တပ်တော်ဝင်ခဲ့ကြောင်း သိရသည်။

တရုတ်ရေတပ်က တပ်တော်သွင်းခဲ့သည့် မျိုးဆက်သစ်ဖရီးဂိတ်စစ်သင်္ဘောမှာ ပုံစံ-၀၅၄ ဘီ အတန်းအစား လိုဟီအမည်ရှိ ဖရီးဂိတ်စစ်သင်္ဘောဖြစ်သည်။

လိုဟီဖရီးဂိတ်စစ်သင်္ဘောသစ်တပ်တော်ဝင်ပွဲကို တရုတ်ရေတပ်၏မြောက်ပိုင်းရေတပ်အုပ်စုအခြေစိုက်သည့် ချင်တောင်ဆိပ်ကမ်းမြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အလေးချိန် တန် ၅၀၀၀ရှိသော လိုဟီဖရီးဂိတ်စစ်သင်္ဘောကို ရေဒါထောက်လှမ်းမှုအား ရှောင်ရှားနိုင်သည့်နည်းပညာ ထည့်သွင်းတည်ဆောက်ထားသော ဖရီးဂိတ်စစ်သင်္ဘောအမျိုးအစားဖြစ်သည်။

တရုတ်ရေတပ်သည်ပုံစံ-၀၅၄ ဘီအမျိုးအစား ဖရီးဂိတ်စစ်သင်္ဘောသစ်နှစ်စီးကို ထပ်မံရေချရန် စီစဉ်ထားပြီး အခြားတစ်စီးကိုမူ တည်ဆောက်နေဆဲဖြစ်သည်။

တရုတ်ရေတပ်သည် ကမ္ဘာ့အင်အားအကြီးမားဆုံး ရေတပ်ဖြစ်ပြီး စစ်သင်္ဘောပေါင်း ၂၃၄စီး ပိုင်ဆိုင်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယူကရိန်းစစ်ပွဲကို အဆုံးသတ်နိုင်ရန် ရုရှားသမ္မတနှင့် အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန်ဆန္ဒရှိကြောင်း ဒေါ်နယ်ထရန့်ပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

ယူကရိန်းစစ်ပွဲကို အဆုံးသတ်နိုင်ရေးအတွက် ရုရှားသမ္မတပူတင်နှင့် အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန်ဆန္ဒရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။



ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့၌ ကျင်းပနေသော ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ပေးပို့ထားသည့် ဗီဒီယိုမိန့်ခွန်း၌ အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယူကရိန်းစစ်ပွဲကို အဆုံးသတ်နိုင်ရေးအတွက် မိမိအနေဖြင့် ရုရှားသမ္မတပူတင်နှင့် အမြန်ဆုံးတွေ့ဆုံဆွေးနွေးနိုင်ရန် ဆန္ဒရှိကြောင်း ဒေါ်နယ်ထရန့်က ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ် မိန့်ခွန်း၌ ပြောကြားခဲ့သည်။

မိမိအနေဖြင့် သမ္မတရာထူး ရယူပြီးချိန်တွင် ယူကရိန်းစစ်ပွဲကို အမြန်ဆုံး အဆုံးသတ်နိုင်ရေးအတွက် ကြိုးပမ်းမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက် အမေရိကန်သမ္မတရွေးကောက်ပွဲ မတိုင်မီကာလကပင် ပြောကြားထားသည်။

သို့ရာတွင် ယူကရိန်းစစ်ပွဲကို အဆုံးသတ် နိုင်ရေးအတွက် လအတန်ကြာ အချိန်ယူရနိုင်ကြောင်း သမ္မတဒေါ်နယ်ထရန့်၏ အကြံပေးများက ပြောကြားထားသည်။

ဒေါ်နယ်ထရန့်သည် ပြီးခဲ့သည့် ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက် အမေရိကန်သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပြီးခဲ့သည့်နိုဝင်ဘာလထိ ၁၂လတာကာလအတွင်း နယူးဇီလန်နိုင်ငံမှထွက်ခွာသူအရေအတွက် မြင့်တက်လာ

**ဝယ်လင်တန် ဇန်နဝါရီ ၂၄**

၂၀၂၄ ခုနှစ် နိုဝင်ဘာလထိ အကျုံးဝင်သော ပြီးခဲ့သည့် ၁၂လတာကာလအတွင်း နယူးဇီလန်နိုင်ငံမှ ထွက်ခွာသွားသူအရေအတွက်မှာ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဇန်နဝါရီ ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ၁၂လတာ ကာလအပိုင်းအခြားအတွင်း နယူးဇီလန်နိုင်ငံမှ ထွက်ခွာသူအရေအတွက် ၁၂၇၈၀၀ဦးထိရှိခဲ့ရာ ယခင်၁၂လတာကာလကထက် ၂၈ ရာခိုင်နှုန်းထိပို၍မြင့်မားခဲ့သည်ဟု နယူးဇီလန်အစိုးရ ဗဟိုစာရင်းအင်းရုံးက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

ယင်းသို့ ပြီးခဲ့သည့် ၁၂လတာကာလအတွင်း နယူးဇီလန်မှထွက်ခွာခဲ့သူများအနက် ၅၀ ရာခိုင်နှုန်းမှာ နယူးဇီလန်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

နယူးဇီလန် နိုင်ငံသားများ ပြည်ပထွက်ခွာမှု မြင့်တက်လာခြင်းသည် နယူးဇီလန်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း အားနည်းလာမှု၏ သက်သေတစ်ရပ် ဖြစ်ကြောင်း သိရသည်။

လူဦးရေ ၅ ဒသမ ၃ သန်းထိသာရှိသော နယူးဇီလန်နိုင်ငံမှာ ပြီးခဲ့သည့်နှစ်နှစ်အတွင်း စီးပွားရေးအရ ရုန်းကန်နေခဲ့ရသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလထိ အကျုံးဝင်သော ၁၂လတာကာလအတွင်း နယူးဇီလန်သို့ဝင်ရောက်လာသူအရေအတွက်မှာ ၁၃၆၀၀၀ ထိသာရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အာဖရိကတိုက်နှစ်ခြမ်းခွာထွက်နေမှု ယခင်တွေးထင်ထားသည်ထက် ပို၍မြန်ဆန်နေ



**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အာဖရိကတိုက် နှစ်ခြမ်းခွာထွက်နေမှုမှာ ယခင်တွေးထင်ထားသည်ထက် ပို၍မြန်ဆန်နေကြောင်း သိပ္ပံပညာရှင်များက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

၂၀၀၅ ခုနှစ်အတွင်း အီသီယိုးပီးယားနိုင်ငံ၌ စတင်ပေါ်ထွက်ခဲ့သည့် အရှည် ၃၅ မိုင်ရှိ မြေလွှာကွဲကြောင်းကြီးသည် တစ်နှစ်လျှင် လက်မဝက်နှုန်းဖြင့် ကွာထွက်နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အထက်ပါနှုန်းအတိုင်း ဆက်လက်ကွာဟခဲ့ပါက နောင်လာမည့် နှစ် ငါးသန်းအတွင်း အာဖရိကတိုက် နှစ်ခြမ်းကွဲသွားနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ရှေးယခင်ကမူ အာဖရိကတိုက်ကြီး နှစ်ခြမ်းကွဲရန် နှစ်သန်းပေါင်းများစွာ အချိန်ယူရနိုင်ကြောင်း ယူဆခဲ့ကြသည်။

အရှေ့အာဖရိက မြေလွှာပြတ်ကြောင်းစနစ်ကြောင့် ပေါ်ထွက်လာသည့် အထက်ပါမြေလွှာအက်ကြောင်းကြီးသည် ဆိုမာလီယာ၊ ကင်ညာ၊ တန်ဇန်နီးယားနှင့် အီသီယိုးပီးယားနိုင်ငံတို့ကို ဖြတ်သန်းတည်ရှိပြီး အာဖရိကတိုက်နှစ်ခြမ်းကွဲခဲ့ပါက ကမ္ဘာပေါ်၌ဆဋ္ဌမမြောက် သမုဒ္ဒရာသစ်တစ်စင်း ပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

Ref : Russia Today
Trs : KKO


## ရှေးခေတ်ရေအိုင်ကြီးများ၏ကမ်းခြေများတွင် တွေ့ရတတ်သည့် ကမ်းခြေလှိုင်းတွန့်လွှာများကို အင်္ဂါဂြိုဟ်ပေါ်တွင်လည်း တွေ့ရှိထား

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

ရှေးခေတ်ရေအိုင်ကြီးများ၏ ကမ်းခြေများတွင် တွေ့ရတတ်သည့် ကမ်းခြေလှိုင်းတွန့်လွှာများကို အင်္ဂါဂြိုဟ်ပေါ်တွင်လည်း တွေ့ရှိထားကြောင်း သိပ္ပံပညာရှင်များက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

အင်္ဂါဂြိုဟ်ပေါ်ရှိ ရေအိုင်ကမ်းခြေလှိုင်းတွန့်လွှာ ကျောက်သားများသည် တစ်ချိန်သောအခါက အင်္ဂါဂြိုဟ်ပေါ်၌ ရေခဲသာမက လေထုလွှာနှင့် ထိစပ်နေသည့် ရေပြင်များလည်း ရှိနေခဲ့မှုကို သက်သေပြနေကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ် ကျောက်သားလွှာများပေါ်ရှိ လှိုင်းတွန့်လွှာများသည် လေထုလွှာနှင့်ထိစပ်နေပြီး လေ၏ တွန်းထိုးမှုခံနေရတတ်သည့် ရေအိုင်များတွင်သာ တွေ့ရတတ်သော လှိုင်းတွန့်လွှာများဖြစ်ကြကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



အမေရိကန် သိပ္ပံပညာရှင်များ တွေ့ရှိထားသည့် အင်္ဂါဂြိုဟ် ကျောက်သား လှိုင်းတွန့်လွှာများသည် လွန်ခဲ့သော နှစ်ပေါင်း ၃ ဒသမ ၇ ဘီလီယံခန့်က ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

အင်္ဂါဂြိုဟ် ရှေးဟောင်းရေအိုင် လှိုင်းတွန့်လွှာများသည် အရွယ်အစားအားဖြင့် အမြင့်ခြောက်မီလီမီတာခန့်သာရှိပြီး တစ်ခုနှင့်တစ်ခု လေးစင်တီမီတာမှ ငါးစင်တီမီတာ ထိခြား၍ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ် ရှေးဟောင်းရေအိုင် လှိုင်းတွန့်လွှာများကို အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ကျူရီယိုစီတီ အာကာသယာဉ်က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ဒိုင်နိုဆောသတ္တဝါများက ကမ္ဘာ့တောင်ယဉ်စွန်းတန်းဒေသ၌ စတင်ပေါ်ထွက်ခဲ့ခြင်းမဟုတ်ဘဲ အာဖရိကနှင့်တောင်အမေရိကတို့မှ စတင်ဆင့်ကဲပေါ်ထွက်လာခြင်းဖြစ်နိုင်

**လန်ဒန် ဇန်နဝါရီ ၂၄**

ဒိုင်နိုဆောသတ္တဝါများသည် ယခင်တွေးထင်ထားသကဲ့သို့ ကမ္ဘာ့တောင်ယဉ်စွန်းတန်းဒေသ၌ စတင်ပေါ်ထွက်ခဲ့ခြင်းမဟုတ်ဘဲ ယနေ့ခေတ် အီကွေတာရပ်ဝန်းဒေသများဖြစ်သော အာဖရိကနှင့်တောင်အမေရိကတို့မှ စတင်ဆင့်ကဲပေါ်ထွက်လာခြင်း ဖြစ်နိုင်ကြောင်း ဇန်နဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

ကမ္ဘာပေါ်၌ သက်တမ်းရှေးအကျဆုံး ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများ၏ သက်တမ်းမှာ နှစ်ပေါင်း သန်း ၂၃၀ ထိရှိပြီး တောင်ယဉ်စွန်းတန်းနယ်မြေများဖြစ်ကြသော အာဂျင်တီးနား၊ ဘရာဇီးစသည့်နယ်မြေများ၌ တွေ့ရှိထားခြင်းဖြစ်သည်။

သို့ရာတွင် ဒိုင်နိုဆောသတ္တဝါများသည် လွန်ခဲ့သောနှစ်သန်း ၂၃၀ မတိုင်မီ နှစ်သန်းပေါင်းများစွာကပင် စတင်ပေါ်ထွက်ခဲ့ခြင်းဖြစ်နိုင်ပြီး ပို၍သက်တမ်းရှေးကျသည့် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများ ရှိနေနိုင်သေးကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဒိုင်နိုဆောသတ္တဝါများသည် ယခင်ထင်ထားသကဲ့သို့ တောင်ယဉ်စွန်းတန်းဘက် ပိုကျသည့်နယ်မြေများတွင် စတင်ပေါ်ထွက်ခဲ့ခြင်းမဟုတ်ဘဲ ဂွန်ဒွါနာ ပထဝီတိုက်ကြီး၏ အနောက်ပိုင်း လတ္တီတွဒ် အနိမ့်ပိုင်းဒေသများ၌ စတင်ဆင့်ကဲပေါ်ထွက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂွန်ဒွါနာ ပထဝီတိုက်ကြီး၏ အနောက်ပိုင်းလတ္တီတွဒ် အနိမ့်ပိုင်းဒေသများမှာ ယနေ့ခေတ် ကမ္ဘာ့အီကွေတာရပ်ဝန်းနယ်မြေများဖြစ်ကြသည့် အမေဇုန်မိုးသစ်တော၊ ကွန်ဂိုမြစ်ဝှမ်းလွင်ပြင်နှင့် ဆာဟာရဒေသတို့ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့သက်တမ်းရှေးအကျဆုံး ဒိုင်နိုဆောများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများမှာ အထက်ပါဒေသများတွင် ရှိနေနိုင်သည်ဟု ဗြိတိန်သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ဆေးဒဏ်ခံနိုင်ရည်ရှိသော စိတ်ကျရောဂါကုရာတွင် Spravato နှာခေါင်းဖျန်းဆေးကို တစ်မျိုးတည်းအသုံးပြုခွင့်ပေးရန် FDA အတည်ပြု

**နယူးယောက် ဇန်နဝါရီ ၂၄**

အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) သည် ဆေးဒဏ်ခံနိုင်ရည်ရှိသော စိတ်ကျရောဂါကုသရာတွင် Spravato အမည်ရှိ နှာခေါင်းဖျန်းဆေးကို တစ်မျိုးတည်း အသုံးပြုခွင့်ပေးရန်အတည်ပြုချက်ပေးထားကြောင်း ဇန်နဝါရီ ၂၃ ရက် သတင်းများအရသိရသည်။

အနည်းဆုံး စိတ်ကျရောဂါ သောက်ဆေးနှစ်မျိုး ဆေးမတိုးတော့သည့် စိတ်ကျဝေဒနာလူနာများကို Spravato တစ်မျိုးတည်း သုံး၍ ကုသပေးနိုင်သည်ဟု FDA ၏ ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

FDA သည် ဆေးဒဏ်ခံနိုင်ရည်ရှိ စိတ်ကျရောဂါများကို ကုသရာတွင် Spravato ကို သုံးစွဲခွင့်ပေးထားသော်လည်း အခြားစိတ်ကျရောဂါ သောက်ဆေးတစ်မျိုးဖြင့် တွဲသုံးခွင့်ပေးထားခြင်းဖြစ်သည်။

လေ့လာချက် ရလဒ်များအရ Spravato တစ်မျိုးတည်းဖြင့် ကုသမှုခံယူပြီးချိန်တွင် အစောဆုံး ၂၄ နာရီ၊ အကြာဆုံး ၂၈ ရက်အတွင်း သောက်ဆေးများသောက်ရန်မလိုဘဲ စိတ်ကျရောဂါလက္ခဏာများ လျော့ပါးသက်သာသွားတတ်ကြောင်း သိရသည်။

သို့ဖြစ်ရာ မိမိတို့အနေဖြင့် ဆေးဒဏ်ခံနိုင်ရည်ရှိ စိတ်ကျရောဂါကို ကုသရာတွင် Spravto ဆေးကို တစ်မျိုးတည်းသုံးစွဲနိုင်ရန် အတည်ပြုချက် ပေးခဲ့ခြင်းဖြစ်ကြောင်း FDA ကြေညာချက်၌ ဖော်ပြထားသည်။

Ref : Sputnik News
Trs : KKO

## ရောင်ရမ်းမှုလျှော့ချရေးဆေးနှင့်ပဋိဇီဝဆေးတချို့က Dementia ဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၂၄**

Ibuprofen ကဲ့သို့ ရောင်ရမ်းမှုလျှော့ချရေးဆေးနှင့် ပဋိဇီဝဆေးတချို့သည် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကိုလျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်နှင့် အက်ဆက်တာတက္ကသိုလ်မှ သုတေသနပညာရှင်များသည် Dementia ရောဂါကို ကုသရာတွင် အထောက်အကူပေးနိုင်ခြေရှိသည့်ဆေးများကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ပဋိဇီဝဆေးတချို့၊ ကာကွယ်ဆေးတချို့၊ ဗိုင်းရပ်တိုက်ဖျက်ရေး ဆေးတချို့နှင့် ရောင်ရမ်းမှု တိုက်ဖျက်ရေးဆေးတချို့မှာ Dementia ဖြစ်နိုင်ခြေကျဆင်းလာမှုနှင့်ဆက်စပ်နေနိုင်သည်ကိုတွေ့ရကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏လေ့လာချက်ရလဒ်များအရ အချို့သော Dementia ရောဂါဖြစ်စဉ်များမှာ ဗိုင်းရပ်ကူးစက်မှုသို့မဟုတ် ဗက်တီးရီးယားကူးစက်မှုများကြောင့် ဖြစ်ပွားတတ်သည်ဟူသော ဆေးပညာသီအိုရီတစ်ရပ် ပို၍ခိုင်မာလာခဲ့ရသည်။

သို့ရာတွင် မိမိတို့လေ့လာချက်၌ ပါဝင်သည့်ဆေးဝါးများအနေဖြင့် Dementia ရောဂါဖြစ်နိုင်ခြေကို အမှန်တကယ် လျှော့ချပေးနိုင်မှု ရှိ၊ မရှိ အတည်ပြုနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆက်လက် လုပ်ဆောင်ရန်လိုကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ဒဏ်ရာရရှိသွားခဲ့သည့်အတွက် ဂျိုကိုဗစ် ဆီမီးဖိုင်နယ်အဆင့်ကို ပွဲငယ်တစ်ပွဲသာကစားနိုင်ခဲ့



**မဲလ်ဘုန်း ဇန်နဝါရီ ၂၄**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပနေသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့်ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် ဇီရက်ဖ်က (၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ယင်းပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည့် ဂျိုကိုဗစ်က ပြိုင်ပွဲအား ဆက်လက်ကစားနိုင်ခဲ့ခြင်း မရှိတော့သည့်အတွက် ဇီရက်ဖ်က ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ပွဲကစားနေရင်း ပေါင်ခြံဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာအလွန်အမင်း နာကျင်လာသည့်အတွက် ပထမပွဲငယ်အပြီးတွင် ဆက်လက်မယှဉ်ပြိုင်တော့ရန် ဆုံးဖြတ်ခဲ့ခြင်းလည်းဖြစ်သည်။

ဂျိုကိုဗစ်သည် ကစားသမား ဘဝ သက်တမ်းတစ်လျှောက် ၁၁ လုံးမြောက် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် အဓိကပစ်မှတ်ထားပြင်ဆင်ခဲ့သော်လည်း ကံမကောင်းစွာဖြင့် ဒဏ်ရာပြဿနာကြောင့် ရည်မှန်းချက်အား လက်လွှတ်ခဲ့ရသည်။

ဂျိုကိုဗစ်သည် ပထမပွဲငယ်တွင် ရှုံးနိမ့်သည်ဖြစ်စေ၊ အနိုင်ရသည်ဖြစ်စေ ဒဏ်ရာအခြေအနေကြောင့် သေချာပေါက်ပြိုင်ပွဲမှ ရပ်နားမည်ဖြစ်ကြောင်း အယ်ကာရက်ဇ်နှင့် ယှဉ်ပြိုင်ကစားခဲ့သော ကွာတားဖိုင်နယ်အဆင့်မှာကတည်းက ပေါင်ခြံဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်နှင့် ပွဲစဉ်တွင် ပွဲကစားနေရင်း ပွဲအားရပ်နားရန် စဉ်းစားခဲ့သော်လည်း ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဒဏ်ရာဖြင့်ပင် အနိုင်ရအောင်ကစားခဲ့သော်လည်း ကွာတားဖိုင်နယ်အဆင့်တွင် ဒဏ်ရာရလျက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရခြင်းကြောင့် ဆီမီးဖိုင်နယ်အဆင့်တွင် ဒဏ်ရာအခြေအနေ ပိုမိုဆိုးရွားလာခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က "လွန်ခဲ့တဲ့ နှစ် နှစ်လောက်က ကျွန်တော့်ကို ပြိုင်ပွဲတော်တော်များများနဲ့ လွဲချော်စေခဲ့တဲ့ ဒဏ်ရာမျိုးပဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ် နှစ်လောက်ကတော့ ဒီလိုဒဏ်ရာရနေလျက်နဲ့ ကွင်းအတွင်းမှာ ကျွန်တော်အကောင်းဆုံးဖြေရှင်းနိုင်ခဲ့တယ်။ ဒီတစ်ကြိမ်မှာတော့ မဖြေရှင်းနိုင်တော့ပါဘူး" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ❑ အာဆင်နယ်အသင်းက လာမည့်နွေရာသီတွင်စာချုပ်သက်တမ်းကုန်ဆုံးမည့် လူငယ်ကစားသမားဟီဗန်ကို သက်တမ်းတိုးရန် ကြိုးပမ်းနေပြီး ကြန့်ကြာနေသဖြင့် ဘာစီလိုနာအသင်းက ခေါ်ယူရန်ကစားသမား၏ ကိုယ်စားလှယ်များနှင့် ဆွေးနွေးနေကြောင်း သိရသည်။
- ❑ ဂျူဗင်တပ်အသင်းက ချဲလ်ဆီးအသင်းကစားသမား ဗီအီဂါကို ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူနိုင်ခဲ့ပြီး စာချုပ်တွင်အပြီးသတ်ဝယ်ယူခွင့်မပါရှိကြောင်း သိရသည်။
- ❑ အိုလံပီယာကို့စ်နှင့် စာချုပ်သက်တမ်း ဖျက်သိမ်းခဲ့သည့် ချဲလ်ဆီးကစားသမားဟောင်းဝီလျံကို ပရီးမီးယားလိဂ်ကလပ်အသင်းသုံးသင်းက အပြိုင်ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။

ML

## ဥရောပအဆင့်ပြိုင်ပွဲများတွင် မိနစ် ၉၀ နောက်ပိုင်း အနိုင်ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သည့် အင်္ဂလန် ကလပ်အသင်းအဖြစ် မန်ယူအသင်းမှတ်တမ်းဝင်



**မန်ချက်စတာ ဇန်နဝါရီ ၂၄**

ယူရိုပါလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်ယူအသင်းနှင့် ရိန်းဂျားအသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းက မိနစ် ၉၀ ပြည့်ပြီးနောက် နာကျင်အချိန်ပိုတွင် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ဥရောပအဆင့်ပြိုင်ပွဲများတွင် မိနစ် ၉၀ နောက်ပိုင်း အနိုင်ဂိုးသွင်းယူမှုအများဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ယူရိုပါလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်ယူအသင်းကအိမ်ကွင်းတွင် ရိန်းဂျားအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် ၅၂ မိနစ်၌ ရိန်းဂျားအသင်းဂိုးသမား ဂျက်ဘက်လန်းက ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့သည့်အတွက် မန်ယူအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ပွဲချိန် ၈၈ မိနစ်တွင် ဒရက်ဆာက ရိန်းဂျားအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ပြည့်ပြီးနောက် အချိန်ပို နှစ်မိနစ်တွင် မာတီနက်ဇ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဖာနန်ဒက်က မန်ယူအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ရိန်းဂျားအသင်းနှင့် ပွဲစဉ်တွင် ဖာနန်ဒက်က အချိန်ပိုတွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် မန်ယူအသင်းသည် ဥရောပအဆင့်ပြိုင်ပွဲများတွင် မိနစ် ၉၀နောက်ပိုင်း အနိုင်ဂိုးသွင်းယူခဲ့သည့် သွင်းဂိုးရှစ်ဂိုးထိ ရှိလာခဲ့ပြီးနောက် အင်္ဂလန်ကလပ်အသင်းများတွင် မိနစ် ၉၀နောက်ပိုင်းအနိုင်ဂိုးသွင်းယူနိုင်ခဲ့သည့် ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက မန်ယူအသင်းသည်ဥရောပအဆင့်ပြိုင်ပွဲများတွင် မိနစ် ၉၀နောက်ပိုင်း အနိုင်ဂိုးသွင်းယူမှု အများဆုံးကလပ်အသင်းများစာရင်းတွင် အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့နှင့်အတူ ခုနစ်ဂိုးဖြင့် ပူးတွဲရပ်တည်နေသော်လည်း ယခုအခါ ရိန်းဂျားအသင်းနှင့်ပွဲစဉ်တွင်အချိန်ပို၌ တစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ကို ကျော်ဖြတ်ပြီး ဥရောပအဆင့်ပြိုင်ပွဲများတွင် မိနစ် ၉၀ နောက်ပိုင်း အနိုင်ဂိုးသွင်းယူမှုအများဆုံးကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## ခံစစ်ကစားသမားအာရှုဂျိုကို ၂၀၃၁ ခုနှစ်ထိ သက်တမ်းတိုးခဲ့ကြောင်း ဘာစီလိုနာထုတ်ပြန်




**ဘာစီလိုနာ ဇန်နဝါရီ ၂၄**

ဘာစီလိုနာအသင်းသည်အသင်းမှထွက်ခွာရန်စီစဉ်နေသည့် ခံစစ်ကစားသမားအာရှုဂျိုကို လာမည့် ၂၀၃၁ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ခံစစ်ကစားသမားအာရှုဂျိုသည် ခြေစွမ်းပိုင်းထက်မြက်သော်လည်း ဒဏ်ရာမကြာခဏရရှိနေသဖြင့် ဘာစီလိုနာအသင်းက အရောင်းစာရင်းတင်သွင်းခဲ့ရာ ဂျူဗင်တပ်အသင်းက တရားဝင်ကမ်းလှမ်းမှု ပြုလုပ်ခဲ့သည်။

အာရှုဂျိုသည် ဘာစီလိုနာအသင်းတွင် ၂၀၂၆ ခုနှစ်ထိ သက်တမ်းရှိနေပြီး မကြာသေးမီက ကစားသမားအနေဖြင့် ကြွက်သားဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာချိန်တွင် အားကစားဒါရိုက်တာ ဒေကိုက ကစားသမားနှင့် ဆွေးနွေးခဲ့ရာ နောက်ထပ်သက်တမ်း ငါးနှစ်တိုးနိုင်ခဲ့ကြောင်း သိရသည်။

အာရှုဂျိုသည် ခံစစ်ပိုင်းတွင် ကူဘာစီ၊ မာတီနက်ဇ်တို့နှင့် ပွဲထွက်ခွင့်ယှဉ်ပြိုင်နေရပြီး ၂၀၁၈ ခုနှစ်က ဥရုဂွေးကလပ် ဘော့စတွန်အသင်းမှပြောင်းရွှေ့ခဲ့ကာ လူငယ်အသင်းတွင်သာ စတင်ပါဝင်ခဲ့ရသော်လည်း ခြေစွမ်းပြသနိုင်သဖြင့် အသင်းနှင့်အတူ ပွဲ ၁၃၀ ပါဝင်ခွင့်ရခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက အသင်းအတွက် လာလီဂါဆုဖလား ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

## ယူရိုပါလိဂ်ပြိုင်ပွဲတွင် လာဇီယို၊ ဖရန့်ဖတ်၊ ဘီလ်ဘာအိုအသင်းတို့ ၁၆သင်းအဆင့်သို့ တိုက်ရိုက်တက်ရောက်

**လန်ဒန် ဇန်နဝါရီ ၂၄**

ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် ခုနစ်ပွဲကစားအပြီးတွင် လာဇီယို၊ ဖရန့်ဖတ်၊ ဘီလ်ဘာအိုအသင်းတို့ ၁၆ သင်းအဆင့်သို့ တိုက်ရိုက်တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် လာဇီယိုအသင်းက ဆိုစီဒက်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် လည်းကောင်း၊ ဖရန့်ဖတ်အသင်းက ဖီရန်ဗားရို့စ်အသင်းကို နှစ်ဂိုးဂိုးမရှိ၊ ဘီလ်ဘာအိုအသင်းက ဘက်ဆစ်တက်အသင်းကို လေးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ငါးပွဲနိုင်၊ တစ်ပွဲ သရေရလဒ်ဖြင့် ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ပွဲစဉ်ခုနစ်ပွဲ ကစားအပြီးတွင် လာဇီယိုအသင်းက ခြောက်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ဖြင့် ရမှတ် ၁၉ မှတ်ဖြင့် အဆင့် (၁)၊ ဖရန့်ဖတ်အသင်းက ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် အဆင့် (၂)၊ ဘီလ်ဘာအိုအသင်းက ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နေပြီး ၁၆ သင်းရှုံးထွက်အဆင့် ရောက်ရှိခဲ့သည်။

ယခုနှစ်ယူရိုပါလိဂ်ပြိုင်ပွဲသည် ပုံစံအသစ်ဖြင့် ကျင်းပနေခြင်းဖြစ်ပြီး အဆင့်(၁)မှအဆင့်(၈) အတွင်း အသင်းများက ၁၆ သင်းအဆင့် တိုက်ရိုက်တက်ရောက်ခွင့် ရမည်ဖြစ်ကာ အဆင့် (၉) မှအဆင့် (၂၄) အတွင်းဝင်ရောက်သည့် အသင်းများက play-off ကစား၍ အနိုင်ရသည့် အသင်းရှစ်သင်းက ၁၆သင်းအဆင့် တက်ရောက်မည်ဖြစ် သော်လည်း အဆင့် (၂၅) မှ (၃၂) ထိအသင်းများက အုပ်စုပွဲမှ ထွက်ခွာရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့်မဟာယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ



**ရန်ကုန် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃နာရီခွဲက ရန်ကုန်မြို့ရှိ YUSCအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန်လေးမိနစ်တွင် ISPEအသင်း မှစိုးလင်းအောင်က ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့်အတွက် မဟာယူနိုက်တက်အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ပွဲချိန် ၆၁ မိနစ်တွင် သန်းတိုးအောင်က ISPE အသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၇၈ မိနစ်တွင် ကျော်စွာမင်းက မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးပြန်လည် သွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မဟာယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ညနေ ၄နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကိုပွဲချိန်လေးမိနစ်တွင် ဆခန့်ချော၊ ပွဲချိန် ၄၁ မိနစ်တွင် ပြည့်မိုးနှင့် ပွဲချိန် ၈၂ မိနစ်တွင် ကြည်စိုးတို့က သွင်းယူပေးနိုင်ခဲ့ကာ ဧရာဝတီယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် ညီညီအောင်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အယ်ဖွန်ဆိုဒေးဗစ် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ဟု ဘိုင်ယန်မြူးနစ်ထုတ်ပြန်

**မြူးနစ် ဇန်နဝါရီ ၂၄**

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် ဖီရင်နုအသင်းနှင့် ပွဲစဉ်တွင် ခံစစ်ကစားသမား အယ်ဖွန်ဆိုဒေးဗစ် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ထုတ်ပြန်ခဲ့သည်။

အယ်ဖွန်ဆိုဒေးဗစ်သည် ပွဲစကတည်းက အသင်းခံစစ်ပိုင်းတွင် ပါဝင်လာခဲ့သော်လည်း ပထမပိုင်း ပွဲကစားချိန် ၄၅ မိနစ်အရောက်တွင်ဘယ်ဘက်ခြေထောက်ဒဏ်ရာ ရရှိခဲ့သဖြင့် အသင်းဖော်ကစားသမားဂွါရဲရိုးနှင့်လူစားလဲထွက်ခွာခဲ့ရပြီး လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ဒဏ်ရာပြင်းထန်မှုကြောင့် မည်သည့်ကာလထိအနားယူရမည်ကို ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

လက်ရှိဘိုင်ယန်မြူးနစ်အသင်းတွင် အယ်ဖွန်ဆိုဒေးဗစ်အပါအဝင် ကွင်းလယ်ကစားသမား ရာဖင်ဟာနှင့်ဂိုးသမားပါရီဒက်တို့သာ ဒဏ်ရာကြောင့် အနားယူနေရပြီး အရွတ်ဒဏ်ရာရခဲ့သည့်ခံစစ်ကစားသမား ဘိုရေးမှာ အသင်းနှင့်ပြန်လည် ပူးပေါင်းနိုင်ခဲ့ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ထုတ်ပြန်ခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ဖီရင်နုအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲခုနစ်ပွဲကစားအပြီး ရမှတ် ၁၂ မှတ်သာ ရရှိခဲ့သောကြောင့် တိုက်ရိုက်ဝင်ခွင့်ရရှိရန် မသေချာတော့ဘဲ play-off ကစားခွင့်သာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။



Ref : ESPN

Trs : ML

# Farmers Insurance Openဂေါက်သီးရိုက်ပြိုင်ပွဲအမှတ်ပေးဇယားကို လက်ဗစ်အဘာက်နှင့် ဂရစ်ဖင်တို့ပူးတွဲဦးဆောင်

**ဆန်ဒီယေဂို ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံ ဆန်ဒီယေဂိုမြို့တွင်ကျင်းပနေသည့်Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲဒုတိယနေ့အပြီးတွင် ဆွီဒင်ဂေါက်သီးရိုက် ကစားသမား လက်ဗစ်အဘာက်နှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂရစ်ဖင်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဒန်နီဝေါကာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက်ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဂေါ့သာအပ်၊စပရင်ဂါနှင့် တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမား ဆန်ဂျေအင်မ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် လေးချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

လက်ဗစ်အဘာက်သည် ဒုတိယနေ့တွင် အမှားများခဲ့ပြီး ပထမနေ့က ရလဒ်ကြောင့် အမှတ်ပေးဇယားထိပ်တွင် ဆက်လက်ရပ်တည်ထားနိုင်ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

လက်ဗစ်အဘာက်က "ပထမနေ့လောက်တော့ ကောင်းအောင် မကစားနိုင်ခဲ့ဘူး။ကျွန်တော်ပြောခဲ့သလိုပဲ မြောက်ဘက်ခြမ်းက ဂေါက်ကွင်းဟာ ပိုပြီးကစားရခက်တယ်။ပထမနေ့မှာက တောင်ဘက်ခြမ်းက ဂေါက်ကွင်းမှာ ကစားခဲ့ရတာအဆင်ပြေတယ်။မြောက်ဘက်ခြမ်းက ဂေါက်ကွင်းတွေက သစ်ပင်ကြီးမရှိတော့ လေမကာတဲ့အတွက် လေတိုက်နှုန်း မြင့်မားတယ်။ ထုတ်ပြန်ချက်အရ လေတိုက်နှုန်းက တစ်နာရီ မိုင် ၃၀ နှုန်းလို့ သိရတယ်။ တော်တော်လေးကို ကစားရခက်တဲ့ လေတိုက်နှုန်းပြင်းအားပါ" ဟု ပြောကြားခဲ့သည်။

ဂရစ်ဖင်က "ပထမနေ့မှာတုန်းက ကျွန်တော်တို့တောင်ဘက်ကွင်းမှာ ကစားခဲ့ရတာ အဆင်ပြေပါတယ်။ ဒီနေ့ကတော့ မြောက်ဘက်ကွင်းမှာ ကစားရတယ်။ လေကာပင်တွေ မရှိတဲ့အတွက် ခြောက်သွေ့နေပြီးတော့ ကစားရတာ တော်တော်လေးခက်ခဲပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၂၁) ပွဲကြိုသုံးသပ်ချက်များ

STA

**ဆိုစီဒက် Vs ဂီတာဖေး**

ကစားမည့်ရက်/အချိန် ၂၆-၁-၂၀၂၅ (ည ၀၉း၄၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဂီတာဖေး ၀ - ၀ ဆိုစီဒက်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| ဂီတာဖေး | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေတဲ့ ဆိုစီဒက်အသင်းအတွက် အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ ဂီတာဖေးအသင်းကလဲ ရလဒ်တွေကောင်းမွန်နေတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုအားနည်းနေပါတယ်။ ဒါကြောင့် အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံ တည်ငြိမ်မှုရှိတဲ့ ဆိုစီဒက်အသင်းနဲ့ပဲလက်တွဲထားရမှာပါ။

ခန့်မှန်းရလဒ် - ဆိုစီဒက် ၁ - ၀ ဂီတာဖေး

**ဘီလ်ဘာအို Vs လီဂါနက်**

ကစားမည့်ရက်/အချိန် ၂၆-၁-၂၀၂၅ (ည ၁၂း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လီဂါနက် ၀ - ၂ ဘီလ်ဘာအို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | - | အိမ်(ရှုံး) | ဝေး(နိုင်) | ဝေး(ရှုံး) |
| လီဂါနက် | - | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံတည်ငြိမ်မှုရှိတဲ့ ဘီလ်ဘာအိုအသင်းက လီဂါနက်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ လီဂါနက်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ နိုင်ပွဲပြန်လည်ရရှိနေတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုအားနည်းနေပါတယ်။ ဒါကြောင့် ဘီလ်ဘာအိုအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ဘီလ်ဘာအို ၂ - ၁ လီဂါနက်

# အီတလီစီးရီးအေပြိုင်ပွဲ ပွဲစဉ်(၂၂) ပွဲကြိုသုံးသပ်ချက်

STA

**လက်ချီ Vs အင်တာမီလန်**

ကစားမည့်ရက်/အချိန် ၂၆-၁-၂၀၂၅ (ည ၁၁း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အင်တာမီလန် ၂ - ၀ လက်ချီ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လက်ချီ | - | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(ရှုံး) |
| အင်တာမီလန် | - | အိမ်(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |

ချန်ပီယံဆုအတွက် အားပြိုင်နေရတဲ့ အင်တာမီလန်အသင်းဟာ အဝေးကွင်းဆိုပေမဲ့ လက်ချီအသင်းကို အနိုင်ရယူဖို့အတွက်တော့ လက်ရှိခြေစွမ်းပိုင်းနဲ့ခက်ခဲမှာမဟုတ်ပါဘူး။ လက်ရှိ လက်ချီအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုအားနည်းနေလို့ အင်တာမီလန်အသင်းကို ထိန်းချုပ်ရခက်ခဲမှာပါ။ ဒါကြောင့် အင်တာမီလန်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - လက်ချီ ၀ - ၂ အင်တာမီလန်

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၃) ပွဲကြိုသုံးသပ်ချက်

STA

**အေဗီလာ Vs ဝက်စ်ဟမ်း**

ကစားမည့်ရက်/အချိန် ၂၆-၁-၂၀၂၅ (ည ၁၁း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အေဗီလာ ၂ - ၁ ဝက်စ်ဟမ်း

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အေဗီလာ | - | ဝေး(နိုင်) | ဝေး(သရေ) | ဝေး(ရှုံး) |
| ဝက်စ်ဟမ်း | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(ရှုံး) |

အိမ်ကွင်းကစားပုံတည်ငြိမ်မှုရှိပြီး တိုက်စစ်ပိုင်းအားကောင်းတဲ့ အေဗီလာအသင်းဟာ ဝက်စ်ဟမ်းအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ဝက်စ်ဟမ်းအသင်းကတော့ လက်ရှိအချိန်ထိ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေပြီး ရုန်းကန်နေရဆဲပါ။ ဒါကြောင့် အေဗီလာအသင်းကိုပဲအားပေးရမှာပါ။

ခန့်မှန်းရလဒ် - အေဗီလာ ၃ - ၁ ဝက်စ်ဟမ်း

# အချိန်တိုင်းမှာ မီးသတိရှိကြပါ

**ကျွန်းသားမေမန်း**

မိုးရာသီကုန်ဆုံး၍ ဆောင်းရာသီရောက်လာခဲ့ပြီ။ ပြောရမည်ဆိုပါက ခြောက်သွေ့သောရာသီဥတုသို့ ရောက်လာခဲ့ပြီဖြစ်သည်။ သဘာဝပတ်ဝန်းကျင် အပြောင်းအလဲများနှင့်အတူ ရာသီဥတုသည်လည်း ပြောင်းလဲဖြစ်ပေါ်လာနေသည်။ အယ်လ်နီညိုရာသီဥတု၊ လာနီညာရာသီဥတု ပြောင်းလဲဖြစ်ပေါ်မှုများနှင့်အတူ ကမ္ဘာ့နေရာဒေသအသီးသီးတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များဖြစ်ပေါ်ခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်း အားအလွန်ကောင်းသော ရာသီဥတု၏ အခြေအနေသက်ရောက်မှုများကြောင့် ကမ္ဘာတစ်ဝန်း ပူပြင်းခြောက်သွေ့ခြင်းကိုရင်ဆိုင်ခဲ့ရသည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့အပူချိန်အမြင့်ဆုံး ၁၅ မြို့စာရင်းတွင် ချောက်၊ မကွေး၊ မင်းဘူး၊ ညောင်ဦး စသည့် မြို့များပါရှိခဲ့သည်ကို ထုတ်ပြန်ချက်များအရ သိရှိခဲ့ရသည်

**သဘာဝဘေးအန္တရာယ်များ**

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ နေရာတိုင်းတွင် အချိန်မရွေးဖြစ်ပေါ်တတ်သည်။ သဘာဝဘေးအန္တရာယ်ဆိုရာ၌ သဘာဝတရားကြောင့်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များနှင့် လူတို့၏ပယောဂကြောင့် ဖြစ်ရသော ဘေးအန္တရာယ်များဟူ၍ ရှိကြသည်။ ၎င်းတို့အနက် လူတို့၏ပယောဂကြောင့် ဖြစ်တတ်သော သဘာဝဘေးအန္တရာယ်တစ်ခုမှာ မီးဘေးအန္တရာယ်ဖြစ်သည်။ မီးဘေးအန္တရာယ်သည် နေရာဒေသမရွေး၊ အချိန်ကာလမရွေး ဖြစ်ပေါ်တတ်သည့် ဘေးအန္တရာယ်လည်းဖြစ်သည်။ မီးလောင်မှုကြောင့် လူတို့၏အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော်၏ ဘဏ္ဍာအရင်းအမြစ်များကို မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း ဖျက်ဆီးပစ်နိုင်စွမ်းရှိသည်။ မီးဘေးအန္တရာယ်သည် ရန်သူမျိုးငါးပါးထဲတွင် တစ်ပါးပါဝင်သည်။ လူခိုးတော့အစုတ်ကျန်၊ မီးလောင်တော့အပြောင်ကုန်ဆိုသည့် စကားလည်းရှိသည်။ မီးကိုသူခိုး၊ ဓားပြထက်ဆိုးသည့်ရန်သူဟုသတ်မှတ်ပြီး မီးဘေးရှောင်မလောင်ခင်တားဆီးရန် မီးသတ်ဦးစီးဌာနက အမြဲပင်တိုက်တွန်းနှိုးဆော်ခဲ့ကြသည်။ မီးဘေးအန္တရာယ်မှာ သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်သော်လည်း လူများ၏ မဆင်မခြင်အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာရသောအန္တရာယ်လည်းဖြစ်သည်။ မီးသည် လူများ၏ အကောင်းဆုံး မိတ်ဆွေဖြစ်သော်လည်း၊ ကြောက်စရာ အကောင်းဆုံး ရန်သူလည်းဖြစ်သည်။

မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားတွင် မီးလောင်ဆုံးရှုံးမှုများကို နှစ်စဉ်ကြုံတွေ့နေရပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်။ အထူးသဖြင့် လူတို့၏ပေါ့ဆမှုကြောင့်ဖြစ်တတ်ခြင်းဖြစ်ရာ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ မပေါ့ဆရန်လိုသည်။ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့မဈေးအတွင်း မီးလောင်ကျွမ်းခဲ့မှုဖြစ်စဉ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း စက်ရုံတစ်ခု မီးလောင်ကျွမ်းမှုဖြစ်စဉ်များရှိခဲ့သည်။ ဤမီးလောင်ကျွမ်းမှုဖြစ်စဉ်များမှာ မိုးရာသီကာလအတွင်း လောင်ကျွမ်းခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုမှာ နွေ၊ မိုး၊ ဆောင်းမဟူ သတိမထားပါက အန္တရာယ်ပေးနိုင်သည့်အရာဖြစ်၍ အချိန်တိုင်းမှာရှိပါအသိ မီးသတိထားရှိကြကာ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ထားကြရန် လိုအပ်သည်။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနှင့်အတူ နိုင်ငံအလိုက် လူဦးရေတိုးပွားလာမှုများနှင့် စက်မှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီးလောင်မှုဖြစ်စဉ်များ များပြားလာသည်ကိုတွေ့နေရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် နှစ်စဉ် မီးလောင်မှုများဖြစ်ပွားလျက်ရှိရာ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း မီးလောင်မှုအကြိမ်ပေါင်း ၁၈၀၀၀ခန့် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၈၇ ဘီလီယံကျော်ခန့် ရှိခဲ့ကြောင်း သိရသည်။ ဤစာရင်းများအရ နိုင်ငံတစ်ဝန်းလုံး ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် အကြိမ်ရေ ၁၈၀၀ ခန့် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် နှစ်စဉ် ၁၈ ဘီလီယံကျော်ဆုံးရှုံးနေသည်ကို တွေ့ရမည်ဖြစ်သည်။

**❖မီးဘေးအန္တရာယ်သည် နေရာဒေသမရွေး၊ အချိန်ကာလမရွေး ဖြစ်ပေါ်တတ်သည့် ဘေးအန္တရာယ်လည်းဖြစ်သည်။ မီးလောင်မှုကြောင့်လူတို့၏ အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော်၏ ဘဏ္ဍာအရင်းအမြစ်များကို မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းဖျက်ဆီးပစ်နိုင်စွမ်းရှိသည်။ မီးဘေးအန္တရာယ်သည် ရန်သူမျိုးငါးပါးထဲတွင် တစ်ပါးပါဝင်သည်။ လူခိုးတော့အစုတ်ကျန်၊ မီးလောင်တော့အပြောင်ကုန် ဆိုသည့်စကားလည်းရှိသည်။ မီးကိုသူခိုး၊ ဓားပြထက်ဆိုးသည့်ရန်သူဟု သတ်မှတ်ပြီး မီးဘေးရှောင်မလောင်ခင်တားဆီးရန် မီးသတ်ဦးစီးဌာနက အမြဲပင်တိုက်တွန်းနှိုးဆော်ခဲ့ကြသည်။ ❖**

**အချိန်တိုင်းမှာရှိပါအသိ မီးသတိ**

မီးဆိုသည်မှာ ရန်သူမျိုးငါးပါးထဲတွင် တစ်ပါးအပါဝင်ဖြစ်ပြီး လူများနှင့် အစဉ်မပြတ်ထိတွေ့နေရသောအရာလည်းဖြစ်သည်။ ထို့ကြောင့် လူသားများ၏ အနီးကပ်ဆုံးရန်သူလည်းဖြစ်သည်။ သတိမထားကြလျှင် ရာသီမရွေး၊ အချိန်မရွေး ကြုံတွေ့နိုင်သည့် ရန်သူလည်းဖြစ်သည်။ ထို့ကြောင့် မိမိတို့နှင့် အနီးကပ်ရှိနေသော ရန်သူမီးဘေးအန္တရာယ်ကို အစဉ်အမြဲသတိထားနေကြရန်လိုအပ်သည်။ သတိဆိုသည်မှာ ပိုသည်မရှိ၊ လိုသည်သာရှိသည်။

မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းများစွာရှိသည့်အနက် အများအားဖြင့် မီးကိုပေါ့ဆစွာအသုံးပြုခြင်း၊ မီးဖိုမီးနှင့် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်းတို့ကြောင့် အများဆုံးဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် မီးလောင်ကျွမ်းမှုများကို တားဆီးရန်မှာ ပြည်သူများ ကိုယ်တိုင်ပါဝင်ရန်လိုအပ်သည်။ အိမ်တိုင်းရှိ မိသားစုတိုင်း မီးဘေးအသိနှင့် မီးဘေးသတိရှိနေကြရန်လိုသည်။ ယခုအခါ မြို့နှင့်အလှမ်းဝေးသောနေရာများထိ လျှပ်စစ်မီးရရှိအသုံးပြုလာနိုင်ကြပြီဖြစ်ရာ လျှပ်စစ်မီးအပူလွန်ကဲ မီးလောင်ခြင်းများမဖြစ်စေရေး အထူးသတိထားကြရန် လိုအပ်သည်။ လျှပ်စစ်စက်ဘီးများ၊ ဘက်ထရီများ၊ ဖုန်းစသည်များကို လျှပ်စစ်အားဖြည့်ရာမှ မီးလောင်မှုများကို ဖြစ်ပေါ်စေသည်ဖြစ်ရာ လျှပ်စစ်မီးသုံးစွဲခြင်းကိုလည်း သတိထားကြရန် လိုအပ်ပေသည်။ ထို့အတူ မီးလောင်လွယ်စေသည့် ပစ္စည်းများ ထားသိုမှုကိုလည်း အစဉ်အလေးထားကြရန်လိုသည်။ မြို့များ၊ ရပ်ကွက်များ၊ ကျေးရွာများတွင် မော်တော်ဆိုင်ကယ်များ ပေါများလာသည်နှင့်အမျှ ဓာတ်ဆီလွယ်လင့်တကူ ဖြည့်ဆည်းနိုင်သည့် ဓာတ်ဆီရောင်း အိမ်ဆိုင်ကလေးများကို မြို့ပေါ် ရပ်ကွက်များ၊ ကျေးရွာများတွင် တွေ့မြင်နေရသည်။ မီးမလောင်ရန် သတိထားကိုင်တွယ် အသုံးပြုတတ်ကြရန်လိုသည်။ မီးမလောင်ရန် သတိထားကိုင်တွယ်အသုံးပြုသည့်နည်းတူ အိမ်တွင်း၊ အိမ်ပ၌ မီးလောင်စေတတ်သောအရာများကို လုံခြုံသောအကာအကွယ်၊ ခံနိုင်သောအနေအထားနှင့် ကြိုတင်ငြိမ်းသတ်နိုင်သည့် မီးသတ်ပစ္စည်းများ၊ ငြိမ်းသတ်ရှောင်ရှားနိုင်မည့် ဝင်လမ်း၊ ထွက်လမ်းများကို ကြိုတင်ပြင်ဆင်ကာ အသင့်ပြုလုပ်ထားကြရန်လိုသည်။

မြို့ပေါ်ရပ်ကွက်ကျေးရွာများတွင် မီးချိတ်၊ မီးကပ်များထားရှိစေခြင်း၊ ရေပုံး၊ သဲပုံးများထားရှိစေရန် နွေရာသီရောက်တိုင်း အသိပေးနှိုးဆော်လေ့ရှိသည်။ ဖြစ်နိုင်လျှင် ကားများတွင် မီးသတ်ဆေးဘူးများထားရှိမည်ဖြစ်သည်။ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ အပေါ့စားမီးသတ်စက်များ၊ မီးသတ်ဆေးဘူးများ အိမ်တိုင်းစေ့မဆောင်ထားနိုင်သည့်တိုင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကဦးဆောင်၍ ရပ်ကွက်ဗဟိုမီးကင်းရုံများတွင် ထားရှိသင့်သည်။ ရပ်ကွက်တိုင်း အရန်မီးသတ်တပ်ဖွဲ့ဝင်များရှိနေသင့်သည်။ ရပ်ကွက်လူငယ်များအနေဖြင့်လည်း အရန်မီးသတ်တပ်ဖွဲ့ဝင်များအဖြစ်ပါဝင်ခြင်းကို အလေးအမြတ်ပြုအပ်သော ပရဟိတလုပ်ငန်းတစ်ခုအဖြစ် ခံယူတတ်ရန်လိုသည်။

**တစ်ဦးချင်းကိုယ်စီတာဝန်**

မီးလောင်ကျွမ်းမှုဖြစ်လျှင် ဥစ္စာပစ္စည်းများ၊ နေအိမ်အဆောက်အအုံများ ဆုံးရှုံးရသည့်အပြင် လူ့အသက်များပါ ဆုံးရှုံးရတတ်ကြောင်း ဖြစ်ပေါ်ခဲ့သည့် မီးဘေးအန္တရာယ်များအရ သိရသည်။ နှစ်စဉ်မီးလောင်မှုများကြောင့် အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာများ ဆုံးရှုံးမှုလျော့နည်းနိုင်စေရန် လူတိုင်းမီးကို သတိပြုသုံးစွဲရန်လိုအပ်သည်။ မီးလောင်ကျွမ်းခြင်းမဖြစ်ရအောင် ကြိုတင်ကာကွယ်တားဆီးရန်လိုသည်။ မီးဘေးအန္တရာယ်ကို ကာကွယ်တားဆီးရာ၌ လူတစ်ဦးချင်းစီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်သည်။ မီးသတ်ဦးစီးဌာနအနေဖြင့် နွေ၊ မိုး၊ ဆောင်းရာသီမပြတ် မီးဘေးအန္တရာယ် ကာကွယ်ရေးကို လူ့အင်အား၊ စက်အင်အားများဖြင့် မီးကာကွယ်ရေး၊ တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံတော်အနေဖြင့် မီးလောင်ကျွမ်းရာတွင် အရေးပေါ်ငြိမ်းသတ်နိုင်ရန် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းများ ဆောင်ရွက်ထားသကဲ့သို့ ပြည်သူတစ်ဦးချင်းစီ၏ အသိနှင့် လိုက်နာကျင့်သုံးမှုကလည်း အရေးကြီးသည်။ နှစ်စဉ်မီးလောင်မှုအကြိမ်ရေနှင့် မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုတန်ဖိုးများ လျော့ကျစေရေးအတွက် ပြည်သူလူထုအတွင်း မီးသတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာများ စိမ့်ဝင်ပျံ့နှံ့နေစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- မေ ၆၊၂၀၂၄ မြန်မာ့အလင်းသတင်းစာ၊
  မေ ၂၅၊ ၂၀၂၄ မြန်မာ့အလင်းသတင်းစာ

# ရေကြည်မြို့နယ် တောင်ယာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

ရေကြည် ဇန်နဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ကွင်းသုံးဆင့်ကျေးရွာအုပ်စု တောင်ယာကြီးကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၃ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားခဲ့ ကြောင်းသိရသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၃ ဒသမ ၆ သန်းလွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်ယာကြီးကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၂ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၁ ဒသမ ၅သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၆ဦးကို ငွေကျပ် ၃၃ ဒသမ ၆ သန်းကို တစ်ဦးချင်းလက်ဝယ် အရောက် ထုတ်ချေးပေးခဲ့ကြောင်း ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက ပြောပြ၍သိရသည်။

**သံသာ**

# More than 3,000 acres of monsoon paddy harvested in Monywa Township



Monsoon paddy being harvested using machinery.

**Monywa January 24**

Local farmers have harvested 3,763 acres of monsoon paddy in Monywa Township of Sagaing Region, according to the Agriculture Department of Monywa Township.

They planted 3,763 acres of monsoon paddy last monsoon and harvested all sown acreage of monsoon paddy starting from November 2024. Now, they produced 85.42 baskets of paddy per acre.

U Soe Thet Aung, Head of Monywa Township Agriculture Department, said: "Farmers could plant 3,763 acres of monsoon paddy in Monywa Township. Now, they have harvested all sown acreage of monsoon paddy. Our department helped farmers with necessary agricultural techniques and quality strains of crops and urged them to grow monsoon in time."

Moreover, officials of the Township Agriculture Department cooperated with local farmers to grow crops without any difficulties.

Officials of the department shared agricultural techniques, ways of prevention of pests, minimizing loss and waste of crops and keeping harvested paddy under shelter in time.

This year, staff of the Township Agriculture Department participated in selection of quality strains of paddy seeds, monitoring pests, weeding the farmlands, removal of different strains of crops and systematic use of fertilizers. 206

# Mezali Diversion Weir to irrigate more than 33,000 acres of paddy in Pwintbyu Township

**Pwintbyu January 24**

A plan is underway to grow 33,235 acres of summer paddy in Pwintbyu Township of Magway Region with the use of irrigated water from Mezali Diversion Weir this summer.

In order to grow summer paddy in time, Township Irrigation and Water Utilization Management Department will irrigate agricultural water to farmlands from 15 February 2025. Officials from Township Agriculture Department will cooperate with those from relevant department to help local farmers select quality strains of crops, use correct agricultural techniques and agricultural inputs.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department, said: "Authorities earmarked 33,235 acres of summer paddy this year to ensure food security in the township. So, officials supervise cultivation of summer paddy in fields. Arrangements are being made to provide agricultural techniques and quality strains of crops for local farmers."

If farmers make efforts to increase per-acre yield of paddy, it will contribute to food security in the entire nation and export surplus. Consequently, it will stabilize commodity prices and improve socioeconomic life of the people. Hence, all farmers have to strive for increase of per-acre yield of crops.

This summer, Mesali Diversion Weir will irrigate 33,235 acres of summer paddy and 27,193 acres of sesame in Pwintbyu Township. Local farmers grow Sarpotha, GW-1, Yadanatoe, Manaw Thukha, Hsinthukha and Chan Myae May paddy strains in the township.

Ye Win Naing (NyaungU)

# Sagaing District grows some 10,000 acres of winter soya bean this cold season

**Sagaing January 24**

Statistics of Sagaing District Agriculture Department stated that farmers planted 9,963 acres of winter soya bean in Sagaing District of Sagaing Region.

Local authorities earmarked 10,300 acres of soya bean in the district in 2024-25 cold season. But, farmers planted 9,963 acres of crops.

Daw Thida Lwin, Head of Sagaing District Agriculture Department explained: "Authorities set a plan to grow 10,300 acres of soya bean in the district. But, farmers planted 9,963 acres of crops against the target cultivation. Our department helped farmers to grow the bean meeting the target cultivation. Moreover, we helped farmers prevent pests. In addition, our urged local farmers and officials to provide quality strains of seeds to farmers."

In Sagaing District, farmers planted 2,022 acres of soya bean in Sagaing Township, 718 acres in Myinmu Township and 7,223 acres in Myaung Township, totalling 9,963 acres.

But, local authorities earmarked cultivation of soya bean on 2,042 acres of croplands in Sagaing Township, 742 acres in Myinmu Township and 7,516 acres in Myaung Township, totalling 10,300 acres.

Officials of relevant township Agriculture Departments provided necessary quality strains of crops, agricultural techniques, prevention of pests and use of fertilizers to boost per-acre yield of crops.

This monsoon, relevant Township Agriculture Departments cooperate with local farmers to grow pulses and beans with the use of quality strains of crops, agricultural inputs and post-harvest technology. 206

# 8 killed, 7 injured in massive explosion at ordnance factory in India's Maharashtra

**New Delhi January 24**

At least eight people were killed and seven others injured Friday in a massive explosion inside an ordnance factory in the western Indian state of Maharashtra, local officials said.

The blast took place around 10:30 a.m. local time at the factory in Bhandara district, about 830 km east of Mumbai, the capital city of Maharashtra. Firefighters rushed to the spot to contain the situation.

The explosion caused the roof of the factory to collapse and trap the workers.

Authorities have brought in an excavator to remove the debris and look for the trapped ones. The injured were removed to the hospital in ambulances.

Reports said the sound of the blast was heard in a five-km radius.

Accidental explosions are common in Indian factories as owners and workers usually ignore safety standards.

India's Defense Minister Rajnath Singh expressed sadness over the blast, offered condolences to the families of the deceased, and prayed for the quick recovery of the injured.

Xinhua

# Xinhua Headlines: Europe gravitates to greater self-reliance as Trump begins new term



This photo taken on Dec. 18, 2024 shows a view of the Voelklingen Ironworks in Saarland, Germany.

**Brussels January 24**

U.S. President Donald Trump's first days in the White House have sent ripples of unease through Europe. Accusing the EU of unfair treatment, Trump has vowed to impose tariffs to address trade imbalances.

In response, French President Emmanuel Macron and German Chancellor Olaf Scholz met in Paris on Wednesday, describing Trump as "a challenge" for Europe while stressing Europe's strength and unity.

Trump's policies are poised to affect not just U.S.-Europe trade relations but also Europe's territorial integrity, defense priorities and economic outlook.

"President Trump's initial statements and executive orders put transatlantic relations under pressure, not only because of their unpredictability, but also because raw power seems to be more important than legality and international cooperation," said Philippe Monnier, former executive director of the Greater Geneva Berne Area's Economic Development Agency.

The specter of U.S. tariffs on EU imports threatens to send shockwaves through the European economy. Although many EU countries have taken lessons from Trump's first term and braced themselves for such scenarios, the potential impact remains significant.

Xinhua

# Katha Township harvests over 25,000 acres of rainfed rice


Farmers harvesting monsoon paddy in a field.

**Katha January 24**

A total of 25,401 acres of rainfed rice planted in this year rain crops planting season have been harvested in Katha Township, Katha District, Sagaing Region, according to statistics from the Department of Agriculture for Katha Township.

In Katha Township, during this year's rain crops planting season, 38,490 acres of rainfed rice were planted, and the cultivated rainfed rice fields were harvested from October 2024. Till date, 25,401 acres have been harvested and the yield per acre is 82.16 baskets.

"The necessary techniques and types of rainfed rice cultivation have been provided. We have conducted field work so that the farmers can plant rainfed rice on time," said U Ko Lay, head of the Department of Agriculture for Katha Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers have cooperated with each other in order to ensure that there is no difficulty in planting rainfed rice.

The department offered agricultural technology, pest prevention education, crop protection strategies, and guidance on the timely storage of harvested rice under shelter to farmers in Katha Township. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# More than 4,000 acres of chick pea in Shwebo Township

**Shwebo January 24**

Statistics of Shwebo Township Agriculture Department stated that local farmers have so far planted 4,640 acres of winter chick pea in Shwebo Township of Sagiang Region.

This year, Shwebo Township earmarked 4,831 acres of chick pea in cold season of 2024-25 but farmers have so far planted 4,640 acres of crops against the target cultivation.

U Hsan Oo, Head of Shwebo Township Agriculture Department disclosed: "Township authorities set a plan to grow more than 4,800 acres of chick pea in the township. Farmers have planted more than 4,600 acres of chick pea. Our department helped farmers meet the target cultivation. Sown acreage of chick pea is on the rise year by year. To have high quality of crops, officials of the department cooperate with local farmers in distribution of agricultural inputs and with post-harvest technology."

Farmers prefer to grow Yezin-8 and Yezin-11 strains of chick pea in Shwebo Township. They cost more than K300,000 per acre of chick pea.


A chick pea plantation.

This year, the Township Agriculture Department co-operates with local farmers in using quality strains of crops and agricultural inputs, and post-harvest technology. In addition, officials of the Agriculture Department urged local farmers to use Trichoderma to increase per-acre yield of crops.

Sagaing Region is the largest pulses and beans sown acreage. Moreover, the region grow pulses and beans as main crops and operate the mixed cropping and double cropping. 206

# Monywa Township grows over 6,000 acres of winter peanuts

**Monywa January 24**

A total of 6,775 acres of peanuts have been planted during this year winter crops planting season in Monywa Township, Monywa District, Sagaing Region, according to statistics from Department of Agriculture for Monywa Township.

During the 2024-2025 winter crop plantings season, 6,850 acres of peanuts have been planned to be planted in Monywa Township, and since October 2024, 6,775 acres have been planted.

"We are working to achieve the target area of cultivation. As for the oil crop, it is in a successful position. As for the cultivation of peanuts, it is improving year by year," said U Soe Thet Aung, head of the Department of Agriculture for Monywa Township.

In Monywa Township, one acre of peanuts is planted with half a basket of seeds, and it is reported that it cost more than 200,000 kyats including the cost of seeds, labor costs, fertilizer and pesticide costs, and if one acre is planted, it yields more than 50 baskets. 206


A thriving winter peanut plantation.

# More than 1,300 acres of vegetables planted in Ayadaw Township

**Ayadaw January 24**

Local farmers have grown 1,838 acres of vegetables in Ayadaw Township of Sagaing Region as cold season crops, according to the Monywa District Agriculture Department.

In 2024-25 cold season, farmers have planted 1,383 acres of vegetables exceeding the target cultivation of 1,346 acres in Ayadaw Township.

Daw San San Myint, Head of Monywa District Agriculture Department revealed: "This cold season, farmers exceeded cultivation of vegetables on 1,383 acres of croplands more than the target cultivation of 1,346 acres. They emphasize cultivation of mustard, chilli, cucumber, tomato, potato, spicy, cabbage, eggplant, cauliflowers, broccoli, Chinese cabbage, ladyfinger and so on. Our department urges local farmers to grow and produce healthy crops with least chemical residue for safety consumption of the people."

This year, officials of the Township Agriculture Department conduct training courses for local farmers to enhance their capacity to be able to grow vegetables without any difficulties. Moreover, the department gives training to local farmers to apply GAP system and urges them to expand sown acreage of vegetables.

At present, vegetable plantations are thriving in Ayadaw Township. Hence, farmers earn increased incomes for their families. Officials of Township Agriculture Department help farmers use correct agricultural techniques, prevent pests and make natural fertilizers and pests with the use of raw materials obtained in the regions.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက ဥရောပ၏ Eurodrone အစီအစဉ်တွင် လေ့လာသူနိုင်ငံအဖြစ် ပါဝင်ခွင့်ရရှိမည်



ဥရောပ၏ ပူးတွဲစစ်လက်နက်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(OCCAR)သည် ရည်မှန်းချက်ကြီးမားသော Eurodrone အစီအစဉ်သို့ အိန္ဒိယနိုင်ငံကို တရားဝင်ဖိတ်ခေါ်ခဲ့ပြီး လေ့လာသူနိုင်ငံအဖြစ် ပါဝင်ခွင့်ရှိမည့် ဒုတိယမြောက် အာရှနိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ၏ Eurodrone စီမံကိန်းတွင် ပူးပေါင်းပါဝင်လာမှုသည် ဥရောပမှသည် အခြားဒေသများသို့ ကျော်လွန်၍ တစ်ကမ္ဘာလုံး၏စိတ်ဝင်စားမှုကိုမီးမောင်းထိုးပြနေခြင်းလည်း ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် အိန္ဒိယ၏ အခန်းကဏ္ဍ တိုးမြင့်လာမှုနှင့် မောင်းသူမဲ့လေယာဉ်စနစ်များတွင် စွမ်းဆောင်ရည်များ အဆင့်မြင့်တင်ရန် သိသာထင်ရှားသော ကြိုးပမ်းချက်တစ်ရပ်လည်းဖြစ်သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ဂျပန်နိုင်ငံသည် Eurodrone အစီအစဉ်တွင် လေ့လာသူနိုင်ငံအဖြစ် ပါဝင်ခဲ့သည့် ပထမဆုံး အာရှနိုင်ငံဖြစ်လာခဲ့သည်။

၂၀၁၆ ခုနှစ်တွင် စတင်ခဲ့သော Eurodrone အစီအစဉ်သည် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေး၊ ပစ်မှတ်ဖော်ထုတ်ရေးနှင့် ကင်းထောက်ရေး (ISTAR) မစ်ရှင်များကို ပံ့ပိုးပေးရန်အတွက် ဒီဇိုင်းထုတ်ထားသည့် မျိုးဆက်သစ်၊ အလယ်အလတ် အမြင့်ပျံလေထဲတွင် ကြာရှည်ပျံသန်းနိုင်စွမ်းရှိမည့် ဒရုန်းတစ်မျိုးကိုတီထွင်ထုတ်လုပ်ရန် အာရုံစိုက်ထားသည့် အစီအစဉ်တစ်ရပ် ဖြစ်သည်။ အဆိုပါအစီအစဉ်သည် အမေရိကန်နိုင်ငံက ထုတ်လုပ်သော MQ-9B ဒရုန်းများကဲ့သို့ ဥရောပထုတ်မဟုတ်သော ပလက်ဖောင်းများပေါ်တွင် ဥရောပနိုင်ငံများ မှီခိုနေရမှုကိုလျှော့ချရန် ရည်ရွယ်လုပ်ဆောင်လာခြင်းဖြစ်သည်။ Eurodrone တွင် အဆင့်မြင့်အာရုံခံကိရိယာများ၊ ထောက်လှမ်းရေးကိရိယာများနှင့် လက်နက်စနစ်များ တပ်ဆင်အသုံးပြုနိုင်ရန် မျှော်မှန်းထားပြီး ဥရောပနိုင်ငံများ၏ ရေမြေပထဝီဝန်းကျင်၊ ရာသီဥတုအခြေအနေများနှင့်လိုက်လျောညီထွေ အသုံးပြုနိုင်ရန် ရည်မှန်းချက်ထားလုပ်ဆောင်နေခြင်းလည်းဖြစ်သည်။ အဆိုပါစီမံကိန်းကို ပြင်သစ်၊ ဂျာမနီ၊ အီတလီနှင့် စပိန်နိုင်ငံတို့က ဦးဆောင်ပြီး အဲဘတ်စ်ကုမ္ပဏီ၊ Dassault လေကြောင်းနှင့် လီယိုနာဒိုကုမ္ပဏီကြီးများ အပါအဝင် အဓိကစက်မှုလုပ်ငန်းမိတ်ဖက်ကုမ္ပဏီများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် မေလတွင် Eurodrone သည် ၎င်း၏ ပဏာမဒီဇိုင်းပြန်လည်သုံးသပ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီး ဒရုန်း၏ဒီဇိုင်းသည် စွမ်းဆောင်ရည်၊ ဘေးကင်းမှုနှင့် ကုန်ကျစရိတ်သက်သာမှုစသည့် လိုအပ်ချက်များအားလုံးနှင့် ကိုက်ညီကြောင်း အတည်ပြုပေးနိုင်ခဲ့သည်။ Eurodrone အစီအစဉ်၏ ပထမဆုံးဒရုန်းပျံသန်းမှုကို ယခုနှစ်တွင် ပြုလုပ်နိုင်ရန်စီစဉ်ထားပြီး ကနဦးလွှဲပြောင်းပို့ဆောင်မှုများကို ၂၀၂၈ ခုနှစ်တွင် စတင်နိုင်ရန် မျှော်လင့်ထားသည်။

အိန္ဒိယ၏ ပူးပေါင်းပါဝင်မှုသည် ဥရောပနှင့် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးကို အားကောင်းလာစေရန်နှင့် အဆင့်မြင့် စစ်ရေးနည်းပညာတွင် ပူးပေါင်းဆောင်ရွက်မည့် အခွင့်အလမ်းများရှာဖွေခြင်းသို့ ခြေလှမ်းတစ်ခုအဖြစ် ရှုမြင်နိုင်သည်။ Eurodrone စီမံကိန်းသည် ဥရောပ၏ ကာကွယ်ရေးဆိုင်ရာ ကိုယ်ပိုင်လုပ်ဆောင်နိုင်စွမ်းနှင့် နည်းပညာဆိုင်ရာ လွတ်လပ်မှုကို အဆင့်မြင့်တင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာလိမ့်မည်ဟု မျှော်မှန်းထားကြသည်။

**India Officially Joins Eurodrone Program ကို ဘာသာပြန်ဆိုထားပါသည်။**

## ဖိလစ်ပိုင်က တောင်ကိုရီးယားထံမှ FA-50 စူပါဆောနစ်တိုက်လေယာဉ် ၁၂ စင်း ထပ်မံဝယ်ယူရန် စီစဉ်နေ

ဖိလစ်ပိုင်နိုင်ငံသည် တောင်ကိုရီးယားထံမှ FA-50 Fighting Eagle စူပါဆောနစ်တိုက်လေယာဉ် ၁၂ စင်း ထပ်မံဝယ်ယူရန် စီစဉ်နေကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဖိလစ်ပိုင်ငွေကြေး ပီဆိုဘီလီယံ ၄၀ တန်ဖိုးရှိ အဆိုပါဝယ်ယူရေး သဘောတူညီချက်သည် ဖိလစ်ပိုင်၏ FA-50 တိုက်လေယာဉ်အုပ်ကို အင်အားနှစ်ဆတိုးစေမည်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်အစောပိုင်းကတည်းက ဖိလစ်ပိုင်နိုင်ငံသည် FA-50 Fighting Eagle တိုက်လေယာဉ်များ တပ်ဖြန့်အသုံးပြုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါအစီအစဉ်ကို ဖိလစ်ပိုင်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီလအစောပိုင်းတွင် ထုတ်ပြန်ခဲ့သည့် ဝယ်လိုအား စောင့်ကြည့်ရေးအစီရင်ခံစာမှ တစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့သည်ဟု ပြည်တွင်းသတင်းထုတ် Inquirer သတင်းစာက ရေးသားဖော်ပြခဲ့သည်။ ဖိလစ်ပိုင်နှင့် တောင်ကိုရီးယားတို့သည် ယခုအခါ နိုင်ငံခြားစစ်ဘက် ရောင်းချမှုဆိုင်ရာ စည်းကမ်းချက်များကို ဆွေးနွေးနေကြပြီး စာချုပ်အပြီးသတ်လုပ်ဆောင်နိုင်ရေးကိုမှ ၂၀၂၅ ခုနှစ် နှစ်လယ်တွင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။

ဖိလစ်ပိုင်လေတပ်၏ လက်ရှိ FA-50 တိုက်လေယာဉ်များကို ပီဆို ၁၈ ဒသမ ၉ ဘီလီယံဖြင့် ဝယ်ယူဖြည့်တင်းခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ တပ်မတော်နှင့် မင်ဒါနာအို၊ မာရာဝီမြို့၌ IS စစ်သွေးကြွအဖွဲ့များကြား ၂၀၁၇ ခုနှစ် ပဋိပက္ခအတွင်း ထိရောက်စွာတပ်ဖြန့်အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ Korea Aerospace Industries ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသည့် FA-50 တိုက်လေယာဉ်သည် အရှည် ၁၃ မီတာနှင့် တောင်ပံအရှည် ကိုးမီတာရှိသည်။ ၎င်းတွင် ၂၀ မီလီမီတာ စက်သေနတ်၊ ပဲ့ထိန်းဗုံးများ၊ ဝေဟင်မှ ဝေဟင်ပစ်နှင့် ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်များ တပ်ဆင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ အဆိုပါ တိုက်လေယာဉ်ကို General Electric Turbofan ထုတ် အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး အလျင်နှုန်း တစ်နာရီလျှင် ၁၈၅၂ ကီလိုမီတာထိ ပျံသန်းတိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

နောက်ထပ် FA-50 တိုက်လေယာဉ်များနှင့်အတူ ဖိလစ်ပိုင်စစ်ဘက်သည် အရေးပေါ် စစ်ဆင်ရေးများအတွက် Bell 412 EPX ရဟတ်ယာဉ်များဝယ်ယူရန် ပီဆိုတစ်ဘီလီယံ ရင်းနှီးမြှုပ်နှံထားကြောင်း Inquirer သတင်းစာက မှတ်ချက်ပြုခဲ့သေးသည်။ ဖိလစ်ပိုင်လေတပ်၏ A-29 Super Tucano အပေါ့စားတိုက်ခိုက်ရေးလေယာဉ် ခြောက်စင်းအတွက် နောက်ထပ် ပီဆို ၆ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ ဝယ်ယူရေးစာချုပ်ကိုလည်း Sierra Nevada Corp.ကုမ္ပဏီနှင့် ချုပ်ဆိုထားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် စစ်ဘက်၏ ဆိုက်ဘာအခြေခံ အဆောက်အအုံနှင့် မြေပြင်အခြေစိုက် လေကြောင်းရန် ကာကွယ်ရေးစနစ်တို့ ပါဝင်သော ခေတ်မီအဆင့်မြင့်တင်ရေး စီမံကိန်းများကို အကောင်အထည်ဖော် လုပ်ဆောင်နေကြောင်း Inquirer သတင်းစာက ဆက်လက်ဖော်ပြခဲ့သည်။ အဆင့်မြင့်တင်မှုများတွင် တောင်ကိုရီးယား သင်္ဘောတည်ဆောက်ရေး Hyundai Heavy Industries ကုမ္ပဏီထံမှ ၂၀၂၀ ခုနှစ်တွင် ဝယ်ယူခဲ့သော Miguel Malvar-Class Corvettes အမြန်သွားတိုက်ရေယာဉ်များလည်းပါဝင်နေပြီး မကြာမီ ဖိလစ်ပိုင်ရေတပ်တွင် တပ်မတော်ဝင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ တန်ဖိုးအားဖြင့် ပီဆို ၂၈ ဘီလီယံရှိ အဆိုပါအမြန်သွားကော်ဗက်တိုက်ရေယာဉ်များကို ယခုနှစ်ပထမသုံးလပတ်အတွင်း လက်ခံရရှိနိုင်ရန် မျှော်မှန်းထားသည်။



**Philippines to Double FA-50 Supersonic Fighter Jet Fleet ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံနေကြာ ၁၆၀၅၉ ဧကထိ စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ပွင့်ဖြူ ဇန်နဝါရီ ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၆၀၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၈၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နေကြာ ၁၆၀၅၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နေကြာ ၁၂၈၀၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၆၀၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတိုးတက်ဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့အတွက် ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီ ဆောင်ရွက်ပေးပါတယ်။ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက အခြားဆီထွက်သီးနှံတွေ ဖြစ်တဲ့ မြေပဲ၊ နှမ်းထက် အထွက်နှုန်းပိုများပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ နေကြာစိုက် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းသီးနှံများ ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိအောင် ကူညီဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် သွင်းအားစုပစ္စည်းများ စနစ်တကျ သုံးစွဲတတ်စေရေး အသိပညာပေးခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နေကြာသီးနှံအပါအဝင် အခြားဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း ဆီစားသုံးမှုဖူလုံစေပြီး ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ၏လူမှုစီးပွားဘဝမြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးခုံးမ ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဇန်နဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးခုံးမ ပိဿာချိန် ၇၃၀၀၀ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီငွေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးခုံးမပိဿာချိန် ၅၅၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးခုံးမပိဿာချိန် ၇၃၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ရန်ကုန်ဈေးကွက်သို့ ငါးခုံးမများ အပါအဝင် ရေထွက်ကုန်များကို အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ငါးခုံးမတွေ ရန်ကုန်ဈေးကွက်ထဲကိုပိဿာချိန် ၇၃၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ပြည်တွင်း ငါးစားသုံးမှု များလာတာကြောင့် ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များလာတာဖြစ်ပါတယ်။ ငါးခုံးမ ၁၀ ပိဿာကို ငွေကျပ် ၈၅၀၀၀ ပေါက်ဈေးရှိပါတယ်''ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီငွေးက ပြောပြသည်။



ငါးခုံမများကိုနေ့စဉ် တင်ပို့ ရောင်းချ လာရသည့်အတွက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ကျောက်ရဲကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ရဲကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၂၃ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ မတည်ရန်ပုံငွေအရင်း အတိုးပေးဆပ်ရမည့် ကာလများနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျောက်ရဲကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၅ ဒသမ ၅ သန်း လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များက ကျောက်ရဲကျွန်း ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၂၆၀ကို ငွေကျပ် ၃၅ ဒသမ ၅သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။ **သန်းသန်းစိုး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၄-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၉၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၆၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၁၅ |


**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ၉ ကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ၂၁ ရက်မှ၂၃ ရက်ထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့၏ ၉ ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့ကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင်ကျင်းပခဲ့ပြီး မွန်းလွဲပိုင်းတွင် ၉ ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးကို ဗီယင်ကျန်းမြို့ရှိ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် အရာရှိကြီးများနှင့် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay LAKHAMPONG ဦးဆောင်သည့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-လာအို နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဆက်သွယ်ရေးစနစ်အသုံးပြုလိမ်လည်မှု၊ ဆိုက်ဘာရာဇဝတ်မှု၊ နယ်စပ်ဖြတ်ကျော်လောင်းကစားမှု၊ မူးယစ်ဆေးဝါးမှုနှင့် လူကုန်ကူးမှုကဲ့သို့သော နိုင်ငံဖြတ်ကျော်မှုခင်းများအား ပူးပေါင်းတိုက်ဖျက်ရေး၊ တရားခံပြေးများ




ဖမ်းဆီးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးရေး၊ နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံးများ(BLOs)အကြား ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများမှတစ်ဆင့် လူနှင့် ကုန်ပစ္စည်းများတရားမဝင်ဝင်ထွက်သွားလာမှု မရှိစေရေးအတွက် သက်ဆိုင်ရာပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ဖက်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြားရာဇဝတ်မှုကျူးလွန်ပြီး ဝရမ်းပြေးများအဖြစ် ကြေညာထားသည့်အကြမ်းဖက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်များကို ရှာဖွေဖော်ထုတ်ဖမ်းဆီးလွှဲပြောင်းပေးရေးနှင့် တားဆီးထိန်းချုပ်ရေး၊ နှစ်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာန နှစ်ခုအကြား အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ဖလှယ်၍ နိုင်ငံဖြတ်ကျော်မှုခင်းများအား တားဆီးနှိမ်နင်းနိုင်ရန် ဆက်သွယ်ဆက်ဆံရေး စနစ်တစ်ရပ်ထားရှိရေးတို့ကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ညှိနှိုင်းဆွေးနွေးခဲ့သည့် အချက်များအား ထိရောက်အကျိုးရှိစွာ ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အစည်းအဝေးမှတ်တမ်းကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay LAKHAMPONG က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ထို့ပြင် ခရီးစဉ်အတွင်း မြန်မာ-လာအို နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၃ရက်တွင်လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**❑ ရှမ္မကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှအဆက်**

အမိန့်ကြော်ငြာစာအမှတ်( ၁၂ /၂၀၂၅) အရ ၁၃၈၆ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက် (၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်)မှစတင်သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ရှမ္မကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှမ္မကားကျေးရွာနှင့် ငါးရယ်ကျေးရွာတို့အကြား ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိပါသည်။ မင်းတုန်းမင်းတရားကြီးလက်ထက် ၁၂၂၅ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်တွင် ရှမ္မကားတောရကြီးကျောင်းနယ်မြေအဖြစ် မူလပထမရွှေကျင်ဆရာတော်ဘုရားကြီးထံလှူဒါန်းခဲ့ပြီး သီတင်းသုံးနေထိုင်သည့်ဆရာတော်ကြီးများက ခေတ်အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် တောတောင်သဘာဝအလှအပရှုခင်းများ၊ အဖိုးတန်ရေးဟောင်းယဉ်ကျေးမှုလက်ရာများဖြင့် ခံ့ညားထည်ဝါနေသော အဆောက်အအုံများ ယနေ့တိုင် ပျက်စီးပျောက်ကွယ်သွားခြင်းမရှိဘဲ တည်ရှိနေသည်။

ရှမ္မကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၃၂၇ ဧကရှိသောဒေသတွင် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအပြည်ပြည်ဆိုင်ရာအဖွဲ့(IUCN)၏ ကာကွယ်ထိန်းသိမ်းမှုအဆင့် သတ်မှတ်ချက်အရ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered–EN)စာရင်းဝင်ရှားပါး၍ မြန်မာနိုင်ငံတွင်သာပေါက်ဖွားကျက်စားလျက်ရှိသောမျိုးစိတ်(Endemic Species–ED)ဖြစ်သည့် မြန်မာ့ရွှေသမင်များနှင့် တောကြောင်မျိုးစိတ်များ၊ ရှဉ့်၊ တွားသွားသတ္တဝါများနှင့် ခါ၊ ရွှေပြည်စိုး၊ ကြက်တူရွေးစသည့် ငှက်မျိုးစိတ်များ ကျက်စားရာဒေသဖြစ်သောကြောင့် ရေရှည်တည်တံ့စေရန်အတွက်လည်းကောင်း၊ အပူပိုင်းတောခြောက်အမျိုးအစားတွင် ရှင်သန်ပေါက်ရောက်သည့် သန်း၊ ဒဟတ်၊ တမာ၊ ရှား၊ ကုက္ကိုစသည့် သစ်မျိုးများနှင့် အခြားအပင်မျိုးစိတ်များပေါက်ရောက်ခြင်းကြောင့် အပူပိုင်းဒေသဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက်လည်းကောင်းရည်ရွယ်၍ **“ရှမ္မကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော”**အဖြစ် သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

ရှမ္မကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတည်ထောင်ထိန်းသိမ်းခြင်းအားဖြင့် မြန်မာ့ရွှေသမင်များကျက်စားနေထိုင်ရာ နေရင်းဒေသများအား ရေရှည်တည်တံ့စေရန်စောင့်ရှောက်နိုင်ခြင်း၊ အပူပိုင်းသစ်တောဂေဟစနစ်များနှင့် သစ်တောဖုံးလွှမ်းမှုပိုမိုကောင်းမွန်လာပြီး ထာဝစဉ်တည်ရှိနေခြင်းအားဖြင့် ရာသီဥတုမျှတစေခြင်းနှင့်ကောင်းမွန်သော မြေဩဇာ၊ မြေဆီများကို ထိန်းသိမ်းထားနိုင်ခြင်း၊ ရေတိုက်စားခြင်း၊ မြေပြိုခြင်းနှင့်ချောင်းကောခြင်းများကို သက်သာစေနိုင်ခြင်း၊ မြစ်၊ ချောင်းများ ရေစီးရေလာများကောင်းမွန်လာစေခြင်း၊တောတောင်ရေမြေနှင့် သဘာဝသစ်ပင်များအမြဲတမ်းစိမ်းလန်းစိုပြည်လာခြင်းကြောင့် တောရိုင်းတိရစ္ဆာန်များအတွက် စားကျက်များကောင်းမွန်ခြင်းနှင့် အကောင်အရေအတွက် တိုးတက်ပွားများလာစေခြင်း၊ တောတောင်ရေမြေသစ်ပင်များ ဖွံ့ဖြိုးကောင်းမွန်လာစေခြင်းအားဖြင့် မြေနိမ့်ပိုင်း လယ်ယာမြေများတွင် သဘာဝမြေဩဇာများပေါကြွယ်ဝ၍ စိုက်ပျိုးသည့် ကောက်ပဲသီးနှံများ ပိုမိုဖြစ်ထွန်းလာနိုင်ပြီး ဒေသခံများ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**⚐ ပြည်တွင်းထုတ်ဓာတ်ဆီရောင်းချပေးသွားမည်မှအဆက်**

ယခုအခါ ပြည်သူများ၏တောင်းဆိုချက်အရ ဒုတိယအဆင့်အနေဖြင့် RON 68 အသုံးပြုရန်သင့်လျော်သည့် အများပြည်သူပိုင် မော်တော်ယာဉ်များနှင့် ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်များကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှစတင်၍ လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါသည်။

ပြည်တွင်းထုတ်ဓာတ်ဆီကိုသုံးစွဲခြင်းဖြင့် ပြည်ပမှစက်သုံးဆီတင်သွင်းမှုကို အထိုက်အလျောက်လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေခြင်း၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအတွက် သယ်ယူပို့ဆောင်ရေးလွယ်ကူလာခြင်း၊ ဆီစားနှုန်းသက်သာ၍ကြာရှည်အမောင်းခံခြင်း၊ ပြည်သူလူထုများ နေ့စဉ်ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ ဈေးနှုန်းမြင့်မားစွာဖြင့် ဝယ်ယူသုံးစွဲရမည့်အစား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲလာနိုင်သည့်အတွက် ကုန်ကျစရိတ်သက်သာပြီး မိသားစုဝင်ငွေ အထိုက်အလျောက်အထောက်အပံ့ရရှိခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (၅၀၁)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၄**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီနှင့်နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေး ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက် ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော် ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစု အဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်သူ့ ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အလုပ်အဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက် လာကြသူများက ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် နှစ်ဖက်အဆိုပြုချက် များကို ဆက်လက်ဆွေးနွေးညှိနှိုင်းကြပြီး နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းမည့်ကိစ္စအား နိုင်ငံရေး ပါတီများအစုအဖွဲ့ဘက်က ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ အထွေထွေဆွေးနွေးခြင်း ကဏ္ဍ၌ နိုင်ငံရေးပါတီကိုယ်စားလှယ်များက ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ် များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာ မှုရရှိရန် လုပ်ဆောင်သင့်သောအစီအမံ များအား အကြံပြုဆွေးနွေးခြင်းကိစ္စရပ်များ၊ ပြည်သူများ၏ လိုအပ်ချက်များကို ဥပဒေ ကြောင်းအရ ဖြည့်ဆည်းပေးနိုင်ရေးကိစ္စရပ် များ၊ လက်ရှိနိုင်ငံရေးအခြေအနေနှင့် အစိုးရနှင့် ပြည်သူလက်တွဲ၍ကျော်လွှားနိုင် ရေးကိစ္စရပ်များ၊ နိုင်ငံရေးဝါဒမှိုင်းများကြောင့် ဖြစ်ပေါ်လာသော PDF များကို နိုင်ငံတော် ရင်ခွင်သို့ ပြန်လည်ဝင်ရောက်မှုများပြားလာ စေရေး အကြံပြုတင်ပြခြင်းကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ အရေအတွက် တိုးမြှင့်ခေါ်ယူရေး အကြံပြုချက်များအား ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူ များက မိမိတို့၏သဘောထားများကို အပြန် အလှန် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နှစ်ရက်တာတွေ့ဆုံ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ် ရရှိသည့် သဘောတူညီချက်များကို အတည် ပြုလက်မှတ်ရေးထိုးခြင်းနှင့် ဆက်လက် ဆွေးနွေးရန် လိုအပ်သည့်နှစ်ဖက်အဆိုပြု ချက်များ၊ နှစ်ဖက်ညှိနှိုင်းရရှိသည့် သဘော ထားများကို သဘောထားစုစည်းချက်အဖြစ် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ ကြသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့ ၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့က နိဂုံးချုပ် အမှာစကားများပြောကြားခဲ့ပြီး လက်ဆောင် ပစ္စည်းများကိုပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သည် ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင် ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကွင်းဆင်း စစ်ဆေးသည်။

ဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန် ယူဆောင်ရွက်လျက်ရှိပြီး ဇီးဖြူကုန်းကျေးရွာ ရှိလူဦးရေ ၃၈၁၈ ဦးတို့၏ စိုက်ပျိုးမြေဧက ၂၇၀၀ ကျော် အကျိုးပြုပေးနိုင်မည့် ဇီးဖြူကုန်း ကျေးရွာကုန်ထုတ်လမ်းတံတားဖောက်လုပ် နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြား၍ ကျေးရွာနေပြည်သူများ ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးကာ ကုန်ထုတ်လမ်းတံတားဖောက် လုပ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရမည်းသင်းမြို့နယ် သိမ်ကုန်း ကျေးရွာယာယီရှင်းလင်းဆောင်၌ ရွှေစင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း အသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့် လည်းကောင်း၊ ကန်ဘဲ့ကျေးရွာယာယီ ရှင်းလင်းဆောင်၌ ရွှေကန်ဘဲ့စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း အသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အသင်းသားတောင်သူများအနေဖြင့် ရာသီ အလိုက် မိမိတို့ဒေသနှင့်ကိုက်ညီသောသီးနှံ များစိုက်ပျိုးရာတွင် လိုအပ်သည့်နည်းပညာ များ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သမဝါယမအသင်းက စိုက်ပျိုးထားသော ဆောင်းနေကြာစိုက်ခင်းများမှ ထွက်ရှိလာ သောနေကြာများကို သမဝါယမအသင်းပိုင် ဆီစက်များက ပွဲစားမလိုဘဲ ဒေသပေါက် ဈေးနှုန်းဖြင့် တိုက်ရိုက်ဝယ်ယူကြိတ်ခွဲပေး နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေး အတွက် တစ်ဦးချင်းဆောင်ရွက်ခြင်းမပြုဘဲ အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ စိတ်တူ ကိုယ်တူဆန္ဒတူသူများကိုစုပေါင်း၍ သမ ဝါယမအသင်းများ စုဖွဲ့လုပ်ဆောင်ရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက် များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး ကာ ဆောင်းနေကြာစိုက်ပျိုးထားရှိမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထုပ်ပိုးပြင်ဆင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင် နေကြသည့် ရှေ့တန်းရောက် တပ်မတော် သားများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများနှင့် ဌာန ဆိုင်ရာဝန်ထမ်းမိသားစုများက စားသောက် ဖွယ်ရာများကို ပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့လျက်ရှိရာ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးတို့မှ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇၆၅၃၂၀၀ တန်ဖိုး ရှိ ငါးခြောက်ကြော်၊ ဗာလချောင်ကြော်၊ ငံပြာရည်ကြော်ဘူး၊ ငါးသေတ္တာဘူး၊ မားမား ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ တီးမစ်၊ ပဲနို့၊ လက်ဖက်၊ ပုစွန်ခြောက်၊ ငါးခြောက်၊ ကြက်သွန်နီ၊အမည်စုံ၊ မုန့်မျိုးစုံနှင့်အရေးပေါ် ဆေးဝါးများစသည်တို့ကို ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့ဝင်များက ပေးအပ်ကြရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ များက လက်ခံရယူကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် များအတွက် လှူဒါန်းကြသည့်စားသောက် ဖွယ်ရာများနှင့်အတူ ဝန်ထမ်းမိသားစုများက ပေးပို့သော ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၂၄

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရရှိသည့် လူဦးရေအချက်အလက်များ ကွဲလွဲမှုမရှိစေရေး၊ ပြည့်စုံမှန်ကန်ရေးအတွက် စိစစ်ပြင်ဆင်ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်အဆင့် (၃) လျာထားသတ်မှတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်၊ ယာယီရွှေ့ပြောင်း နေထိုင်လာသူများကို စာရင်းကောက်ယူ၍ စာရင်းပြုစုတင်ပြဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းများအောင်မြင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှု၊ မဲစာရင်းမှန်ကန်ရေးနှင့် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေး ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ မင်္ဂလာဒုံမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက်ပြည့်မီသည့် ကျောင်းသား၊ ကျောင်းသူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် စိစစ်ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ နိုင်ငံသားကတ်ရရှိပြီးသည့် ကျောင်းသား၊ ကျောင်းသူများကို e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက်(Biometric) ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက်ရှိ တောတိုက်ဓမ္မရိပ်သာ၌ ဝန်ထမ်းများက ဒေသခံပြည်သူများကို လုပ်ငန်းစဉ်အဆင့်အလိုက် ငါးဦးကော်မတီဖြင့်စိစစ်၍ ဥပဒေနှင့်အညီ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် စိစစ်ထုတ်ပေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံသားကတ်ရရှိပြီးသူများကို e-ID စနစ်ဖြင့် Biographic၊ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၉၁ ဦးနှင့် တောတိုက်ရပ်ကွက်မှ ဒေသခံပြည်သူ ၁၀၅ ဦးတို့ကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးပြီး e-ID စနစ်ဖြင့် Unique ID နံပါတ်ထုတ်ပေးခြင်းကို One Stop Service ဖြင့် တစ်ပါတည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ပဥ္စမနေ့နှင့် ဆုပေးပွဲ ကျင်းပ




ရန်ကုန် ဇန်နဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ပဥ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၅) ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ စီစဉ်မှုဖြင့် ဆေးပညာသင်ကြားရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းစဉ်များတွင် ပြောင်းလဲတိုးတက်လာသည့် ဉာဏ်ရည်တုနည်းပညာအသုံးပြုခြင်းဆိုင်ရာ အကြောင်းအရာများကို ကျန်းမာရေးပညာရှင်များ သိရှိနားလည်စေရန် ရည်ရွယ်လျက် "အနာဂတ်၏ ကျန်းမာရေးပညာရှင်များကို ပုံဖော်ရာတွင် ဉာဏ်ရည်တုနည်းပညာကိုအသုံးပြုခြင်း" ''Artificial Intelligence: Shaping the Next Generation of Health Professionals'' ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲကို ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် သဘာပတိများအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ပါမောက္ခ ဒေါက်တာဖေသက်ခင်နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်းတို့က ဆောင်ရွက်ကြပြီး အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်-မန္တလေး ဆေးပညာဌာန ပါမောက္ခ ဒေါက်တာမောင်မောင်ဦးက ဆေးပညာသင်ကြားရေးတွင် ဉာဏ်ရည်တုနည်းပညာ၏ အရေးပါမှုနှင့် သင်ယူမှုပတ်ဝန်းကျင်တွင် ပြောင်းလဲအသုံးဝင်မှုများကို ''AI in Medical Education: Transforming Learning Environments'' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်-တောင်ကြီး ဆေးပညာဌာန ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာအောင်ကျော်သူက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဉာဏ်ရည်တုနည်းပညာအသုံးပြုခြင်းဆိုင်ရာ ကျင့်ဝတ်နှင့် စိန်ခေါ်မှုများအကြောင်းကို ''Ethics and Challenges in AI-Integrated Healthcare'' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာပပစိုးက ဆေးပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဉာဏ်ရည်တုနည်းပညာ၏ အခန်းကဏ္ဍကို ''Roles of AI in Medical Research'' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၁)ရန်ကုန် ရောဂါဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဇင်မျိုးထွန်းက ရောဂါရှာဖွေရေးနှင့် ကုသရေးလုပ်ငန်းစဉ်များတွင် ဉာဏ်ရည်တုနည်းပညာ၏အသုံးဝင်မှုများအကြောင်းကို ''AI Applications in Clinical Diagnosis and Treatment'' ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပါမောက္ခဆရာကြီး၊ ဆရာမကြီးများနှင့် ပညာရှင်များက မေးခွန်းများမေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုတင်ပြခြင်းများကို ဆောင်ရွက်ခဲ့ကြရာ သဘာပတိကြီးများနှင့် ဟောပြောသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ပညာရပ်ဆိုင်ရာဟောပြောပွဲကို ဆက်လက်ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Peking University မှ Professor Yinzi Jin က မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိစေရန် လူထုအခြေပြုကျန်းမာရေးလုပ်သားများ၏ အလုပ်တာဝန်ခွဲဝေရွှေ့ပြောင်းခြင်းဆိုင်ရာ အကောင်အထည်ဖော်မှုနည်းဗျူဟာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Peking University မှ Dr Yikai Feng က ဝင်ငွေနည်းပါးခြင်းနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများတွင် လူထုအခြေပြု ကျန်းမာရေးလုပ်ငန်းများကို ထောက်ပံ့ပေးရန် အကောင်အထည်ဖော်မှုနည်းဗျူဟာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ Bangabandhu Sheikh Mujib Medical University မှ Dr Fatema Shabnam က မိခင်ကျန်းမာရေးစောင့်ရှောက်ပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခာတ်ရောင်ခြည်ဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသားကင်ဆာကုသရေးဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာကောင်းမြတ်ရွှေက လက်ရှိကာလ မြန်မာနိုင်ငံတွင် ကင်ဆာခာတ်ရောင်ခြည်ကုသပေးနေမှု အခြေအနေများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ပညာရပ်ဆိုင်ရာဟောပြောပွဲသို့တက်ရောက်သော ဆရာကြီး၊ ဆရာမကြီးများက မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ကြသည်။

ယင်းနောက် သုတေသနညီလာခံ ပိတ်ပွဲအခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားများကို ဆက်လက်ကျင်းပရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအေးအေးခင်က အမှာစကားပြောကြားပြီး ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှလှဝင်းက ဆုရွေးချယ်ရေးဆိုင်ရာ သုံးသပ်ချက်များ၊ ဆုရရှိသည့် စာတမ်းများနှင့် ဆုရရှိသည့် ပိုစတာများကို ကြေညာသည်။

အကောင်းဆုံး အခြေခံသုတေသနစာတမ်းပထမဆုကို မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာမြတ်မြတ်မိုးနှင့် အဖွဲ့၏ "အိပ်ချ်အိုင်ဗီ ပိုင်းရပ်စ်အမျိုးအစား(၁)မျိုးရိုးဗီဇနှင့် ပထမအဆင့် အိပ်ချ်အိုင်ဗီကုသဆေး ဆေးမတိုးသော အိပ်ချ်အိုင်ဗီဗိုင်းရပ်စ်အမျိုးအစား(၁) ရှိသော ရောဂါသည်များရှိ ဆေးယဉ်ပါးမှုအားလေ့လာခြင်း" သုတေသနစာတမ်းကလည်းကောင်း၊ အကောင်းဆုံးအသုံးချသုတေသနစာတမ်းပထမဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာဖြူဝင်းအိနှင့် အဖွဲ့၏ "ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိုက်ဆိုနိုက်ယာဇစ် ဆေးယဉ်ပါးတီဘီလူနာများတွင် ပုံမှန်နည်းများဖြင့် ရောဂါရှာဖွေမရနိုင်သော အိုက်ဆိုနိုက်ယာဇစ်နှင့် ရိုင်ဖန်ပီစင် ဆေးနှစ်မျိုးယဉ်ပါးတီဘီများတွေ့ရှိခြင်း(၂၀၂၃-၂၀၂၄)" သုတေသနစာတမ်းကလည်းကောင်း၊ အကောင်းဆုံး ကျန်းမာရေးစနစ် သုတေသနစာတမ်းပထမဆုကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒေါက်တာစိုးမင်းဦးနှင့် အဖွဲ့၏ "မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသူများတွင် ကိုယ်လက်ကြံ့ခိုင်မှုအားလေ့လာခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့သော တစ်ကြိမ်လေ့လာမှုသုတေသနတွင် တွေ့ရှိခဲ့သော ကာယကြံ့ခိုင်မှု ပျံ့နှံ့မှု" သုတေသနစာတမ်းကလည်းကောင်း၊ အကောင်းဆုံး ပိုစတာပထမဆုကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒေါက်တာစိုးမင်းဦးနှင့်အဖွဲ့၏ "ဆီးချိုရောဂါအကြိုရှိသူများတွင် ပြင်းထန်သော အေရိုးဗစ်လေ့ကျင့်ခန်း သို့မဟုတ် ခွန်အားလေ့ကျင့်ခန်းတို့အနက် နှလုံးနှင့်ဇီဝဖြစ်စဉ်ကျန်းမာရေးကို ပိုမိုကောင်းမွန်စေရန်အတွက် မည်သည့်လေ့ကျင့်ခန်းက ပိုကောင်းသနည်း" သုတေသနပိုစတာကလည်းကောင်း၊ လူငယ်သုတေသီဆု (အသုံးချသုတေသန)ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာထက်စုလှိုင်နှင့် အဖွဲ့၏ "ကိုယ်ဝန်ဆောင်ဆီးချိုလူနာများတွင် ပရိဘိုင်အိုတစ်ဖြည့်စွက်စာတိုက်ကျွေးခြင်းဖြင့် ကိုယ်ဝန်ဆောင်ဆီးချိုလူနာများ၏ အင်ဆူလင်ခုခံအားမြင့်မားမှုပြောင်းလဲခြင်း အကျိုးသက်ရောက်မှုကိုလေ့လာခြင်း" သုတေသနစာတမ်းကလည်းကောင်းရရှိခဲ့ပြီး ဆုရွေးချယ်ရေးအဖွဲ့ဝင်များက ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# မန္တလေးနန်းမြို့အနောက်ဘက်ရှိ စည်ရှုည်တံတား ပြန်လည်တည်ဆောက်ပြီးစီးနေမှု၊ မြို့တွင်းလမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ယာဉ်ကြောပြအမှတ်အသားများ ပေါ်လွင်ထင်ရှားစေရန် ဆေးကြောသန့်ရှင်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး



မန္တလေး ဇန်နဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက မန္တလေးနန်းမြို့အနောက်ဘက်ရှိ စည်ရှုည်တံတား ပြန်လည်တည်ဆောက်ပြီးစီးနေမှုနှင့် မြို့တွင်းလမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆေးကြောသန့်ရှင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မန္တလေးနန်းမြို့အနောက်ဘက်ရှိ စည်ရှုည်တံတားကို ရှေးမူမပျက် မူလပုံစံအတိုင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ တံတားနှင့်ဆက်စပ်လျက်ရှိသည့် လမ်းများကို ခင်းကျင်းဆောင်ရွက်ထားမှု၊ ကျုံးမြို့ရိုးသာယာလှပရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများကို လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့တွင်းရှိ လမ်းမကြီးများကို သန့်ရှင်းသပ်ရပ်မှုရှိစေရန် ရေများဖြင့် ဆေးကြောသန့်ရှင်းခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ယာဉ်ကြောပြအမှတ်အသားများ ပေါ်လွင်ထင်ရှားစေရန် ဆေးကြောခြင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့ကြီးများရှိ လမ်းမကြီးများ ရေဆေးသန့်ရှင်းရေးဆောင်ရွက်ခြင်းများကို စီမံချက်များ ချမှတ်၍ လစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မျိုးကျော်

# နေပြည်တော်၌ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ်မြောက် ဆေးဝါးများတိုက်ရိုက်ရောင်းချပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၄

ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ်မြောက် ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်ထိ ငါးရက်တိုင်တိုင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ နေပြည်တော် ပျဉ်းမနားမြို့ "မင်္ဂလာကန်တော်ခန်းမ" (မြင်းရုပ်အနီး)၌ ကျင်းပပြီး ဆေးကုမ္ပဏီ ၄၀ က ဆေးဝါးမျိုးစုံတို့ကို ပါဝင်ပြသရောင်းချပေးသွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း အရောင်းစင်တာများကို ထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးဝါးရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆေးဝါးသုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများကို အဆိုပါဆေးဝါးအရောင်းစင်တာများတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အတူတွဲယှဉ် စုံစုံလင် ယူနန် - မြန်မာ ဒြပ်မဲ့ယဉ်ကျေးမှုအသွင် အခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ပျော်ရွှင်ဖွယ် တရုတ်နှစ်သစ်ကူး၊ တရုတ် - မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး သီတင်းပတ် အတူတွဲယှဉ် စုံစုံလင် ယူနန်-မြန်မာ ဒြပ်မဲ့ယဉ်ကျေးမှုအသွင်အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိတရုတ်ယဉ်ကျေးမှုစင်တာ(ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံမှူးကြီး Ms. Cao Jing နှင့် မြန်မာနိုင်ငံ စာရေးဆရာများအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ယူနန်ပြည်နယ်ပြတိုက် ဒုတိယပြတိုက်မှူး ဖန်းဟိုင်ထောင်းက "မြွေယဉ်ကျေးမှု" အကြောင်းကိုလည်းကောင်း၊ ယူနန်ပြည်နယ်ပြတိုက် သုတေသနနှင့် ဖလှယ်ရေးဌာန ဌာနမှူး သုတေသီကောကျားက "ယူနန်ပြည်နယ် ပွဲတော်ယဉ်ကျေးမှု" အကြောင်းကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဦးခိုင်ထွန်းက "မြန်မာပွဲတော်ယဉ်ကျေးမှု" အကြောင်းကိုလည်းကောင်း မိတ်ဆက်ဟောပြောကြသည်။

ယင်းနောက် China Media Group (Yangon Bureau) သတင်းထောက် ကျန်းရှောင်နင်နှင့် မြန်မာနိုင်ငံ Skynet ရုပ်သံလွှင့်ဌာနမှ ထုတ်လုပ်သူ ဒေါ်ခင်ငြိမ်းချမ်းကျော်တို့က နှစ်နိုင်ငံပူးပေါင်း၍ ရုပ်သံအစီအစဉ်များ ရိုက်ကူးခဲ့သည့် အတွေ့အကြုံများကို မျှဝေပေးကြပြီး မန်စီမြို့ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့က ပျော်ရွှင်ကြည်နူးဖွယ် အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများသည် ပျော်ရွှင်ဖွယ် တရုတ်နှစ်သစ်ကူး တရုတ် - မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး သီတင်းပတ်အစီအစဉ်များကို ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

ဇော်မင်းလတ်-MNA



# အသက် ၇၅ နှစ်နှင့်အထက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို ချီးမြှင့်ငွေများ ပေးအပ်




မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၇၅ နှစ်နှင့်အထက် အဖွဲ့ဝင်များကို ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာနယ်မြေအလိုက် အသက် ၇၅ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို အခမ်းအနားဖြင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် အသက် ၇၅ နှစ်ပြည့်၊ အသက် ၈၀ နှစ်ပြည့်၊ အသက် ၈၅ နှစ်ပြည့်၊ အသက် ၉၀ နှစ်ပြည့်နှင့် အသက် ၉၅ နှစ်ပြည့်သူ အဖွဲ့ဝင် ၂၉၂၇ ဦးကို တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၄၆ ဒသမ ၃၅ သန်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်းနှင့် နှစ်စဉ်အသက်အပိုင်းအခြားအလိုက် ပြည့်မြောက်လာသူများကို တစ်ကြိမ်စီ ချီးမြှင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည်ဆေးရုံများအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။(မဝဒ)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၄**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းသို့ရောက်ရှိရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဘုတ်ပြင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပုလဲကျွန်း၌အခြေပြု၍ ပုလဲကျွန်းနှင့်အနီးဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူဦးရေ ၃၂၀ ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၇ ဦး၊ ခွဲစိတ်ရောဂါ ၂၄ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါဦးရေ ၂၀၊ အရိုးရောဂါ ၅၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၀ ဦး၊ မျက်စိရောဂါ ၅၉ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ ဓာတ်မှန်ရိုက်လူနာ ငါးဦး၊ အာထရာဆောင်းဖြင့်စမ်းသပ်စစ်ဆေးလူနာ ၁၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာဦးရေ ၅၀ တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ နှစ်ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-







"အရင်က ကျွန်တော် မြိတ်မြို့မှာပြပါတယ်။ ခုမြိတ်ထိသွားစရာမလိုဘဲ ပုလဲကျွန်းမှာပြရပါတယ်။ ရောဂါက မျက်စိတို့ သွေးတိုးတို့အဖြစ်များပါတယ်။ မျက်စိကပိုတော့ ကောင်းလာတယ်။ ကျေးဇူးတင်ပါတယ်။ ဆေးလဲပေးပါတယ်။ ဆရာဝန်ကတော့ မျက်စိကိုခွဲစိတ်ပါမယ်တဲ့။နောက်မှ အေးဆေးခွဲစိတ်ပါမယ်တဲ့။ဆေးတော့ပေးလိုက်ပါတယ်"ဟုပြောသည်။

"ဆီးချိုသွေးချိုတို့ လာပြပါတယ်။ မြို့ကြီးပြကြီးမသွားရတော့ဘူးပေါ့။ ခရီးဝေးဝေးမသွားရတော့ဘူးပေါ့။ နောက်ဆုံးမြို့သွားနေရရင် ပိုက်ဆံတွေ အများကြီးကုန်မယ်လေ။ ဒီမှာဆိုတော့ ဘာမှကုန်ကျစရိတ်မရှိဘူးပေါ့။ အဲ့လိုသံလွင်သင်္ဘောမှာပဲ နယ်လှည့်ပြီးတော့ အဲ့လိုမျိုးမှာ ကုဖူးပါတယ်။ ခါးတွေဘာတွေနာလို့၊ သွားတွေဘာတွေကိုက်လို့ပြဖူးပါတယ်။ မြို့တွေမသွားရဘဲ ဒီမှာ တစ်ခါတည်းပြရတော့ အဆင်ပြေတာပေါ့။ အကုန်လုံးကတော့ စေတနာဖြူစင်စွာနဲ့ ကုသပေးပါတယ်။ ကောင်းပါတယ် အားလုံး။ ခုလိုဆေးကုသပေးတဲ့အဖွဲ့ လာကုပေးတဲ့အတွက်ကျေးဇူးတင်ပါတယ် "ဟုပြောသည်။

(မဝဒ)

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဖျာပုံမြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ်(၁၂)ရပ်ကွက်သို့ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ရပ်မိရပ်ဖများ၊ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဖျာပုံမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၈၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၂ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွားမီးယပ်ရောဂါ ခုနစ်ဦး၊ ကလေးရောဂါ ၁၇ ဦး၊ အရိုးရောဂါ ၉၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၈ ဦး၊ မျက်စိရောဂါ ၄၃ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာ လေးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)








တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ဖျာပုံမြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# မုံရွာမြို့ရှိ အမှတ်(၂)အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အမှတ်(၂)အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ကျင်းပပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာ၊ ပန်းဖွားအကဖြင့် တီးမှုတ်ကပြကြသည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ၏ "ကြိုဆိုပါသည် စုံညီပွဲတော်"သီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ပညာရေးစုံညီပွဲတော်အတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဘင်ခရာ၊ပန်းဖွားအဖွဲ့များ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စာပေနှင့်ဖွံ့ဖြိုးရေးထူးချွန်ဆုရရှိသူများ၊ အတန်းစဉ်ဆုရရှိသူများ၊ လူရည်ချွန်ဆုရရှိသူများ၊ စွမ်းရည်ပြိုင်ပွဲများ၌ဆုရရှိသူများကိုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကိုကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ဆုရရှိသည့် ကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

## ဟုမ္မလင်းမြို့အနီး မြေငလျင်လှုပ်ခတ်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ယနေ့နံနက် ၁ နာရီ ၅၃ မိနစ် ၃၃ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၆၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဟုမ္မလင်းမြို့၏ အရှေ့-အရှေ့တောင်ဘက် ကိုးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၄ ဒသမ ၈၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၅ ဒီဂရီ၊ အနက် ၄၃ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

☆ ရထားများပြေးဆွဲပေးမည်မှ အဆက်

လမ်းပိုင်းအားလုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်မည်ဖြစ်၍ သာစည်-ရွှေညောင် လမ်းပိုင်းတွင် ပြေးဆွဲပေးခဲ့သော အမှတ်(၁၄၁) အဆန် သာစည်- ရွှေညောင်လူစီးရထားကို ဇန်နဝါရီ ၃၁ ရက် သောကြာနေ့တွင်လည်းကောင်း၊ အမှတ်(၁၄၂)အစုန် ရွှေညောင်-သာစည် လူစီးရထားကို ဖေဖော်ဝါရီ ၃ ရက် တနင်္လာနေ့တွင် လည်းကောင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အပတ်စဉ်အမှတ်(၁၄၁) အဆန် သာစည်-ရွှေညောင်ရထားကို သောကြာနှင့် အမှတ်(၁၄၂)အစုန် ရွှေညောင်-သာစည်ရထားကို တနင်္လာနေ့တို့တွင် ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အမှတ်(၁၄၁)အဆန်ရထားသည် သာစည်မှ နံနက် ၆ နာရီထွက်ခွာ၍ ရွှေညောင်သို့ ညနေ ၅ နာရီတွင်လည်းကောင်း၊ အမှတ်(၁၄၂)အစုန်ရထားသည် ရွှေညောင်မှ နံနက် ၇ နာရီထွက်ခွာ၍ သာစည်သို့ ည ၆ နာရီတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။ခရီးစဉ်အစအဆုံး အတွက် လက်မှတ်ခမှာ ရိုးရိုးတန်း ၉၀၀၀



သာစည်-လှိုင်းတက်ကြား ရထားလမ်းတာပေါင်ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



ခွေးရုပ်-ဆင်တောင်ကြား တောင်ပြိုမြေများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

ကျပ်နှင့် အထက်တန်းလက်မှတ်ခမှာ ၁၂၀၀၀ ကျပ်ဖြစ်သည်။

ထို့ပြင် ပြည်တွင်းမှခရီးသွားလာမည့် ပြည်သူများ၊နိုင်ငံခြားသားခရီးသွားလာသူများကို ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ရေမြေတောတောင်သဘာဝရှုခင်းများ၊ ဒေသခံပြည်သူများနှင့်ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့်ဒေသန္တရဗဟုသုတများရရှိစေရန်ရည်ရွယ်၍ အောင်ပန်း-ကလော (အသွား-အပြန်)ခရီးစဉ်နှင့် ကလော-မြင်းဒိုက်(အသွား-အပြန်)ခရီးစဉ်များကို ခရီးသည် ၁၅ ဦးလိုက်ပါစီးနင်းနိုင်သည့် RGC ရထားစီးလုံးငှားခရီးစဉ်အဖြစ် ပုဂ္ဂလိကခရီးသွားလာရေးအဖွဲ့များ၊ မိသားစုများ၊ လေ့လာရေးအဖွဲ့များအနေဖြင့် ခရီးစဉ်တစ်ခုအတွက်(အသွား-အပြန်) ငွေကျပ် ၁၂၀၀၀၀ ဖြင့် စိတ်ပါဝင်စားသည့်မည်သူမဆို ယနေ့မှစတင်၍ငှားရမ်းစီးနင်းနိုင်မည်ဖြစ်သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမကအခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊လက်ပံတန်း-သာရဝေါ လမ်းပိုင်းစသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး



**နေပြည်တော် ဇန်နဝါရီ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ခန္တီးခရိုင် ခန္တီးမြို့နယ်အတွင်း မယ်ပုတ်-ကျားကိုက်-မလန်ပိုင် ကျေးရွာချင်းဆက်လမ်း ၁၀ မိုင်အနက် လေးမိုင် ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပိုင်းပေါ်တွင် Box Culvert ရှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ ၇၅ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းပြီးစီးမှုများကို ခန္တီးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ Z.CO ကုမ္ပဏီမှ တည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာတို့နှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါလမ်းပိုင်းဆောင်ရွက်ပြီးပါက ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ကျေးရွာ ၁၃ ရွာမှ ကျေးရွာနေပြည်သူဦးရေ ၃၆၅၀ တို့အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသ၏လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## မင်္ဂလာဒုံနှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာအဝေးပြေးကားဝင်းအတွင်းရှိ ကားဂိတ်တွင် TOYO-TA PROBOX အမျိုးအစား မော်တော်ယာဉ်ဖြင့် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ အောင်ကျော်လင်းနှင့် မဇာဇာဖြိုး(ခ)မဇာ တို့ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀၀၀ ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ညနေ ၅ နာရီခွဲ၌ ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု ဝင်းဘိုကျေးရွာအနီးတွင် အေးကျမောင်းနှင်လာသည့် ဆိုင်ကယ်ကိုစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ပေါ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီး တစ်ဦးသေဆုံးပြီး အဆောက်အအုံတချို့ ထိမှန်ပျက်စီးခဲ့ကြောင်း သတင်းတုသတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ပေါ်သို့ ဇန်နဝါရီ ၂၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီး တစ်ဦးသေဆုံးပြီး အဆောက်အအုံတချို့ ထိမှန်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့်၎င်းတို့အားထောက်ခံအားပေးခြင်းမရှိသည့်နယ်မြေများကို ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုကအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(မဝ၁)




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကယ်လီဖိုးနီးယားပြည်နယ် ကပ်စတိတ်ကန်အနီးတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံ ၅၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်



**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ဘက်ပိုင်းရှိ ကပ်စတိတ်ကန်အနီးတွင် ဇန်နဝါရီ ၂၃ ရက်မှ စတင်၍ တောမီး လောင်ကျွမ်းမှုကြောင့် ဒေသခံ ၅၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီး လောင်ကျွမ်းမှုဖြစ်ပွားနေသည့်နေရာသည် မြေပြင်မှ သွားရောက်ရန် ခက်ခဲသည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် လေကြောင်းအကူအညီကို ရယူရဖွယ်ရှိနေကြောင်း၊ တောမီး လောင်ကျွမ်းမှုသည် ဆန်တာကလာရီတာမြို့နှင့် ကီလိုမီတာ ၅၀ ဝေးကွာနေသော်လည်း မိုးလေဝသအခြေအနေပေါ်မူတည်ပြီး တောမီးကူးစက်လာနိုင်သည့်အတွက် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန်လိုသည်ဟု ကယ်လီဖိုးနီးယားပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ကပ်စတိတ်ကန်အနီးမှာ လောင်ကျွမ်းနေတဲ့ တောမီးဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၇ ရက်က လော့စ်အိန်ဂျလိစ်မှာ လောင်ကျွမ်းခဲ့တဲ့ တောမီးလောင်ကျွမ်းမှုနဲ့ မတူပါဘူး။ ဒါပေမဲ့ လေတိုက်နှုန်းတွေ မြင့်တက်နေတဲ့အတွက် တောမီးကူးစက်လောင်ကျွမ်းမှုတွေ အချိန်မရွေး ဖြစ်သွားနိုင်တဲ့အတွက် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ လိုပါတယ်"ဟု ကယ်လီဖိုးနီးယားပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ပဲရစ်ညီလာခံမှနုတ်ထွက်ရန် အမေရိကန်နိုင်ငံ၏ ဆုံးဖြတ်ချက်ကို တောင်အာဖရိကနိုင်ငံက ဝမ်းနည်းကြောင်း ပြောကြား

**ဂျိုဟန်နစ္စဘက် ဇန်နဝါရီ ၂၄**

ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးအတွက် ၂၀၁၅ ပဲရစ်ညီလာခံမှနုတ်ထွက်ရန်အမေရိကန်နိုင်ငံ၏ ဆုံးဖြတ်ချက်ကို တောင်အာဖရိကနိုင်ငံ အနေဖြင့် အလွန်ဝမ်းနည်းကြောင်း သစ်တော၊ ရေလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးက ဇန်နဝါရီ ၂၃ ရက်က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပဲရစ်ညီလာခံမှ နုတ်ထွက်ရန် ရည်ရွယ်ချက်ကို ကြေညာခဲ့ပြီးနောက် တောင်အာဖရိကနိုင်ငံ သစ်တော၊ ရေလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဒီယွန်ဂျော့ချ်၏ပြောကြားချက် ထွက်ပေါ်လာခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံ၏ ဆုံးဖြတ်ချက်သည် နိုင်ငံပေါင်းစုံ၊ နိုင်ငံတကာဥပဒေများနှင့်ယုံကြည်မှုများကိုထိခိုက်စေပြီး ကမ္ဘာလုံးဆိုင်ရာတာဝန်ကို စွန့်လွှတ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပဲရစ်ညီလာခံသည် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် ပျော့ပျောင်းပြီး အတက်ကြွဆုံးချဉ်းကပ်မှုကို ကိုယ်စားပြုကြောင်း၊ နိုင်ငံတိုင်းအနေဖြင့် ပဲရစ်သဘောတူညီချက်အောက်တွင် အမျိုးမျိုးသော စွမ်းဆောင်ရည်များဖြင့် အကောင်အထည်ဖော်ရန် ဘုံတာဝန်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာကြီးပူနွေးလာမှုနှင့် ကမ္ဘာကြီးကိုထိခိုက်စေသည့် ရာသီဥတုအကျပ်အတည်းကို သိသိသာသာဖြစ်ပေါ်စေလျက်ရှိသော အမေရိကန်နိုင်ငံအနေဖြင့် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများတွင် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏စီးပွားရေးကိုပံ့ပိုးရန် ကျင့်ဝတ်ဆိုင်ရာအရ တာဝန်ရှိကြောင်းနှင့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်းနှင့် ပဲရစ်သဘောတူညီချက်တွင် ချမှတ်ထားသည့် ပန်းတိုင်များကို အကောင်အထည်ဖော်ရန် တောင်အာဖရိကနိုင်ငံ၏ ကတိကဝတ်များကို ထပ်မံအတည်ပြုခဲ့ပြီး ကမ္ဘာ့အသိုက်အဝန်းအနေဖြင့် ရာသီဥတုပြောင်းလဲမှုကို အရေးတကြီး ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးကဆက်လက်ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : AZH

# မာဒါဂါစကားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ရှားပါးမျိုးစိတ်စာရင်းဝင် လိပ်ကောင်ရေရာနှင့်ချီ သေဆုံးခဲ့

**အန်တာနာနာရီဗို ဇန်နဝါရီ ၂၄**

မာဒါဂါစကားနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလလယ်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ အက်ဆီမိုအန်ဒရီဖာနာဒေသ လာဗာဗိုလာ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးဘေးမဲ့စခန်းမှ လိပ်ကောင်ရေ ရာနှင့်ချီ၍ သေဆုံးခဲ့ကြောင်း ဘေးမဲ့စခန်းအုပ်ချုပ်မှုအဖွဲ့က ဇန်နဝါရီ ၂၃ ရက်တွင် သတင်း ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

မာဒါဂါစကားနိုင်ငံတွင် ဇန်နဝါရီ လလယ်ပိုင်းက ဒီကီလီဒီအပူပိုင်းဆိုင်ကလုန်း မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အက်ဆီမိုအန်ဒရီဖာနာဒေသ လာဗာဗိုလာ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး ဘေးမဲ့စခန်းမှ လိပ်ကောင်ရေ ၄၅၀ ကျော် သေဆုံးခဲ့ကြောင်း၊ သာမန်အားဖြင့် လိပ်များသည် ရေထဲတွင်မျောပါကူးခပ်နိုင်သော်လည်း ရေကြီးရေလျှံမှုကြောင့် ကျောက်တုံးများနှင့် ထိခိုက်သေဆုံးခြင်းဖြစ်ပြီး အချို့မှာရေနှင့်မျောပါသွားကြောင်း၊ အဆိုပါထိန်းသိမ်းရေးစခန်းတွင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်လျက်ရှိသော လိပ်မျိုးစိတ်တစ်မျိုးကို ကောင်ရေ ၁၂၀၀၀ ခန့် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။



ယခုအခါ ရေကြီးရေလျှံမှု လျော့ကျလာသော်လည်း အသက်ရှင်ကျန်ခဲ့သော လိပ်များအားလုံးနီးပါးကို ဘေးမဲ့စခန်းဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကုန်းမြင့်ဒေသ အကာအရံရှိသောနေရာများသို့ ရွှေ့ပြောင်းထားပြီး လိပ်များအတွက် အစားအစာကို ဒေသခံများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မာဒါဂါစကားနိုင်ငံတွင် ယခင်က လိပ်ကောင်ရေ ၁၂ သန်းကျော် ရှိခဲ့သော်လည်း သဘာဝဘေးအန္တရာယ် များနှင့် တရားမဝင် ကုန်သွယ်မှုများကြောင့် ယခုအခါ လိပ်ကောင်ရေ သုံးပုံတစ်ပုံခန့်ထိ လျော့ကျသွားကြောင်း Turtle Survival Alliance လိပ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ပြောကြားထားကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# ပါကစ္စတန်နိုင်ငံတွင် မိုးခေါင်ရေရှားပါးမှု ပြဿနာဖြင့် ရင်ဆိုင်နေရ

**အစ္စလာမ်မာဘတ် ဇန်နဝါရီ ၂၄**

ပါကစ္စတန်နိုင်ငံတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်အတွင်း မိုးရွာသွန်းမှု လျော့ကျလျက်ရှိရာ ရေရှားပါးမှု ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း Pakistan Meteorological Department (PMD)က ထုတ်ပြန်ခဲ့ကြောင်းယနေ့သတင်းများတွင်ဖော်ပြထားသည်။

PMD ၏ ခန့်မှန်းချက်အရ မိုးခေါင်ရေရှားပါးမှု အခြေအနေသည် ပိုမိုဆိုးရွားလာနိုင်ပြီး မိုးခေါင်ရေရှားပါးမှု ပြဿနာဖြင့် အဓိက ရင်ဆိုင်ရဖွယ်ရှိနေသည့် ပြည်နယ်များမှာ ပန်ဂျပ်ပြည်နယ်၊ ဆင်းဟ်ပြည်နယ်၊ ဘာလိုချီစတန်ပြည်နယ်တို့ဖြစ်ကြောင်း၊ ၎င်းပြည်နယ်များ၏ ကျေးလက်ဒေသများတွင် တောင်သူများအနေဖြင့် ရေရှားပါးလာမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲရှိနေပြီး သောက်သုံးရေအတွက်ပင် ခက်ခဲလာသည့် အခြေအနေဖြစ်နေကြောင်း၊ ပန်ဂျပ်ပြည်နယ်တွင် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဒေသပေါင်း ၁၂ ခုထိရှိနေပြီး ဆင်းဟ်ပြည်နယ်တွင် ဒေသပေါင်း ၁၃ ခု၊ ဘာလိုချီစတန်ပြည်နယ်တွင် ဒေသပေါင်း ကိုးခုထိ ရှိနေကြောင်း သိရသည်။

"ပန်ဂျပ်ပြည်နယ် ဆင်းဟ်ပြည်နယ်နဲ့ ဘာလိုချီစတန်ပြည်နယ်တို့မှာ အပူချိန်မြင့်တက်ပြီး ပုံမှန်ထက် မိုးရေချိန် ၄၀ ရာခိုင်နှုန်းလောက်ထိ နည်းပါးနေတယ်။ ပြီးခဲ့တဲ့ ငါးလတာကာလအတွင်းမှာလဲ အပူချိန်မြင့်တက်မှုတွေ အခြေအနေ ဆိုးရွားခဲ့ပါတယ်။ မိုးခေါင်ရေရှားပါးမှု ပြဿနာက ဒီထက်ပိုပြီးတော့ ဆိုးရွားလာနိုင်တဲ့အတွက် သောက်သုံးရေ ခက်ခဲတဲ့ ပြဿနာတွေနဲ့ ဆိုးရွားစွာရင်ဆိုင်ရနိုင်ပါတယ်"ဟု Pakistan Meteorological Department(PMD)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အင်္ဂလန်နိုင်ငံ ဝက်ဒ်ဖို့မြို့တွင် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေ

**လန်ဒန် ဇန်နဝါရီ ၂၄**

အင်္ဂလန်နိုင်ငံ ရီးဒင်းမြို့တွင် အခြေစိုက်သည့် European Storm Forecast Experiment က အင်္ဂလန်နိုင်ငံ ဝက်ဖို့ဒ်မြို့သို့ လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းအပြင် မုန်တိုင်းလည်း ဝင်ရောက်လာနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသကဲ့သို့ မုန်တိုင်းသည် ဝက်ဖို့ဒ်မြို့အနီးနှင့် အနီးပတ်ဝန်းကျင်ဒေသများတစ်လျှောက် ဖြတ်သန်းသွားဖွယ်ရှိနေကြောင်း၊ လေတိုက်နှုန်းများလည်း မြင့်တက်လျက်ရှိနေပြီး လေဆင်နှာမောင်းနှင့် မုန်တိုင်းတို့ ဝင်ရောက်လာနိုင်သည့်အတွက် အန္တရာယ်ရှိသည့် အခြေအနေမျိုးဖြစ်ပြီး မုန်တိုင်းအန္တရာယ်ကိုလည်း အဆင့် (၂) သတ်မှတ်ထားကြောင်း European Storm Forecast Experiment က ထုတ်ပြန်ထားသည်ဟု သိရသည်။

"အင်္ဂလန်နိုင်ငံ ဝက်ဖို့ဒ်မြို့မှာ အားကောင်းတဲ့ လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ဖွယ် ရှိနေပါတယ်။ မုန်တိုင်းပါ ဝင်ရောက်လာဖွယ်ရှိနေတဲ့ လက္ခဏာတွေဖြစ်နေပါတယ်။ မုန်တိုင်း ဝင်ရောက်လာနိုင်တဲ့ ရာခိုင်နှုန်းက လေဆင်နှာမောင်း တိုက်ခတ်နိုင်တဲ့ ရာခိုင်နှုန်းထက်နည်းနေပေမဲ့ နှစ်ခုစလုံး ဝင်ရောက်လာနိုင်တဲ့ အခြေအနေမျိုးလဲဖြစ်သွားနိုင်တယ်။ လေဆင်နှာမောင်း ဝင်ရောက်လာရင်လဲ ဝက်ဖို့ဒ်မြို့ကနေတစ်ဆင့် ဘာရစ္စတို-လန်ဒန်မြို့ တစ်လျှောက်လုံးကို ဖြတ်သန်းသွားဖွယ်ရှိနေပါတယ်။ ရာသီဥတုအခြေအနေကလဲ နေ့ခင်းဘက်တောင် အအေးဓာတ် မြင့်တက်နေတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်"ဟု European Storm Forecast Experiment မှပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# မယ်ချစ်ခြင်းကို ကွင်းအောင်တစေ

မောင်ခြိမ့်



**ယမန်နေ့မှ အဆက်**

လုံးပတ် သုံးထွာခန့်ရှိ ဝါးပိုးဝါးကြီးများကို လူတစ်ရပ်ခန့်ဖြတ်၊ အဆစ်တွေထုတ်ပြီး အတွင်းသို့ လမု၊ ညောင်စသည့် ကိုင်းဖျားများ ထိုးထည့်ထားကာ ချုံအောက်ခြေနှံ့ထဲသို့ တစ်ဝက်ခန့် အလျားလိုက် မြှုပ်ထားသဖြင့် နုန်းတိုးသတ္တဝါများဖြစ်ကြသော ငါးမြွေထိုး၊ ငါးမြွေကျား၊ ငါးခြောက်ဖားစသည့်ငါးများ ပျော်မြူးစွာ ခိုအောင်းလေ့ရှိရာ ချုံဖော်သည့်အခါ အဝနှစ်ဖက်ကို ကောက်ရိုးများနှင့်ဆို့ပြီး ရေအောက်မှဆယ်တင်ကာ လှေပေါ်သွန်ချရလေသည်။

ယခုလည်း ဝါးဘူးဖော်သည့် ငါးများပင် လေးပိဿာမက ရထားသဖြင့် စံဖေ အလွန်ပျော်မြူးလျက်ရှိတော့သည်။ ငါးမြွေထိုးကလည်း ဈေးကောင်းရသည် မဟုတ်လား။

စံဖေသည် မိခင်မုဆိုးမကြီးနှင့်အတူနေကာ အလုပ်ကို ခါးချိုး၍ လုပ်တတ်၏။ အသောက်အစား အပျော်အပါးမရှိ၊ လောင်းကစားကို စိတ်မဝင်စား၊ လှမ့်နှင့်လက်ထပ်ဖို့ ရည်ရွယ်ပြီးသည့်အချိန်မှစ၍ အလုပ်ကို ယခင်ကထက် နှစ်ဆကြိုးစား၍ ရသမျှကို ကျစ်ကျစ်ပါအောင် စုဆောင်းလေသည်။ ယနေ့လည်း လှမ့်နှင့် ဘဝသစ်တစ်ခု ထူထောင်ရန် ချိန်းဆိုထားပြီးခါမှ ချုံဖော်ရန်ရက်ကလည်းစေ့ပြီ။ အိမ်ထောင်ဦးအစမှာ ငွေကလည်း လိုမှာအမှန်ဖြစ်သဖြင့် ငွေပိုငွေလျှံကလေးလည်းရစေရန် ရည်ရွယ်ချက်ဖြင့် ကိုအောင်ရှိန်းကို လူကူခေါ်ပြီး သန်းခေါင်မတိုင်ခင်ကတည်းက ချုံဖော်နေကြခြင်းဖြစ်တော့၏။

သူ၏ ချုံတွင် ဝါးဘူးတွေ ဆယ်ဘူးချထားသည် ဖြစ်၍ ယနေ့အဖို့ တွက်ခြေကိုက်နေပြီ။ လောဘဇောကပ်၍ ရေထဲငုပ်လိုက်၊ ဝါးဘူးများ ဖော်လိုက် လုပ်လာခဲ့သည်မှာ ရေကျခြင်းရပ်တန့်၍ ရေအီလာချေပြီ။

''ဟေ့ကောင် စံဖေ ရေဦးပြန်လည်တော့မယ်ကွ။ တက်တော့ ယင်းချပ်တွေလည်း ဖြုတ်ရအုံးမယ်လေ တော်ကြာ''

ပြောလက်စ စကားများကိုရပ်၍ ချုံပတ်လည်ကာထားသော ယင်းချပ်များကို လှေပေါ်မှပင် နှဲ၍နှဲ၍ ဖြုတ်လျက်ရှိသည်။

ယင်းချပ်တစ်ချပ်နှင့် တစ်ချပ်ကို စေ့စေ့စပ်စပ်ရှိပြီး ငါး၊ ပုစွန်တို့ တိုးမထွက်နိုင်စေရန် ဝါးကလော်တံကိုသုံး၍လည်းကောင်း၊ နှီးများဖြင့် ချည်၍လည်းကောင်း တွယ်ဆက်ထားလေရာ ကိုအောင်ရှိန်း တစ်ယောက်တည်း လှေပေါ်မှ နုတ်၍မရနိုင်၊ စံဖေက ရေထဲငုပ်၍ ဖြုတ်ပေးနေရသေး၏။

သရွတ်မြိုက်ချောင်းဘက်ဆီသို့ မြစ်မကြီးဆီမှ တက်ရေများ တအိအိတိုး၍တိုး၍ ဝင်လာနေပြီ။ ဗေဒါပင်များ၊ ဒိုက်များ၊ မှော်များ၊ ကန်စွန်းနွယ်ရုံများပါ တစုတရုံးကြီး ရေတက်နှင့်အတူ တိုးဝင်နေပြီ။ ထိုအခိုက်မှာ ခပ်ဝေးဝေးဘုန်းကြီးကျောင်းဆီမှ အုန်းမောင်းခေါက်သံများ ကြားနေရပြီ။

(၃)

အလျားတစ်ဆယ့်သုံးတောင် ဝမ်းအကျယ် နှစ်ထောင့်တစ်ထွာခန့်ရှိသော တောင်ပိန်းသားကို စပ်ထားသည့် စံဖေတို့ ခတ်လှေကလေးသည် တရွေ့ရွေ့ဖြင့် ချောင်းဝဘက်သို့ ခတ်လာခဲ့ကြပြီ။ ချောင်းဝဆီမှ အုပ်လိုက်ဖွဲ့ကာ မျောလာကြသော ဗေဒါပင်များ၊ ဒိုက်ပုံများကြောင့် ခရီးမတွင်လှ။ ကိုအောင်ရှိန်းက ပဲ့မှခတ်နေပြီး စံဖေကတော့ လှေဦးတွင် ပက်လက်လှန်၍ အမောဖြေရင်း လိုက်ပါလာခဲ့သည်။ တစ်ချိန်လုံးရေထဲမှာ ငုပ်လိုက်ပေါ်လိုက်နှင့် စံဖေ အတော်မောခဲ့လေသည်။ သို့သော် ချောင်းဝတွင် စောင့်မျှော်နေမည့် လှမ့်၏မျက်နှာလေးကို မြင်ယောင်ရင်း သူ့မျက်နှာပြုံးဖြဲဖြဲကြီး ဖြစ်နေသည်ကို မှောင်ထဲမှာမို့ ကိုအောင်ရှိန်း မမြင်နိုင်ပါ။

မြို့ကလေးဘက်သို့ ခတ်လှေများ၊ လက်လှော်လှေများဖြင့် လှော်ခတ်လာကြသော ဘဝသမား၊ ချုံသမား၊ မြှုံးထောင်သမား၊ ကွန်သမားများ တစ်စင်းပြီး တစ်စင်း လှမ့်တို့ ဈေးကောက်လှေကလေးကိုကျော်ဖြတ်၍ သွားနေကြပြီ။ တချို့က မြို့ကလေးအထိ သွား၍ ရောင်းချရန်၊ တချို့ကတော့ ခရီးလှမ်းသေးသည့် မြို့ကလေးဆီသို့ မသွားချင်၊ လမ်းတွင်တွေ့ရတတ်သည့် ဈေးကောက်လှေများတွင် ပေါက်ဈေးထက် အနည်းငယ်လျှော့၍ ရောင်းချကာ မိမိတို့ရွာကလေးများဆီပြန်ကာ အနားယူချင်နေကြပြီ။

''အစ်မ ဘာစောင့်နေတာလဲဟ။ အခုထက်ထိ ငါး၊ ပုစွန် တစ်ကောင်မှလဲ မဝယ်သေးဘူး။ ငါးလှေတွေ တောင် တော်တော်လွတ်ကုန်ပြီ''

လှေပဲ့မှ ပါလာသော ညီမဖြစ်သူက သတိပေးသော်လည်း လှမ့်ကမလှုပ်။ တကယ်တော့ ယနေ့ နံနက် လှမ့် သရွတ်မြိုက်ချောင်းဝတွင် လာစောင့်နေသည်မှာ ဈေးကောက်ရန်မဟုတ်၊ စံဖေကို စောင့်နေခြင်းသာဖြစ်၏။

''ကိုစံဖေကလဲနော် သေသေချာချာ ချိန်းထားပါလျက်နဲ့ အခုထက်ထိလဲ ပေါ်မလာသေးဘူး။ တစ်ကိုယ်တည်း တီးတိုးရေရွတ်ကာ စံဖေလာမည့် ချောင်းဝဘက်ဆီသို့သာ ငေးလျက်ရှိသည်။ အရှေ့ဘက်မြစ်ပြင်တစ်ကြောတွင် ရောင်နီကလေးများ စို့၍စို့၍ လာနေပြီ။ မြစ်ချောင်းတို့ထုံးစံ ရေငွေ့မြူမှုန်တို့ကာဆီးနေ၍သာ လင်းရိပ်မလာနိုင်သေးခြင်းဖြစ်သည်။ အကယ်၍သာ စံဖေတစ်ယောက် ရောက်မလာပါက ဘယ်လိုလုပ်မလဲဟုတွေးရင်း လှမ့်၏ရင်ထဲမှာ အပူလုံးကြီးဆို့၍နေသဖြင့် ညီမဖြစ်သူကို စကားမပြန်နိုင်။

ဈေးကောက်ရန် အမေထုတ်ပေးထားသော ပိုက်ဆံအိတ်ကို ခေါင်းအုံးပေါ်တွင် ထားရစ်ခဲ့သည်ကို မိုးလင်းလျှင် အမေတွေ့လိမ့်မည်။ အကျီ၊ လုံချည်

**❖ရေတွင် နှစ်၍ နှစ်၍ အားပါပါခတ်လိုက်သောကြောင့် လှေကလေးသည် နှင်းမှုန်တို့ ပိတ်ဆီးစွာကျနေသော မြစ်ရေပြင်ကို အရှိန်နှင့်ထိုးခွဲကာ တရိပ်ရိပ်ပြေးလျက်ရှိ၏။ မြောက်ပြန်လေနှင့်ရောကော လွင့်ပါလာသော နှင်းမှုန်ရေငွေ့တို့သည် လှမ့်၏ ရင်ကို အေးမြအောင် မတတ်နိုင်ခဲ့။ ကိုစံဖေ တော်မသေရဘူးနော်၊ မသေပါနဲ့အုံး ကိုစံဖေရယ်။ ကျုပ်သည်ကနေ့ အိမ်က အပြီးထွက်လာခဲ့တာ။ တော်နဲ့ တစ်သက်လုံးအတူနေမလို့ ကိုစံဖေရဲ့ သိရဲ့လား။ တော်မရှိရင် ကျုပ် ဘယ်လိုလုပ်မလဲ ကိုစံဖေ။ နတ်ကောင်းနတ်မြတ်များ ကယ်တော်မူကြပါ။ ❖**

ခပ်လတ်လတ်ကလေးများထဲမှ သုံးထည်စီထပ်၍ ဝတ်လာခဲ့တာလည်း အမေသိလိမ့်မည်။ အိမ်ကို ပြန်၍ ဘယ်လိုမျက်နှာပြရပါမည်နည်း။

လှမ့် သက်ပြင်းတစ်ချက်ကိုချရင်း ချောင်းဝဘက်ဆီသို့ မျှော်လင့်ခြင်းများစွာဖြင့် ကြည့်လိုက်သည်။ ဟောတွေ့နေရပြီ။ ရေပန်းကလေးတွေ ဖြာထွက်လာအောင် အားစိုက်၍ ခတ်လာသော လှေကလေးတစ်စင်း ရေငွေ့မြူမှုန်များကြားမှာ တရွေ့ရွေ့နှင့် နီးလာပြီ။ အလို လှေပဲ့မှ ခတ်တက်ခတ်လာသူက ကိုစံဖေလည်း မဟုတ်ပါလား။ ထိုစဉ်မှာပင်-

''ဟိုးရှေ့က လှမ့်တို့လှေလားဟေ့''

ကိုအောင်ရှိန်းမေးရင်း လှေချင်းဝင်ကပ်သည်။ လှမ့်ပြန်မဖြေလိုက်နိုင်မီမှာပင် လှေဦးတွင် ပက်လက်လှန်၍ အိပ်လိုက်လာသူ စံဖေကို တွေ့လိုက်ရ၍-

''အလို ကိုစံဖေပါလား ဒါလောက် အရေးကြီးတဲ့အချိန်မှာ သူမို့ အိပ်ပျော်နိုင်ပါပေရဲ့''

အပြစ်တင်ရင်း မြစ်ရေဖြင့်ပက်၍ နှိုးလိုက်သည်။ စံဖေက မလှုပ်၊ လှမ့် စိတ်မရှည်စွာ လှုပ်နှိုးပြန်သည်။ မရ။ အသားတွေကလည်း အေးစက်လို့ပါလား။ နှိုးရင်းလှုပ်ရင်း လှမ့် မသက်ာတော့။

''အစ်ကိုအောင်ရှိန်း ကိုစံဖေ ဘာဖြစ်တာလဲ ဟင်၊ ဘာဖြစ်တာလဲ'' ဟု ငိုသံပါကြီးဖြင့် မေးသည်။

''ငါ့စိတ်ထင်တော့ ဂျပ်ထိလာတယ် ထင်တာပဲ။ အစကတော့ အိပ်ရေးပျက်တာရယ်၊ ပင်ပန်းတာရယ်ပေါင်းပြီး အိပ်ပျော်နေတယ်ထင်တာ။ ချောင်းဝရောက်ခါနီး နှိုးကြည့်လိုက်တော့မှ မရလို့ တစ်ခုခုဖြစ်ပြီဆိုတာ သိတာ။ ရေတက်ဦးရေပြန်လည်ချိန်မှာ ဂျပ်တွေ မြူးတတ်တာ နင်လဲ အသိသားပဲ။ ဂျပ်အစွယ်နဲ့ ထိမိရင် အခြားမြွေတွေ အကိုက်ခံရသလို ချက်ချင်းမသိဘူးဟ။ တဖြည်းဖြည်း အိပ်ချင်တယ်။ အိပ်ချင်တယ်နဲ့ မျက်လုံးမဖွင့်တော့တာ။ ဝါးဘူးတွေ ဖော်ပြီးချိန်၊ ဝါးယင်းတွေ ပြန်နုတ်ချိန်မှာ မြစ်ဝကြီးဆီက ရေပြန်တက်နေပြီလေ။ နင့်ကို ခိုးပြေးမဲ့ သည်ကနေ့မှာ ချုံဖော်တာကော၊ ဝါးဘူးတွေကကော ငါးတွေ၊ ပုစွန်တွေ အများကြီးရလို့ ပျော်နေလိုက်တာဟာ'' ပြောရင်းပြောရင်း ဆို့နင့်လာပြီး အသံတိမ်၍ တိမ်၍သွားသည်။

''သည်လိုနေလို့ ဘယ်ဖြစ်မလဲ အစ်ကိုအောင်ရှိန်းရဲ့။ မြို့က ဆေးရုံမြန်မြန်သွားရမှာပေ့ါ။ မြန်မြန်ခတ်ပါတော်မြန်မြန်''

ပြောပြောဆိုဆို စံဖေတို့လှေပေါ်သို့ ခုန်တက်လိုက်ပြီး သတိလစ်နေသော စံဖေ၏ခေါင်းကို အသာပွေ့၍ ပေါင်ပေါ်တင်သည်။

''ကိုစံဖေ ကိုစံဖေ လှမ့်ခေါ်နေတယ်လေ။ ထူးစမ်းပါတော့်၊ ထူးစမ်းပါ'' ဟုလည်း တတွတ်တွတ်ရေရွတ်နေသေး၏။ ရေတွင် နှစ်၍ နှစ်၍ အားပါပါခတ်လိုက်သောကြောင့် လှေကလေးသည် နှင်းမှုန်တို့ ပိတ်ဆီးစွာကျနေသော မြစ်ရေပြင်ကို အရှိန်နှင့်ထိုးခွဲကာ တရိပ်ရိပ်ပြေးလျက်ရှိ၏။ မြောက်ပြန်လေနှင့်ရောကော လွင့်ပါလာသော နှင်းမှုန်ရေငွေ့တို့သည် လှမ့်၏ ရင်ကို အေးမြအောင် မတတ်နိုင်ခဲ့။

''ကိုစံဖေ တော်မသေရဘူးနော်၊ မသေပါနဲ့အုံး ကိုစံဖေရယ်။ ကျုပ်သည်ကနေ့ အိမ်က အပြီးထွက်လာခဲ့တာ။ တော်နဲ့ တစ်သက်လုံးအတူနေမလို့ ကိုစံဖေရဲ့ သိရဲ့လား။ တော်မရှိရင် ကျုပ်ဘယ်လိုလုပ်မလဲ ကိုစံဖေ။ နတ်ကောင်းနတ်မြတ်များ ကယ်တော်မူကြပါ။ ဘုရားမလို့ ကိုစံဖေ မသေပါနဲ့ဘုရား''

ဝေဝါးသော နှင်းမှုန်တို့သည် မြစ်ပြင်တစ်ကြောတွင် သောသောအုပ်အုပ်ကျဆင်းနေဆဲဖြစ်သည်။ လှမ့်တို့ ခတ်လှေကလေး သည်မြို့ကလေးက ဆေးရုံဆီသို့ ဦးတည်ကာ အရှိန်နှင့် ပြေးလျက်ရှိသည်။ လှမ့်၏ ဆုတောင်းသံများက မြစ်ယံတစ်ကြောတွင် လွင့်ပျံမျောလျက် ...။

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ ကြက်သွန်နီ ၄၈၄၇ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ခင်ဦး ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၈၄၇ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၂၉၈၀ စိုက်ပျိုးရန်လျာထားပြီး၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့်လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ကြက်သွန်နီဧက ၂၉၈၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၈၄၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီဈေးကွက်မှာ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက် တောင်သူများကို ကြက်သွန်နီဈေးကောင်းရစေရန် ဈေးကွက် ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန်၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးရံ့ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇင်မာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များ အပါအဝင် ဒေသရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၄ခုနှစ် နိုဝင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ၁ ရက်မှ ၃၁ ရက်ထိငါးရံ့ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



''မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးရံ့တွေ ရန်ကုန်ဈေးကွက်ထဲကို သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချအား ကောင်းခဲ့တာကလဲ ပြည်တွင်းမှာ ဝယ်ယူမှုများလာတာကြောင့် ဖြစ်ပါတယ်။ ငါးရံ့ ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀ ပေါက်ဈေးရှိပါတယ်။ အခုလို ဝယ်ယူမှုအားကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတွေ၊ လုပ်သားတွေနဲ့ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေအဆင်ပြေလာပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇင်မာက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# အုတ်တွင်းမြို့နယ် ဘုရားကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**အုတ်တွင်း ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ဘုရားကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အုတ်တွင်းမြို့နယ် ဘုရားကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉၀ ဒသမ ၃ သိန်းဖြင့် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်ထံမှ သိရသည်။

ကိုညို

## အများအကျိုး သယ်ပိုးရာ

\- အများအကျိုး သယ်ပိုးရာ
ဘဝတာ အလှလွှမ်းလို့
ငြိမ်းချမ်းစေကာ၊
ဖြူစင်မှု ရင်တွင်းမှာ
ပြစ်ကင်းစွာ မေတ္တာပွား၊
ဖေးကူညီ ပြုံးမပျက်
မုန်းမျက်မထား။

\- အများအကျိုး သယ်ပိုးရာ
စွမ်းနိုင်ရာ တစ်ဖက်တစ်လမ်းက
ဝန်ထမ်းစေကာ၊
တိုးတက်မှု အစဉ်လာ
မြော်မြင်စွာ ရှေ့ရေးတွက်၊
လောကစံ အခက်ခဲ
အောင်ပွဲခံလျက်။

\- အများအကျိုး သယ်ပိုးရာ
လက်တွဲကာ လူလူချင်း
ချစ်ခြင်းဝေဆာ၊
ခွဲခြားမှု မရှိပါ
အသိမှာ မြင့်မြတ်ခြင်း၊
ကျင့်သုံးစေ တရားမျှတ
လှပပြစ်ကင်း။

\- အများအကျိုး သယ်ပိုးရာ
ပြည်မြန်မာ စိမ်းလန်းလို့
ငြိမ်းချမ်းသာယာ၊
စည်းလုံးမှု အစဉ်မြဲစွာ
ယှဉ်တွဲကာ နေထိုင်ရေး၊
တို့တာဝန် အရေးသုံးပါးကို
နှလုံးသားဝယ် စွဲမှတ်လျက်
မြဲမပြတ် တိုးပွားအောင်
ကြိုးစားစို့လေး။ ။

ကိုရွှေတောသား(ဆင်ကူး)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး**

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

၇၈ ကြိမ်မြောက် ပြည်ထောင်စုနေ့သည် မကြာမီအချိန်ကာလအတွင်း ရောက်ရှိလာတော့မည်ဖြစ်သည်။ ဤနေ့သည်ကား လွတ်လပ်ရေး၏ ကနဦးနေ့ဟု ဆိုဆို၊ လွတ်လပ်ရေး၏နိဒါန်းနေ့ဟု ဆိုဆို၊ ဆိုလျှင်ရမည့် နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်ပေသည်။ ပြည်ထောင်စုနေ့သည်ကား ပြည်မနှင့် တောင်တန်း ပေါင်းစည်းညီညွတ်ရေးဆိုသည့် ပင်လုံမြို့တွင် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုသည့်နေ့ကို ဂုဏ်ပြုကျင်းပခဲ့ခြင်းဖြစ်သည်။ ပြည်မနှင့် တောင်တန်းဘာကြောင့် ပေါင်းစည်းညီညွတ်ရသလဲဟု အမေးရှိလျှင် ထိုစဉ်က အင်္ဂလိပ်အစိုးရအနေဖြင့် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရမည်ရှိသော်တောင်တန်းဒေသများကို ချန်လှပ်ထားပြီး ၎င်းတို့က သီးခြားအုပ်ချုပ်ရန် အကြံအစည်အား ၁၉၂၃ ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေးပေးစဉ်နှင့် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံစီရင်အုပ်ချုပ်မှု ဥပဒေပြဌာန်းစဉ်တွင် ထိုတောင်တန်းဒေသများကို ထည့်သွင်းထားမှုမရှိခဲ့ခြင်းကပင် သိသာထင်ရှားခဲ့ပြီးဖြစ်သည်။

**နယ်ချဲ့တို့ကြောက်သည့်ဆေး**

ထိုစဉ် အုပ်ချုပ်သူနယ်ချဲ့အင်္ဂလိပ်အနေဖြင့် အုပ်ချုပ်ခံမြန်မာနိုင်ငံသားများ စည်းလုံးညီညွတ်သွားမည်ကိုအကြောက်ဆုံးဖြစ်သည်။ ထို့ကြောင့်ပင် နည်းမျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ရေးစနစ် divide and rule ဖြင့် အုပ်ချုပ်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ သွေးခွဲအုပ်ချုပ်မှုစနစ်အရ မြန်မာတိုင်းရင်းသား အချင်းချင်းတို့သည် တစ်ဦးကိုတစ်ဦးအပြစ်မြင်ခြင်း၊ စိတ်ဝမ်းကွဲခြင်း၊ သံသယစိတ်များခြင်းနှင့် ကျဉ်းမြောင်းသည့် လူမျိုးစွဲစိတ်ဓာတ်များ ဖြစ်ပေါ်စေခြင်းတို့အပြင် သွေးစည်းညီညွတ်ရေးကိုပါ စည်းတားကာခြားနားစေခဲ့ကြခြင်းဖြစ်သည်။ နယ်ချဲ့တို့၏ နှစ်ပေါင်း ၁၀၀ကျော် အုပ်ချုပ်မှုအောက်တွင် အဆိုပါသွေးခွဲအုပ်ချုပ်မှု၏ ဒဏ်ရာဒဏ်ချက်သည် ယနေ့တိုင် ရှင်သန်ကြီးထွားနေဆဲဖြစ်သည်မှာ မျက်မှောက်ခေတ်ကာလ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ နိုင်ငံအပေါ် အကြမ်းဖက်တိုက်ခိုက်နေမှုများအပေါ်ကြည့်လျှင် သိမြင်နိုင်ပေသည်။

**ပြည်ထောင်စုစိတ်ဓာတ်**

ဤမျှသမိုင်းချီပြောနေရခြင်းမှာ နယ်ချဲ့တို့သည် တိုင်းရင်းသား သွေးစည်းညီညွတ်သည့်စိတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထိုစဉ်ကပင် ၎င်းတို့ အကျိုးစီးပွားအတွက် ဖိနှိပ်အုပ်ချုပ်ရင်းက ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခဲ့ကြသည်ဟု ဆိုရပေမည်။ ထိုဖျက်ဆီးမှုဒဏ်ကြောင့် လွတ်လပ်ရေးနှင့်အတူ ရောင်စုံသူပုန်ဟုခေါ်ဆိုသည့် သောင်းကျန်းသူတို့ ကိုယ့်ပြည်ကိုယ့်မြေကို ကိုယ်ပြန်လည်ဖျက်ဆီးမှုသည် ထိုစဉ်ကအုပ်ချုပ်သူအစိုးရမှာ ရန်ကုန်အစိုးရဟုခေါ်ရလောက်အောင် အင်းစိန်မြို့နားတွင်ပင် တိုက်ပွဲကြီးများ အပြင်းအထန်ဖြစ်ခဲ့ကြသည်။ မြန်မာ့တပ်မတော်အနေဖြင့် တပ်ရင်းလေးရင်း အင်အားဖြင့်သာ အဆိုပါ အင်းစိန်မြို့အနားရောက်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ပူးပေါင်းပါဝင်သည့် ပြည်သူ့အင်အားနှင့်အတူ ချေမှုန်းတိုက်ခိုက်ခဲ့ကြရသည်။ တိုင်းပြည်အတွက် အရေးကြုံလာချိန်တွင် တပ်မတော်နှင့် ပြည်သူ ပူးပေါင်းခုခံချေမှုန်းမှုကြောင့် ပြည်သူ့အောင်ပွဲအဖြစ် ပြောင်းလဲနိုင်ခဲ့သည့် ဖြစ်ရပ်မှန် သမိုင်းသက်သေများပင်ဖြစ်သည်။

**တပ်မတော်နှင့် ပြည်သူ**

နိုင်ငံတိုင်းတွင် ကိုယ့်နိုင်ငံကိုကိုယ်ကာကွယ်နိုင်ရန်အတွက် တပ်မတော်များဖွဲ့စည်းထားကြသည်။ မြန်မာနိုင်ငံတွင်လည်း ရဲဘော်သုံးကျိပ်ကစ၍ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ဗမာ့ကာကွယ်ရေးတပ်မတော်(BDA)ကနေ မြန်မာ့တပ်မတော် ပေါ်ထွန်းလာခဲ့သည်။ မြန်မာ့တပ်မတော်သည် နိုင်ငံတော်တွင် ကြုံတွေ့လာသည့် ပြည်ဖျက်အန္တရာယ်ကို ပြည်သူနှင့် ပူးပေါင်းကာ လွတ်လပ်ရေးရချိန်ကစ၍ ကာကွယ်ခဲ့ကြရသည်မှာ နယ်ချဲ့တို့၏စနက်ကြောင့် ဖြစ်ပေါ်လာသည့် အကြမ်းဖက်သောင်းကျန်းသူများကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်ခဲ့ကြခြင်းဖြစ်သည်။ လွတ်လပ်ရေးရကတည်းက လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားဖြစ်ပေါ်လာသည့် ဤအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ကမ်းလှမ်းခဲ့သည့် မည်သည့်ငြိမ်းချမ်းရေးကမ်းလှမ်းမှုမှ ရေရှည်ညှိနှိုင်း စေ့စပ်၍မရဘဲ ယခုချိန်ထိတိုင် သက်ဆိုးရှည်စွာ သောင်းကျန်းဖျက်ဆီးနေမှုများအား တပ်မတော်အနေဖြင့် ဝံသာနုရက္ခိတတရားကို လက်ကိုင်ထားပြီး ကာကွယ်နေရပေသည်။

**ဝံသာနုရက္ခိတ တရား**

ဝံသာနုရက္ခိတတရားသည် နိုင်ငံသားတိုင်း လက်ကိုင်ထားသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဝံသာနုရက္ခိတတရားသည်ပင် မိမိနိုင်ငံနှင့် လူမျိုးကို ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်သောကြောင့် လက်ကိုင်ထားသင့်သည်ဟု ထင်မြင်မိသည်။ မိမိနေထိုင်မှီခိုသောနိုင်ငံနှင့် မိမိလူမျိုးတို့ကို မိမိတို့က မစောင့်ရှောက်လျှင် မည်သူတို့က လာစောင့်ရှောက်မည်နည်းဟု အမေးရှိပါက ဖြေဆိုရန်အဖြေမှာ အဆိုပါဝံသာနုရက္ခိတတရား လက်ကိုင်ထားရမည်ဟု ဖြေဆိုရန်သာရှိသည်။ အဆိုပါတရားမရှိပါက နိုင်ငံကို ရောင်းစားလိုသူများ၊ နိုင်ငံကိုဖျက်လိုဖျက်ဆီးလုပ်မည့်သူများ၊ ဘယ်သူသေသေ ငတေမာ ပြီးရောသူများသည် ပိုမို၍ များပြားကျက်စားလာနိုင်ပါသည်။ ယခုပင်လျှင် ငတေမာပြီးရော အကြမ်းဖက်သောင်းကျန်းသူအုပ်စုများသည် အားပေးအားမြှောက်နိုင်ငံများနှင့် ပေါင်းစည်း၍ မိမိနိုင်ငံအတွက် ဆူးညှောင့်ခလုတ်ဖြစ်နေမှုများကို နိုင်ငံသားများအနေဖြင့် ဝံသာနုရက္ခိတတရားလက်ကိုင်ထား၍ ဗြဟ္မစိုရ်တရားနှင့်အညီ နိုင်ငံရေးကိုယ်ခံအားကောင်းကောင်းဖြင့် တုံ့ပြန်ဖြေရှင်းရန် လိုအပ်နေပေသည်။

**ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်း**

"မြန်မာ"ဟူသည် နိုင်ငံ၏အမည်ဖြစ်ပြီး "ဗမာ" ဟူသည် လူမျိုး၏အမည်ဖြစ်ကာ အချို့သည် မကွဲမပြားဖြစ်၍ နိုင်ငံအမည်နှင့် လူမျိုးအမည် ရှုပ်ထွေးရောယှက်တတ်ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံဟူသည် နိုင်ငံတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုရာကျော်နှင့် သက်ဆိုင်ပတ်သက်သော အများဆိုင်အမည်နာမဖြစ်ပေသည်။ မြန်မာနိုင်ငံ မြန်မာလူမျိုးဟူသည် ရှေးနှစ်ပေါင်း တစ်ထောင်ကျော်ဖြစ်သော ဘီစီ ၂၀၀ မှ အေဒီ ၉၀၀ အကြား ပျူခေတ်ကစတင်ခဲ့၍ ရှည်လျားသည့် သမိုင်းကြောင်းရှိသော နိုင်ငံနှင့် လူမျိုးဖြစ်သည့်အပြင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် နေခဲ့ကြသည်။ အနော်ရထာမင်းသည် ပထမမြန်မာနိုင်ငံတော်ကို ၁၁ရာစုနှစ်တွင်လည်းကောင်း၊ ဘုရင့်နောင်မင်းတရားသည် ဒုတိယမြန်မာနိုင်ငံတော်ကို ၁၆ ရာစုနှစ်တွင် လည်းကောင်း၊ အလောင်းမင်းတရားသည် တတိယမြန်မာနိုင်ငံတော်ကို ၁၈ ရာစုနှစ်တွင် လည်းကောင်း တည်ထောင်မင်းလုပ်အုပ်ချုပ်ကာ ပတ်ဝန်းကျင်နိုင်ငံများက လေးစားအထင်ကြီး လောက်ဖွယ် လက်ရုံးဆန့်နိုင်ခဲ့ကြသည်။

**စစ်မှန်သောမျိုးချစ်စိတ်**

မြန်မာနိုင်ငံတွင် စစ်မှန်သောမျိုးချစ်စိတ်လျော့ရဲခဲ့သည့် အချိန်ကာလတစ်ခုမှာ ၁၈ ရာစုနှစ်တွင် ဖြစ်ပေါ်ခဲ့ပြီး ထိုအချိန်ကာလတွင် ခေတ်မီလက်နက်များကိုင်ဆောင်ထားသည့် နယ်ချဲ့အင်္ဂလိပ်တို့က သုံးကြိမ်တိုင်တိုင်စစ်ဆင်ခဲ့ကာ တစ်နိုင်ငံလုံးကျွန်ဇာတ်သွင်းခဲ့ကြသည်။ ကိုယ့်မင်းကိုယ့်ချင်းနှင့် နေထိုင်ခဲ့သော မြန်မာများသည်လည်း စိတ်နှလုံးညှိုးချုံးကာ မျိုးချစ်စိတ်၊ ပြည်ချစ်စိတ်များ ကွပ်ညှပ်ခံရပြီး လူလုံးမလှ စိတ်နုံးခဲကြရသည်။ သမိုင်းကပေးသည့် ဤသင်ခန်းစာမှာ နိုင်ငံသားတို့အတွက် အမြဲတမ်း အမှတ်ရကာ တိုင်းရင်းသားတို့ စည်းစည်းလုံးလုံးဖြင့် ဥမကွဲသိုက်မပျက်နေကြရန် ရှုံးကြေးကြီးစွာဖြင့် မီးမောင်းထိုးပြခဲ့ကြသည်မှာ ရင်နင့်ဖွယ်ရာပင်ဖြစ်သည်။ သူ့ကျွန်ဘဝတွင် အမျိုးဘာသာသာသနာ အပါအဝင် ပညာရေး၊ ကျန်းမာရေးကအစ အဘက်ဘက်မှ နိမ့်ကျရသည့်ကြားထဲ ကိုလိုနီစနစ်၏ အုပ်ချုပ်မှုကြောင့် ယခုအချိန်ထိ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များကို အစကပြန်၍ အခါခါစနေရသည်မှာ နိုင်ငံအတွက် နစ်နာလှပေသည်။

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား**

အမှန်တစ်ကယ်တော့လည်း နိုင်ငံတစ်ခုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများမှာ တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြသူများပင် ဖြစ်ကြသည်။ သူ့အသာရသင့်သည် ငါ့အသာရသင့်သည်ဟု ကျဉ်းမြောင်းသည့် လူမျိုးစွဲ၊ အယူဝါဒစွဲများမှာ လွတ်လပ်ရေးရစဉ်ကတည်းက ဖြစ်ခဲ့ကြသည့် ဝါဒရေးရာများမှ ယခုလို လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၈၀ နီးပါးဖြစ်လာသည့်တိုင်အောင် ညှိရနှိုင်းရဖြစ်နေခြင်းမှာ နိုင်ငံတော်အတွက် နစ်နာလှကာ အခြားအိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ငေးကြည့်နေကြရသည်။ နိုင်ငံက ဖွံ့ဖြိုးတိုးတက်သင့်သလောက် မဖွံ့ဖြိုးမတိုးတက်ခြင်းမှာ ဤလက်နက်ကိုင်ပဋိပက္ခများကြောင့် ဆိုသည်မှာ မြေကြီးလက်ခတ်မလွဲသည့် အကြောင်းအခြင်းအရာကြောင့်ပင်ဖြစ်သည်။ ဤသို့ဆိုလျှင် နိုင်ငံကို ချစ်သည့်စိတ်ဖြင့် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းကြရန် အချိန်အခါသင့်နေပြီဟုဆိုရပေမည်။ သို့မဟုတ်ပါက ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို မဆောင်ရွက်ခဲ့လျှင် ပြည်တွင်းစစ်မီးသည် အချိန်အခါနေရာမရွေး တောက်လောင်နေပါက နောက်ဆုံး ထိခိုက်နာကျင်ရသည်မှာ နိုင်ငံနှင့် ပြည်သူပင်ဖြစ်ပေသည်။

**လောင်သည့်မီးကိုငြိမ်း**

လောင်သည့်မီးကို မငြိမ်းသတ်ပါက မီးသေးသေးသည် မကြာခင်မှာ မီးကြီးကြီးဖြစ်တတ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ ထို့ကြောင့်ပင် မီးဆိုသည်ကို မလောင်ခင်တားကြရမည်ဖြစ်သည်။ ထို့ကြောင့်ပင် ယခုဖြစ်နေသော ပဋိပက္ခများကို ငြိမ်းသတ်နိုင်ရေးမှာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဆိုသလိုမျိုးမဖြစ်စေရေး နေရထိုင်ရ၊ သွားရလာရသည်များ အဆင်ပြေချောမွေ့နေရန် လိုအပ်ပေသည်။ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံချောမွေ့စေရေးသည် တပ်မတော်သာမက တိုင်းရင်းသားပြည်သူတို့ကလည်း ဝိုင်းဝန်းထူမကြရန် လိုအပ်ပေသည်။ နိုင်ငံတည်ဆောက်ဆဲကာလများတွင် သူ့အလုပ်ကိုယ့်အလုပ်ဟူ၍ မခွဲခြားဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဖေးမကူညီ ဝိုင်းဝန်းကြရပေမည်။ သို့မှသာ သွားချင်သည့် ငြိမ်းချမ်းရေးပန်းတိုင်ကို အရောက်လှမ်းနိုင်မည်ဖြစ်သည်။

**နိုင်ငံ့မျက်နှာ**

နိုင်ငံငြိမ်းချမ်းမှသာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်မည် ဖြစ်သောကြောင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပေမည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်အောင် အကောင်အထည်ဖော်ပေးရေးအတွက် အစိုးရအဆက်ဆက်ကလည်း ဆောင်ရွက်ခဲ့ကြသည်မှာ ယခုထက်တိုင်ပင်ဖြစ်သည်။ သို့သော်လည်း ပြည်ပအားကိုးပုဆိန်ရိုးများအနေဖြင့် နိုင်ငံမျက်နှာကို မထောက်ထားဘဲ နိုင်ငံဖျက်၊ ပြည်ဖျက်လုပ်ရပ်များ လုပ်ကိုင်နေခြင်းသည် ဤမြေမှာနေ ဤရေကိုသောက် ဤသီးနှံများစားသုံးပြီး ဤမြေ၊ ဤရေ၊ ဤသီးနှံများကို ဖျက်လိုဖျက်ဆီးလုပ်ကာ နိုင်ငံကို အိုးမည်းသုတ်နေကြသည်မှာ ရှက်ဖွယ်လိလိပင် ဖြစ်သည်။ ယိုသူမရှက်မြင်သူရှက်ရသည့် ဤနိုင်ငံ့ကျေးဇူးသစ္စာကို မထောက်ထားဘဲ ဖောက်ဖျက်နေသူများအနေဖြင့် များမကြာမီပင် နိုင်ငံ၏သစ္စာစူးကြမည်ကို မြင်နေမိပေတော့သည်။

**ကိုးကား**

၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁၀)

၂။ တပ်မတော်သမိုင်း ပထမတွဲနှင့် ဒုတိယတွဲ

**ပြေအေးသက်**

❖နိုင်ငံတစ်ခုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများမှာ တစ်လှေတည်းစီးတစ်ခရီးတည်းသွားကြသူများပင် ဖြစ်ကြသည်။ သူ့အသာရသင့်သည် ငါ့အသာရသင့်သည်ဟု ကျဉ်းမြောင်းသည့်လူမျိုးစွဲ၊ အယူဝါဒစွဲများမှာ လွတ်လပ်ရေးရစဉ်ကတည်းက ဖြစ်ခဲ့ကြသည့် ဝါဒရေးရာများမှ ယခုလိုလွတ်လပ်ရေးရပြီး နှစ်ပေါင်း ၈၀ နီးပါးဖြစ်လာသည့်တိုင်အောင် ညှိရနှိုင်းရဖြစ်နေခြင်းမှာ နိုင်ငံတော်အတွက် နစ်နာလှကာ အခြားအိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ငေးကြည့်နေကြရသည်။ နိုင်ငံက ဖွံ့ဖြိုးတိုးတက်သင့်သလောက် မဖွံ့ဖြိုးမတိုးတက်ခြင်းမှာ ဤလက်နက်ကိုင်ပဋိပက္ခများကြောင့် ဆိုသည်မှာ မြေကြီးလက်ခတ်မလွဲသည့် အကြောင်းအခြင်းအရာကြောင့်ပင်ဖြစ်သည်။ ❖

## ရွှေဘိုမြို့နယ်တွင် နှမ်းကေအားလုံး ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၄ ဒသမ ၆၅ တင်း ထွက်ရှိ



**ရွှေဘို ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင်နှမ်း ၉၅၈၅ ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၄ ဒသမ ၆၅ တင်း ထွက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၅၈၅ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၉၅၈၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ နှမ်း ၉၅၈၅ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ အခုလက်ရှိ ကေအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

## သနပ်ပင်မြို့နယ် ကမာဖရန်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သနပ်ပင် ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကမာဖရန်ကျေးရွာအုပ်စု ကမာဖရန်ကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကမာဖရန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာနေ ပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ကမာဖရန်ကျေးရွာ အရှေ့ဘက်ကမ်း၌ အရှည် ၉၁၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၁၀၀ အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နွဲ့ယဉ်

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၅၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၅၉၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ငပုတောမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ငပုတောမြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ငှက်ပျောသီးအစုံ အဖီးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ငှက်ပျောသီးအစုံ အဖီးရေ ၅၉၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့်ငှက်ပျောသီးများမှာ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ် စသည့် ငှက်ပျောအမျိုးအစားများ အများဆုံး တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။



"ဒီဇင်ဘာလအတွင်း ငှက်ပျောအစုံ အဖီးရေ ၅၉၀၀၀၀ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့ လတွေကထက် ဒီဇင်ဘာလအတွင်း ငှက်ပျောသီးတွေ တင်ပို့အားကောင်းခဲ့ပါတယ်"ဟု ငပုတောမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀၊ ရခိုင်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၈၉၀၀၀၊ သီးမွှေးငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀၊ ဆင်စွယ်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

## မိုင်းဖြတ်မြို့နယ် အိုက်ရီ(ပါခုံ)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းဖြတ် ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်စေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အိုက်ရီ(ပါခုံ)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက အိုက်ရီ(ပါခုံ) ကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းဖြတ်မြို့နယ် အိုက်ရီ(ပါခုံ)ကျေးရွာ၌ အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေ ကိုးလက်မရှိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၄ သန်းဖြင့် ရွှေကန်ညီအကိုကုမ္ပဏီက ယခုနှစ် ဇွန်လ ၃၀ ရက်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ဇင်မာ



## ပန်းတနော်မြို့နယ် ကျွန်းတောစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ပန်းတနော် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ကျွန်းတောစုကျေးရွာ၌ ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ရပိုင်ခွင့်နှင့် တာဝန်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျွန်းတောစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၉၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၉ ဦးကို ငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ငြိမ်းသူ(စလင်း)

# အမေရိကန်-မွန်ဂိုလီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအလားအလာ

သမ္မတဒေါ်နယ်ထရန့်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အိမ်ဖြူတော်၌ ဒုတိယအကြိမ်မြောက် သမ္မတသက်တမ်းကို စတင်ထမ်းဆောင်နေပြီဖြစ်သည်။ တာဝန်ထမ်းဆောင်ဆဲ သမ္မတတစ်ဦးအနေဖြင့် မွန်ဂိုလီးယားနိုင်ငံအပေါ် အထူးသဖြင့် အာရှ-ပစိဖိတ်ဒေသအပေါ်ထားရှိသွားမည့် ထရန့်၏မူဝါဒများသည် စီးပွားရေးဆိုင်ရာချိတ်ဆက်မှုများနှင့် ပုဂ္ဂုလ်ရေးအရ ချစ်ကြည်ရင်းနှီးမှုများအပေါ်တွင် အရင်းခံနေမည်ဖြစ်သည်။ သမ္မတဟောင်း ဂျိုးဘိုင်ဒင်လက်ထက်တွင် မွန်ဂိုလီးယား-အမေရိကန်ဆက်ဆံရေးကိုတိုးချဲ့ဆောင်ရွက်ခဲ့သော်လည်း မွန်ဂိုလီးယားဈေးကွက်အတွင်း အမေရိကန်စီးပွားရေးလုပ်ငန်းများဝင်ရောက်ရန် အခွင့်အလမ်းများစွာရှိနေဆဲပင်ဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် ဂျိုးဘိုင်ဒင်သမ္မတတာဝန်စတင်ထမ်းဆောင်စဉ်က မွန်ဂိုလီးယားနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုအခင်းအကျင်းသည် ပြည်ပစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ ရောထွေးလျက်ရှိသည်။ အမေရိကန် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် မွန်ဂိုလီးယားနိုင်ငံကို အကျိုးဖြစ်ထွန်းနိုင်သောနေရာတစ်ခုအဖြစ် ရှုမြင်ထားရှိသော်လည်း အဓိကကျသော အတားအဆီးတချို့တည်ရှိလျက်ရှိသည်။ မွန်ဂိုလီးယားနိုင်ငံတွင် အမေရိကန်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရာတွင် မွန်ဂိုလီးယားနိုင်ငံရှိ အမေရိကန်ကုန်သည်ကြီးများအသင်း(AmCham)သည် မွန်ဂိုလီးယားနိုင်ငံကို ရင်းနှီးမြှုပ်နှံမှုနေရာတစ်ခုအဖြစ် တစ်စိုက်မတ်မတ်ရပ်တည်ပြောဆိုလျက်ရှိသောကြောင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေမည့် အလားအလာကို မီးမောင်းထိုးပြသလျက်ရှိသည်။

ဘိုင်ဒင်အစိုးရလက်ထက်တွင် မွန်ဂိုလီးယားနှင့် အမေရိကန်တို့သည် အူလန်ဘာတာနှင့်ဝါရှင်တန်တို့ကြား စီးပွားရေးယန္တရားများဆက်လက်တောင့်တင်းခိုင်မာအောင်လုပ်ဆောင်ခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးသည် အရေးပါသောလုပ်ငန်းတစ်ခုဖြစ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုစိန်ခေါ်မှုများကိုတုံ့ပြန်ရာတွင် AmCham သည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး အမေရိကန်စီးပွားရေးအကျိုးစီးပွားများကို အထောက်အကူပြုစေမည့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ရန် မူဝါဒချမှတ်သူများနှင့်အနီးကပ် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

၂၀၁၄ ခုနှစ်မှစ၍ AmChamသည် မွန်ဂိုလီးယားနိုင်ငံမှ စီးပွားရေးလုပ်ငန်းဦးဆောင်သူများကို ဝါရှင်တန်ဒီစီတွင် မူဝါဒချမှတ်သူအဆင့်မြင့်ပုဂ္ဂိုလ်များနှင့် ထိတွေ့ဆက်ဆံနိုင်ရေးတိုက်တွန်းနိုင်ရန် အမေရိကန်ကုန်သွယ်မှုတံခါးဖွင့်မစ်ရှစ် (Trade Door-knock Mission) ကို လက်ခံကျင်းပလျက်ရှိသည်။ အဆိုပါမူဝါဒဆွေးနွေးမှုများသည် ရင်းနှီးမြှုပ်နှံမှုတွင် ပုဂ္ဂလိကကဏ္ဍများ အားပေးရန်နှင့် လွတ်လပ်သောဈေးကွက်စီးပွားရေးတို့အတွက် မွန်ဂိုလီးယား-အမေရိကန် ပူးတွဲအားပေးမှုကိုအထောက်အကူပြုစေလျက်ရှိသည်။ AmCham သည် တံခါးဖွင့်မစ်ရှင်မှတစ်ဆင့် အမေရိကန်ဖွံ့ဖြိုးတိုးတက်မှုဘဏ္ဍာရေးကော်မရှင်(DFC)နှင့် ပို့ကုန်-သွင်းကုန်ဘဏ်ကဲ့သို့သောဘဏ္ဍာရေးဆိုင်ရာအင်စတီကျူးရှင်းများနှင့် အဆင်ပြေအောင် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းမှုများသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ အမေရိကန်ဘဏ္ဍာရေးလုပ်ငန်းများ၊ အမျိုးသမီးဦးစီးသောစွန့်ဦးတီထွင်စီးပွားရေးစီမံကိန်းများ၊ ဘဏ္ဍာရေးဆိုင်ရာနည်းပညာ၊ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် တယ်လီဆက်သွယ်မှုများကို တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်စေသည်။

ထို့ပြင် ၂၀၂၃ ခုနှစ်တွင် AmChamသည် ရင်းနှီးမြှုပ်နှံမှုဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ သဘောထားသတ်မှတ်ချက် အသေးစိတ်အချက် ၈၀ ကိုတင်ပြခဲ့ပြီး လက်ရှိအချိန်တွင် ဥပဒေကြောင်းဆိုင်ရာပြီးပြည့်စုံသောပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်နိုင်ရန် ဒုတိယဝန်ကြီးချုပ်ရုံးနှင့်ပူးပေါင်းဆောင်ရွက်မည့် အထူးလုပ်ငန်းအဖွဲ့ခွဲကို ဦးဆောင်လျက်ရှိသည်။ ထို့ပြင် အဓိကကျသောအခြားလုပ်ငန်းစဉ်များတွင် FDI တရားဥပဒေမူဘောင် ခိုင်မာအားကောင်းရေး အစိုးရနှင့်ဆွေးနွေးညှိနှိုင်းခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ လူထုလှုပ်ရှားမှုလုပ်ဆောင်ခြင်းနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိသည်။



မဟာဗျူဟာမြောက်မိတ်ဖက်များဖြစ်သောမွန်ဂိုလီးယားနှင့် အမေရိကန်တို့သည် ထောင်စုနှစ်စိန်ခေါ်မှုကော်ပိုရေးရှင်း(MCC)ကဲ့သို့သော အဓိကစီမံကိန်းကြီးများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ MCC ၏အမေရိကန်ဒေါ်လာ ၄၆၂ သန်း ကတိကဝတ်သည် မွန်ဂိုလီယားမြို့တော် အူလန်ဘာတာတွင် သောက်သုံးရေထောက်ပံ့မှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် ရည်မှန်းထားရှိသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၃၀၅ ဒသမ ၅ သန်းကို စီမံကိန်းများအတွက် အသုံးပြုထားပြီးဖြစ်သည်။ ပူးတွဲကြိုးပမ်းမှုတစ်ရပ်အနေဖြင့် မွန်ဂိုလီးယားအစိုးရသည် အဆိုပါရင်းနှီးမြှုပ်နှံမှုများကိုအထောက်အကူပြုစေရန် အမေရိကန်ဒေါ်လာ ၁၁၁ ဒသမ ၈ သန်းထိ ကတိကဝတ်ပြုထားသည်။

MCC ကဲ့သို့သော အဓိကရင်းနှီးမြှုပ်နှံမှုများနှင့် စီမံကိန်းများသည် မွန်ဂိုလီးယားနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများဖြေရှင်းရေးတွင် အမေရိကန်၏ ခိုင်မာသောသန္နိဋ္ဌာန်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ MCCသည်အရေးပါသောအခြေခံအဆောက်အအုံများကို တိုးတက်စေလျက်ရှိသည့်အပြင် ပိုမိုကျယ်ပြန့်သောအမေရိကန်-မွန်ဂိုလီးယား မိတ်ဖက်ဆက်ဆံရေးကိုလည်းတောင့်တင်းခိုင်မာစေလျက်ရှိသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် DFC သည် မွန်ဂိုလီးယားအပေါင်ခံဌာနကော်ပိုရေးရှင်း (MIK)သို့ အမေရိကန်ဒေါ်လာသန်း ၁၅၀ ထုတ်ချေးပေးရန် အတည်ပြုပေးခဲ့သည်။ ဝါရှင်တန်အခြေစိုက် မွန်ဂိုလီးယားသံရုံး၏အဆိုအရ အဆိုပါရင်းနှီးမြှုပ်နှံမှုသည် ချေးငွေရှာဖွေသူအမျိုးသမီးများနှင့် ဝင်ငွေနည်းမိသားစုများကို မွန်ဂိုလီးယားနိုင်ငံတွင် နေအိမ်ရရှိရေးရည်မှန်းချက်ဖြင့် ထောက်ပံ့ပေးသွားရန် ရည်မှန်းထားရှိသည်။

အဆိုပါ ဘဏ္ဍာရေးအထောက်အပံ့များအပြင် ဘိုင်ဒင်အစိုးရလက်ထက် မွန်ဂိုလီးယား-အမေရိကန် ဆက်ဆံရေး၏ အဓိကအောင်မြင်မှုတစ်ခုသည် လွတ်လပ်စွာလေကြောင်းပျံသန်းခွင့် ၂၀၂၃ ခုနှစ် သဘောတူညီချက်ဖြစ်ပြီး ၂၀၂၅ ခုနှစ် မေလမှစ၍ နှစ်နိုင်ငံကြား တိုက်ရိုက်လေကြောင်းပျံသန်းမှုများ စတင်တော့မည်ဖြစ်သည်။

ဘိုင်ဒင်အစိုးရလက်ထက်တွင် ထိုသို့အပြုသဘောဆောင်သော အလားအလာများရှိနေသော်လည်း မွန်ဂိုလီးယားနိုင်ငံသို့ အမေရိကန်စီးပွားရေးလုပ်ငန်းများ ဝင်ရောက်မှုသည် ထူးထူးခြားခြားမြင့်တက်လာခဲ့ခြင်းမရှိပေ။ အမှန်တော့ အမေရိကန်ကော်ပိုရေးရှင်းကြီးဖြစ်သည့် General Electric သည် အူလန်ဘာတာရှိ ၎င်း၏ရုံးကိုပိတ်ခဲ့သည်။ အမေရိကန်ရင်းနှီးမြှုပ်နှံသူများသည် ဗျူရိုကရေစီဆန်သောမကျွမ်းကျင်မှုများ၊ ကြိုတင်ခန့်မှန်းရခက်ခဲသော လုပ်ထုံးလုပ်နည်းဆိုင်ရာစိန်ခေါ်မှုများနှင့် သဘောထားကွဲလွဲဖွယ်ရာရှိသော ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များကို မွန်ဂိုလီးယားဈေးကွက်သို့ ဝင်ရောက်လုပ်ကိုင်ရေးအတွက် အဓိကစိန်ခေါ်မှုများအဖြစ် ထောက်ပြပြောဆိုလျက်ရှိသည်။ ထို့ပြင် မွန်ဂိုလီးယားနိုင်ငံ၏ အဂတိလိုက်စားမှုအညွှန်းကိန်းသည် လွန်ခဲ့သောနှစ်နှစ်အတွင်း တိုးတက်ခဲ့ခြင်းမရှိပေ။

AmCham က ဖော်ပြခဲ့သည့်အဓိကအခက်အခဲမှာ မွန်ဂိုလီးယား၏ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်စီးပွားရေးလုပ်ငန်းများကို အတားအဆီးဖြစ်နေခြင်းပင်ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပူးတွဲရင်းနှီးမြှုပ်နှံမှုများထူထောင်ရန် အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ရင်းနှီးမြှုပ်နှံသွားရမည်ဖြစ်သော်လည်း မွန်ဂိုလီးယားစီးပွားရေးလုပ်ငန်းရှင်များကိုမူ အလားတူကန့်သတ်ချက်များထားရှိခဲ့ခြင်းမရှိပေ။ ထို့ပြင် မွန်ဂိုလီးယားနိုင်ငံသားများသာလျှင် မြေယာပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် သက်တမ်းတိုးရန်အခွင့်အလမ်းများမရှိပေ။

စီးပွားရေးလုပ်ငန်းမှတ်ပုံတင်ခြင်းကို သီအိုရီပိုင်းအရ ကန့်သတ်ထားသော်လည်း အမေရိကန်ကုမ္ပဏီများအပါအဝင် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်မှတ်ပုံတင်ရုံးသို့ အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်ခွင့်ပြုထားသည်။ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များက စီးပွားရေးလုပ်ငန်းစဉ်သည် ဗျူရိုကရေစီဆန်သော မကျွမ်းကျင်မှုများကြောင့် စိန်ခေါ်မှုများ ဖြစ်ပေါ်စေလျက်ရှိသည့်အပြင် စာရွက်စာတမ်းများ လုပ်ဆောင်ရသည့်လုပ်ငန်းစဉ်များမှာလည်း သတင်းပတ်များစွာနှင့်လပေါင်းများစွာကြာမြင့်စေမည်ဟု ယုံကြည်ထားရှိသည်။

မွန်ဂိုလီးယားနိုင်ငံ၌ စီးပွားရေးလုပ်ငန်းပိတ်သိမ်းခြင်းသည်ပင်လျှင် စိန်ခေါ်မှုရှိနေပြီးအုပ်ချုပ်မှုနှင့် တရားစီရင်ရေးအတားအဆီးများကို ဖြတ်သန်းရေးအတွက် ၁၈ လမှ ၂၄ လခန့် အချိန်ယူရလေ့ရှိသည်။ ပြည်နယ်အဆင့်နှင့် မြူနီစီပယ်အဆင့်များ၌ ရှေ့နောက်မညီညွတ်သော လုပ်ထုံးလုပ်နည်းများ၊ စစ်ဆေးသူများကြား ကျွမ်းကျင်မှုကင်းမဲ့နေခြင်းတို့သည် လုပ်ငန်းလည်ပတ်ရန် ပိုမိုရှုပ်ထွေးလျက်ရှိသည်။

မွန်ဂိုလီးယားနိုင်ငံ၏ မဟာဗျူဟာမြောက်တည်နေရာနှင့် ကြွယ်ဝသောသဘာဝအရင်းအမြစ်များသည် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးအခွင့်အလမ်းများကိုကမ်းလှမ်းလျက်ရှိသလို အစိုးရမှတိုးမြှင့်လုပ်ဆောင်သွားရန်လိုအပ်သည့် ပြည်တွင်းပြဿနာများလည်းရှိနေသည်။ ကြိုတင်ခန့်မှန်းရခက်ခဲသည့် လုပ်ထုံးလုပ်နည်းများ၊ အဂတိလိုက်စားမှုများ၊ ဗျူရိုကရေစီစနစ်နှင့် တရားစီရင်ရေးဆိုင်ရာအားနည်းမှုများသည် သိသာထင်ရှားသောအခက်အခဲများအဖြစ် ဆက်လက်တည်ရှိလျက်ရှိသည်။ အဆိုပါအခက်အခဲများကိုပွင့်လင်းမြင်သာမှု၊ ထိရောက်သွက်လက်သောလုပ်ငန်းစဉ်များနှင့် ရှေ့နောက်ညီညွတ်သောလုပ်ထုံးလုပ်နည်းများမှတစ်ဆင့် တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် မွန်ဂိုလီးယားနိုင်ငံ၏သမားရိုးကျနှင့် ထပ်မံပေါ်ထွက်လာသောကဏ္ဍများသည် ရင်းနှီးမြှုပ်နှံသူနှင့် စီးပွားရေးအခွင့်အလမ်းများမှ အကျိုးကျေးဇူးများရရှိစေမည်ဖြစ်သည်။

ဒေါ်နယ်ထရန့်အစိုးရသည် မွန်ဂိုလီးယားနိုင်ငံနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်သွားနိုင်မည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် မွန်ဂိုလီးယားနှင့် အမေရိကန်၏ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးလက်မှတ်ရေးထိုးခဲ့သောသမ္မတသည် နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုခိုင်မာအားကောင်းရေးတို့တွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

မွန်ဂိုလီးယားနိုင်ငံသည် ပြည်ပပို့ကုန်နှင့်ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ရန် ကြိုးပမ်းလျက်ရှိသောကြောင့် အသင့်စားထုတ်ကုန်လုပ်ငန်းများ၊ ကုန်စုံဆိုင်များ၊ အော်ဂင်းနစ်ထုတ်ကုန်များနှင့် ဇိမ်ခံကုန်ပစ္စည်းများကဲ့သို့သော ထပ်မံပေါ်ထွက်လာသောကဏ္ဍများသည် အမေရိကန်စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမှ အကျိုးကျေးဇူးများဖြစ်ထွန်းနိုင်ပေသည်။

ဘိုင်ဒင်အစိုးရလက်ထက်တွင် မွန်ဂိုလီးယား-အမေရိကန် စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးသည် အရေးပါသောတိုးတက်မှုများရှိခဲ့သော်လည်း မွန်ဂိုလီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စိန်ခေါ်မှုများလည်းရှိခဲ့သည်။ AmCham သည် မွန်ဂိုလီးယားနိုင်ငံတွင် အမေရိကန်တိုးတက်ရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများနှင့်အညီ ကနဦးခြေလှမ်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည်။ ဆိုရလျှင် အိမ်ဖြူတော်သို့ ဒေါ်နယ်ထရန့်ပြန်လည်ရောက်ရှိလာမှုနှင့်အတူ အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလုပ်ငန်းပြုပြင်ပြောင်းလဲမှုများနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ အားပေးသွားရေးသည် များစွာအရေးပါလျက်ရှိပေသည်။

**ကိုးကား**

**- Fostering Stronger Business Ties Between Mongolia and the United States By The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# တနင်္ဂနွေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက ဟော်ဖန်ဟိမ်းအသင်း၊ စပါးအသင်း၊ အေစီမီလန်အသင်းတို့ကို အားပေးရမှာပါ




လက်ရှိဘောလုံးရာသီဝက်ကျော်ကာလမှာ ဥရောပအမှတ်ပေးပြိုင်ပွဲတွေအပြင် ချန်ပီယံလိဂ်ပြိုင်ပွဲ၊ ယူရိုပါလိဂ်ပြိုင်ပွဲ၊ ကွန်ဖရန့်လိဂ်ပြိုင်ပွဲတွေအပြင် ပြည်တွင်းဖလားပြိုင်ပွဲတွေ ဆက်တိုက်ယှဉ်ပြိုင်ကစားနေကြရပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ညအမှတ်ပေးပွဲစဉ်တွေမှာ စပိန်လာလီဂါက အေတီကိုအသင်းမထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့သလို ဘာစီလိုနာအသင်းကလဲ သရေရလဒ်သာရရှိခဲ့ပါတယ်။ ဒ့ါကြောင့် လက်စ်ပါးမက်အသင်းကို လေးဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တဲ့ ရီးရဲလ်မက်ဒရစ်အသင်းက အမှတ်ပေးဇယားထိပ်ဆုံးကို ပြန်လည်ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ပြင်သစ်လီဂူးပွဲစဉ်မှာတော့ အမှတ်ပေးဇယားအဆင့်(၁)နေရာမှာ ရမှတ် ၄၆ မှတ်နဲ့ ရပ်တည်နေတဲ့ ပီအက်စ်ဂျီအသင်းအနေနဲ့ နိုင်ပွဲရခဲ့ပေမဲ့ အဆင့်(၂)နေရာက မာဆေးအသင်းက နိုင်ပွဲပျောက်ဆုံးခဲ့တာကြောင့် သူတို့နှစ်သင်းရဲ့ ရမှတ်ကွာဟချက်က ကိုးမှတ်ထိရှိလာတာကို တွေ့ရပါတယ်။ အီတလီစီးရီးအေ ပြိုင်ပွဲမှာဆိုရင်လဲ အဆင့်(၁)နေရာမှာ နာပိုလီ၊ အဆင့်(၂)နေရာမှာ အင်တာမီလန်၊ အဆင့်(၃)နေရာမှာ အတ္တလန္တာ၊ အဆင့်(၄)နေရာမှာ လာဇီယိုအသင်းတို့ အသီးသီးရပ်တည်နေကြပြီး ရမှတ်ကွာဟမှုကျဉ်းမြောင်းနေကြပါတယ်။ ဒ့ါပြင် အမှတ်ပေးပြိုင်ပွဲတွေက ထိပ်သီးအသင်းတွေအနေနဲ့ ကြားရက်မှာ ဥရောပပြိုင်ပွဲတွေကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရတာကြောင့် ဆက်တိုက်ဖြစ်လာမဲ့ အမှတ်ပေးပြိုင်ပွဲတွေအနေနဲ့လဲ ပြိုင်ဆိုင်မှုပြင်းထန်လာပြီး ပရိသတ်စိတ်ဝင်စားမှုမြင့်မားလာအုံးမှာပဲဖြစ်ပါတယ်။ ဒ့ါကြောင့် အဲဒီထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်အချို့ကို ထပ်မံရွေးချယ်ပေးလိုက်ရပါတယ်။

### ဟော်ဖန်ဟိမ်းအသင်း ရလဒ်ကောင်းမှာပါ

ဒီတစ်ပတ်တနင်္ဂနွေညရဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၉)အဖြစ် ယှဉ်ပြိုင်ကစားမဲ့ ဟော်ဖန်ဟိမ်းအသင်းနဲ့ ဖရန့်ဖတ်အသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အမှတ်ပေးဇယားအဆင့်(၁၅)နေရာမှာ ရပ်တည်နေတဲ့ ဟော်ဖန်ဟိမ်းအသင်းဟာ ရမှတ် ၁၇ မှတ်သာရရှိပြီး တန်းဆင်းဇုန်အဆင့်(၁၆) နေရာက ဟိုက်ဒမ်ဟိမ်းအသင်းနဲ့ သုံးမှတ်သာကွာဟနေပါတယ်။ သူတို့အသင်းဟာ ဒီရာသီမှာ လေးပွဲနိုင်၊ ငါးပွဲသရေ၊ ကိုးပွဲရှုံးရလဒ်သာရရှိထားပြီး ခြေစွမ်းပိုင်းကလဲ ဆိုးရွားနေတယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဒ့ါကြောင့် သူတို့အသင်းအနေနဲ့ ဒီရာသီမှာ တန်းဆင်းဇုန်က ဆက်လက်လွတ်မြောက်ဖို့ ကြိုးစားနေသလို ပြီးခဲ့တဲ့ပွဲစဉ်မှာ ဟိုစတိန်းအသင်းကို သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒ့ါပြင် ဟော်ဖန်ဟိမ်းအသင်းဟာ ပြီးခဲ့တဲ့ ကြားရက်မှာ ယူရိုပါလိဂ်ပွဲစဉ်ကစားထားရပြီး သုံးဂိုးနှစ်ဂိုးနဲ့ ရှုံးနိမ့်ထားတာကြောင့် နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်နည်းပါးနေရပြီဖြစ်တာကြောင့် အခုအမှတ်ပေးပွဲစဉ်ကို အာရုံစိုက်လာနိုင်ပါတယ်။

အမှတ်ပေးဇယားအဆင့်(၃)နေရာက ဖရန့်ဖတ်အသင်းကတော့ ဘွန်ဒက်စ်လီဂါချန်ပီယံဖြစ်ဖို့ အဆင့်(၁)နေရာက ဘိုင်ယန်မြူးနစ်၊ အဆင့်(၁)နေရာက လေဗာကူဆင်အသင်းတို့နဲ့ ရမှတ်ကွာမှုကြီးမားနေပြီး လာမဲ့ဘောလုံးရာသီဥရောပဝင်ခွင့်အတွက် စတုဂတ်၊ လိုက်ပ်ဇစ်အသင်းတို့နဲ့အပြိုင်ဖြစ်နေပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ကြားရက်ပွဲစဉ် ယူရိုပါလိဂ်ပြိုင်ပွဲမှာ ဟန်ဂေရီကလပ်ဖီရန်ဗားရို့စ်အသင်းကို အနိုင်ရရှိထားပြီး နောက်တစ်ဆင့်ကို တက်ရောက်သွားနိုင်ခဲ့ပါတယ်။ ဒ့ါကြောင့် သူတို့အသင်းအတွက် ရှေ့လာမဲ့ပွဲစဉ်တချို့မှာ ဖိအားအနည်းငယ်ကင်းမဲ့နေတာကို တွေ့ရပါတယ်။ ဖရန့်ဖတ်အသင်းအနေနဲ့ ပြိုင်ပွဲစုံနောက်ဆုံး လေးပွဲဆက်အနိုင်ရထားတယ်ဆိုပေမဲ့ အဲဒီလေးပွဲထဲမှာ အဝေးကွင်းပွဲစဉ်က တစ်ပွဲသာယှဉ်ပြိုင်ကစားရတာဖြစ်ပါတယ်။ ဒ့ါပြင် သူတို့အသင်းဟာ အခုပွဲစဉ်မှာ အမှတ်လိုအပ်ချက်ကြောင့် ရုန်းကန်ကစားလာမဲ့ ဟော်ဖန်ဟိမ်းအသင်းကို အသာစီးရယူကစားနိုင်စွမ်းရှိပ့ါမလားဆိုတာ သတိထားစောင့်ကြည့်ရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ ဟော်ဖန်ဟိမ်းအသင်း ရလဒ်ကောင်းသွားမှာပါ။

**ဟော်ဖန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၁ | - ၂ | ဂလာဘတ် |
| ဟော်ဖန်ဟိမ်း | ၀ | - ၁ | ဝုဖ်ဘတ် |
| ဘိုင်ယန်မြူးနစ် | ၅ | - ၀ | ဟော်ဖန်ဟိမ်း |
| ဟိုစတိန်း | ၁ | - ၃ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၂ | - ၃ | စပါး |

**ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဖရန့်ဖတ် | ၁ | - ၃ | မိန့်ဇ် |
| စိန့်ပေါ်လီ | ၀ | - ၁ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၄ | - ၁ | ဖရိုင်းဘတ် |
| ဖရန့်ဖတ် | ၂ | - ၀ | ဒေါ့မွန် |
| ဖရန့်ဖတ် | ၂ | - ၀ | ဖီရန်ဗားရို့စ် |

### စပါးအသင်းကို အားပေးရမှာပါ

နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ပရီးမီးယားလိဂ်ပွဲ(၂၃)အဖြစ် ယှဉ်ပြိုင်ကစားကြမဲ့ စပါးနဲ့ လက်စတာအသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စပါးအသင်းဟာ လက်ရှိဘောလုံးရာသီမှာ ရလဒ်ပိုင်းတောက်လျှောက်ဆိုးရွားနေပြီး အမှတ်ပေးဇယားအဆင့်(၁၅)နေရာမှာ ရပ်တည်နေသလို ပရီးမီးယားလိဂ်နောက်ဆုံးခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဒ့ါပြင် သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီမှာ ခုနစ်ပွဲသာအနိုင်ရရှိထားပြီး သုံးပွဲသရေ ၁၂ပွဲထိရှုံးနိမ့်ထားလို့ အသင်းနည်းပြ ပိုစတီကော်လူအတွက်လဲ ထုတ်ပယ်ခံရဖို့ ဖိအားရှိနေတာကို တွေ့ရပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ဆက်တိုက်ရလဒ်တွေ ဆိုးရွားလာခဲ့ပြီး နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ ပရီးမီးယားလိဂ်နောက်ဆုံး ခြောက်ပွဲမှာဆိုရင် ငါးပွဲထိရှုံးနိမ့်ထားပြီး တစ်ပွဲသာသရေကျခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ ပြီးခဲ့တဲ့ကြားရက်ပွဲစဉ်ဖြစ်တဲ့ ယူရိုပါလိဂ်ပြိုင်ပွဲမှာ အနိုင်ရရှိထားပြီး ၁၆ သင်းအဆင့်ကို တက်ရောက်နိုင်ဖို့ အခွင့်အလမ်းများနေတာကြောင့် အခုပွဲစဉ်ကို ပြန်လည်အာရုံစိုက်လာနိုင်မှာကို သတိပြုရမှာပါ။ ဒ့ါပြင် စပါးအသင်းဟာ အဲဒီယူရိုပါလိဂ်ပြိုင်ပွဲမှာ နိုင်ပွဲပြန်လည်ရရှိခဲ့တာကြောင့်လဲ ဆွန်ဟောင်မင်၊ မက်ဒီဆန်တို့လို အဓိကကစားသမားတွေ စိတ်ဓာတ်ပိုင်းနဲ့ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာနိုင်တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ လက်စတာအသင်းကို ကောင်းဆုံးဖိအားပေးကစားလာနိုင်ပါတယ်။

နည်းပြနစ္စတယ်ရှိုင်းလက်ထက်မှာ ရလဒ်ပိုင်းဆိုးရွားနေဆဲဖြစ်တဲ့ လက်စတာအသင်းကတော့ ပရီးမီးယားလိဂ်နောက်ဆုံးရှစ်ပွဲမှာ တစ်ပွဲသာသရေကျထားပြီး ခုနစ်ပွဲထိရှုံးနိမ့်ထားတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ အခုဆိုရင် အမှတ်ပေးဇယားအဆင့်(၁၉)နေရာမှာ ရမှတ် ၁၄ မှတ်နဲ့ ရပ်တည်နေတာကြောင့် လာမဲ့ဘောလုံးရာသီမှာ တန်းဆင်းဖို့ ဒုတိယရေပန်းအစားဆုံးအသင်းဖြစ်နေတာပါ။ လက်စတာအသင်းအနေနဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၂၂)အပြီးမှာ သုံးပွဲနိုင် ငါးပွဲသရေနဲ့ ၁၄ ပွဲထိရှုံးနိမ့်ထားသလို လက်ရှိဘောလုံးရာသီ အဝေးကွင်းပွဲစဉ်မှာလည်း နိုင်ပွဲတစ်ပွဲသာရရှိထားပြီး ခုနစ်ပွဲထိရှုံးနိမ့်ထားတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိမှာ ကစားသမားခြေစွမ်း၊ အသင်းလိုက်စွမ်းဆောင်ရည်တွေကျဆင်းနေတာဖြစ်လို့ နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ စပါးအသင်းနဲ့ အခုလိုအဝေးကွင်းပွဲစဉ်မှာလည်း ရလဒ်ကောင်းဖို့က ခက်ခဲနေအုံးမှာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းအသာရနေတဲ့ စပါးအသင်းကိုပဲ အားပေးရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| စပါး | ၁ | - ၀ | လီဗာပူး |
| တဲမောက် | ၀ | - ၃ | စပါး |
| အာဆင်နယ် | ၂ | - ၁ | စပါး |
| အဲဗာတန် | ၃ | - ၂ | စပါး |
| ဟော်ဖန်ဟိမ်း | ၂ | - ၃ | စပါး |

**လက်စတာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| လက်စတာ | ၀ | - ၂ | မန်စီးတီး |
| အေဗီလာ | ၂ | - ၁ | လက်စတာ |
| လက်စတာ | ၆ | - ၂ | ကျူပီအာ |
| လက်စတာ | ၀ | - ၂ | ပဲလေ့စ် |
| လက်စတာ | ၀ | - ၂ | ဖူလ်ဟမ် |

### အေစီမီလန်အသင်းကို ရွေးချယ်ရမှာပါ

ဒီတစ်ပတ်အမှတ်ပေးပွဲစဉ်တွေထဲက နောက်ထပ်ရွေးချယ်ပေးချင်တဲ့ပွဲစဉ်ကတော့ အီတလီစီးရီးအေပြိုင်ပွဲထဲက အေစီမီလန်အသင်းနဲ့ ပါးမားအသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ စီးရီးအေပွဲစဉ် (၂၂) အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပထမအကျော့ပွဲစဉ်မှာဆိုရင် ပါးမားအသင်းက နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ လက်ရှိမှာ အေစီမီလန်အသင်းက ရှစ်ပွဲနိုင် ခုနစ်ပွဲသရေ ငါးပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၁ မှတ်ရရှိထားကာ အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအတွက် လာမဲ့နှစ်ဥရောပပြိုင်ပွဲဝင်ခွင့်ရဖို့အတွက် အဆင့်(၇)နေရာက ဘိုလော့ဂ်နာ၊ အဆင့်(၆)နေရာက ဖီအိုရင်တီးနား အသင်းတို့နဲ့ ရမှတ်ကွာဟမှုနှစ်မှတ်သာရှိနေတာကြောင့် လာမဲ့ပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့ အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပါတယ်။ ဒ့ါပြင် အေစီမီလန်အသင်းဟာ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ စပိန်လာလီဂါကလပ် ဂျီရိုနာအသင်းကို အနိုင်ရရှိထားပြီး နောက်တစ်ဆင့်တက်ဖို့ သေချာသလောက်ဖြစ်နေပါတယ်။ နောက်ပိုင်းပွဲစဉ်တွေမှာ သူတို့အသင်းရဲ့လက်ရှိပုံစံက အကောင်းဆုံးပုံစံမှာရှိနေပြီး မိုရာတာ၊ လီအိုတို့လို အဓိကကစားသမားတွေကလဲ ခြေစွမ်းပိုင်းထက်မြက်နေတာကြောင့် အခုလို ရလဒ်ကောင်းတွေပြန်လည်ရရှိနေတာဖြစ်ပါတယ်။

စီးရီးအေနောက်ဆုံးသုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ပါမားအသင်းကတော့ အမှတ်ပေးဇယားအဆင့်(၁၆)နေရာမှာ ရပ်တည်နေပြီး သူတို့အသင်းအနေနဲ့ တန်းဆင်းဇုန်က ဗီရိုနာအသင်းနဲ့လဲ တစ်မှတ်သာကွာဟနေပါတယ်။ ပြီးခဲ့တဲ့အဝေးပွဲစဉ်တွေမှာ အင်တာမီလန်အသင်းကို သုံးဂိုးတစ်ဂိုး၊ ရိုးမားအသင်းကို ငါးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အခုအေစီမီလန်အသင်းနဲ့ပွဲစဉ်မှာလဲ ခံစစ်ပိုင်းက ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲနေအုံးမှာဖြစ်တာကြောင့် အေစီမီလန်အသင်းကို ရွေးချယ်ရမှာပါ။

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| အင်တာမီလန် | ၂ | - ၃ | အေစီမီလန် |
| အေစီမီလန် | ၁ | - ၁ | ကယ်ဂလီယာရီ |
| ကိုမို | ၁ | - ၂ | အေစီမီလန် |
| ဂျူဗင်တပ် | ၂ | - ၀ | အေစီမီလန် |
| အေစီမီလန် | ၁ | - ၀ | ဂီရိုနာ |

**ပါးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| ရိုးမား | ၅ | - ၀ | ပါးမား |
| ပါးမား | ၂ | - ၁ | မွန်ဇာ |
| တိုရီနို | ၀ | - ၀ | ပါးမား |
| ဂျီနိုအာ | ၁ | - ၀ | ပါးမား |
| ပါးမား | ၁ | - ၁ | ဗီနီဇီးယား |

# ကသာမြို့နယ်တွင် ဆောင်းသီးနှံဟင်းသီးဟင်းရွက် ၃၈၁၅ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကသာ ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၈၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၂၂၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၈၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၃၂၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ခရမ်းချဉ်၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာပေးနေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီးလူမှုစီးပွားများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ရာ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကြာအင်းဆိပ်ကြီးမြို့နယ် ဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြာအင်းဆိပ်ကြီးမြို့နယ် ဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစောဘကြည်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစောဘကြည်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခု အရင်း၊ အတိုးငွေ စုစုပေါင်း ၄၇ ဒသမ ၃၀၄၆ သန်းရရှိနေပြီး သတ္တမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၀၁၁ သန်းထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**






သဘာဝအစစ်ရဲ့ အရသာထူး စိတ်ရွှင်ကြည်နူး ....

ရွှေဖီဦး

ရွှေဖီဦး BLACK TEA (ရေနွေးကြမ်း)ကို Export Quality စားသောက်ဖွယ်ရာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိသည့် ရွှေဖီဦး

Black Tea



Tea Mix

Lemon Tea



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဆု-ကိုယ်ပိုင်ကျောင်း၊ Grade-10 မှ မောင်ဟိန်းထက်နိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးစန်းဝင်းအောင်ဖြစ်ပါကြောင်း။ **ဦးစန်းဝင်းအောင်(၉/မရတ(နိုင်)၀၈၆၃၈၁)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ နဂါးရပ်ကွက်နေ ဦးအိုက်တီ၏သား နေသူရိန်ဝင်း (ခ) သူရိန်ဝင်း (၁၃/လရန(နိုင်)၁၆၆၄၁၀)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

နေသူရိန်ဝင်း (ခ) သူရိန်ဝင်း

## မိဘအမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(ခွဲ) အ.လ.က(၁)ကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း Grade-2 ၌ ပညာသင်ကြားနေသည့် မောင်ဟိန်းတေဇာထွန်း၏ ဖခင်နှင့်မိခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်လင်းအောင်နှင့် ဒေါ်အေးမွန်စိုးဖြစ်ပါကြောင်း။

**ဦးကျော်လင်းအောင်(၉/မနမ(နိုင်)၁၁၇၇၂၄)**
**ဒေါ်အေးမွန်စိုး(၉/မသန(နိုင်)၁၅၄၅၄၇)**

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အကွက်(၅၇၂)၊ အောင်နန်းရပ်သာအရှေ့နေ ကျော်ရိုန်ဦး (ဘ) ဦးတွမ်ရီလျှမ်(၉/မရမ(နိုင်)၀၀၅၅၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၈၇၉၄၁၇၈

### ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ကံကြီးကုန်းရွာနေ ဝါဝါဖြိုး (ဘ) ဦးသိန်းမြင့်ဌေး(၉/တသန(နိုင်)၁၈၅၄၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၁၆၅၀၂

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့နယ်၊ တကောင်းရပ်ကွက်၊ ရိုင်တန်းရပ်နေ ဦးလျှောင်ချုံဆိုင် (ခ) ဦးချုံ + ဒေါ်ခင်မလေးတို့၏သမီး မယမင်းသူ(၅/စကန(နိုင်)၁၇၈၂၉၁)သည် မိဘစကားနားမထောင်ဘဲ နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးလျှောင်ချုံဆိုင် (ခ) ဦးချုံ**

## ဝန်ထမ်းအလိုရှိသည်

- အထွေထွေ — အမျိုးသမီး (၄)ဦး — လစာ (၂၀၀၀၀၀)ကျပ်
- မီးဖိုချောင်အကူ — အမျိုးသား (၂)ဦး — လစာ (၂၂၀၀၀၀)ကျပ်
- စားပွဲထိုး — အမျိုးသား (၃)ဦး — လစာ (၂၀၀၀၀၀)ကျပ်

မှတ်ချက်။ စားရိတ်ငြိမ်း(ဆိုင်နေ၊ ဆိုင်စား)

မန္တလေးမြို့

၀၉-၉၆၉၂၅၂၄၁၄

၀၉-၇၉၄၁၈၃၈၃၃

## စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဗိုဝိတဒါနသံဃာ့ဆေးရုံ ခွဲစိတ်ကုသရေးအထူးအစီအစဉ်(၁/၂၀၂၅)

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဗိုဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ရန်ကုန်မြို့မှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဦးဝင်းမြင့်အဖွဲ့နှင့် ဆေးရုံဝန်ထမ်းများပူးပေါင်း၍ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ (၂၂)ရက်မှ (၂၄)ရက်အထိ အောက်ဖော်ပြပါရောဂါများကို စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးပါမည်။

၁။ သည်းခြေအိတ်ကျောက်တည်ခြင်းရောဂါ(Gall Stone)
(ဝမ်းဗိုက်တွင်း ခွဲစိတ်မှန်ပြောင်းစက် Laparoscope ဖြင့် ကုသပေးပါမည်။)
၂။ အူကျရောဂါ(Hernia)
၃။ လည်ပင်းကြီးရောဂါ(Goitre)
၄။ မုတ္တာရောဂါ(Hydrocele)
၅။ ဂရင်ဂျီနာ(F.I.A)
၆။ လိပ်ခေါင်းရောဂါ(Piles)

**ကြိုတင် စမ်းသပ်/စစ်ဆေးပေးမည့် အစီအစဉ်**

| | | |
|---|---|---|
| နေ့ရက် | - | (၂၅-၁-၂၀၂၅) မှ (၂၀-၂-၂၀၂၅)ရက်နေ့အထိ |
| အချိန် | - | နံနက် (၈) နာရီမှ (၁၂) နာရီ |
| | | နေ့လည် (၂) နာရီမှ ညနေ (၄) နာရီထိ |

ကုသမှုခံယူလိုသော လူနာများသည် ကြိုတင် စမ်းသပ်/စစ်ဆေးရန် လိုအပ်ပါသဖြင့် ဆေးရုံဝန်ထမ်းများမှ ကြိုတင် စမ်းသပ်/စစ်ဆေးပြီးမှသာ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများနှင့် ဆက်လက်ကုသနိုင်ရန် ရက်ချိန်းပေးပါမည်။

မိမိတို့၏ ဆေးမှတ်တမ်းများနှင့် ယခု သောက်နေသော ဆေးများရှိပါက ယူဆောင်လာခဲ့ပါ။

သွေးကျဲဆေးသောက်နေသော လူနာများကို (၇-၂-၂၀၂၅)ရက်နေ့အထိသာ ကြိုတင် စမ်းသပ်/စစ်ဆေးပေးပါမည်။

ကုသမှုအစီအစဉ်ကိုသိရှိလိုပါက ဆေးရုံဖုန်း ၀၉-၉၁၀၄၃၇၃၇၊ ၀၉-၄၅၀၂၀၀၇၃၇၊ ၀၉-၄၅၀၂၀၀၇၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးရုံကြီးကြပ်စောင့်ရှောက်ရေးအဖွဲ့

## သင့်သွေးဖြင့် အသက်ကယ်ပါ

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျှော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်သူလူထုခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် သာစည်-ရွှေညောင်ရထားလမ်းပိုင်းအတွင်း အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန်လူစီးရထားနှင့် အောင်ပန်း-ကလော၊ ကလော-မြင်းဒိုက် Tour Train(RGC)ရထားများ ပြန်လည်ပြေးဆွဲပေးမည်



ခွေးရုပ်-ဆင်တောင်ကြားတောင်ပြိုမြေများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၄

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာဂိစူပါတိုင်ဖွန်းမုန်တိုင်းသဘာဝဘေးဒဏ် ရေကြီးရေလျှံမှုကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ သာစည်-ရွှေညောင်-တောင်ကြီးလမ်းပိုင်းတို့ရှိ အချို့နေရာများတွင် ရထားလမ်းတာပေါင်များ၊ တံတားများပျက်စီးခြင်းနှင့် ကြုံတွေ့ခဲ့ရသော်လည်း မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းအလိုက် ပျက်စီးမှုများကို ဦးစားပေး၍ ပြုပြင်နိုင်ခဲ့သောကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၃ ရက်မှစ၍ ရန်ကုန်-မန္တလေး ရထားလမ်းတောက်လျှောက် ပြန်လည်ဖွင့်လှစ်ပြီး လူစီးရထားများနှင့် ကုန်ရထားများကို ပုံမှန်ခရီးစဉ်များအဖြစ် ပြန်လည်ပေးဆွဲပေးနိုင်ခဲ့သည်။

ထို့အတူ သာစည်-ရွှေညောင်လမ်းပိုင်းအတွင်းပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းအလိုက် ဦးစားပေးပြုပြင်နိုင်ခဲ့သဖြင့် ဇန်နဝါရီ ၂၈ ရက်တွင်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

**၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်**
**ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၅၀၀၀၀ ကျပ်။

ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ထူးခြားသည့် ညအပူချိန်များ**
(၂၄-၁-၂၀၂၅)

| | | | | | | | |
|---|---|---|---|---|---|---|---|
| နမ့်စန် | သုည | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၅ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | ပြင်ဦးလွင် | ၆ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | တီးတိန် | ၇ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | တောင်ကြီး | ၈ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၅ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနား | ၉ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

